
ဘာသာပြန် - ထွန်းလင်းအောင်
ငါ့မှာအပတ်တိုင်း
အလုပ်အသစ်ရှိတယ်
စာစဉ် - ၂၁

**ငါ့မှာ အပတ်တိုင်း အလုပ်အသစ်ရှိတယ်**

**ဘာသာပြန် - ထွန်းလင်းအောင်**

**အခန်း (၃၀၁)**

"အာ..."

"အဲ့သဘောမျိုး မဟုတ်ပါဘူးဟ..ငါက ဒီတိုင်း ကြည့်မကောင်းဘူးလို့ ထင်ရုံပါပဲဟ.."

"ပြီးတာပဲ...အဲ့လိုဆိုလည်း ငါ စကတ်အရှည်ပဲ ဝတ်ခဲ့လိုက်တော့မယ်..."

ထိုသို့ပြောပြီးနောက် ကျီချင်းရန် အခန်းထဲသို့ ပြန်ဝင်၍ ဒူးလောက်ထိ ဖုံးသော စကတ်ရှည် ကို ဝတ်ဆင်ခဲ့လေသည်။

"ခုကော ဘယ်လိုနေလဲ.."

"အင်း..မဆိုးဘူး..အရမ်းgood သွားပြီ..."

"ဟွန့်..နင်က ဝန်မခံချင်သေးဘူးပေါ့လေ.."ကျီချင်းရန် ပြောလိုက်ပြီး "ငါ့ပေါင်သားတွေကို သူများမြင်မှာ ကြောက်နေတာ မလား..."

"မင်းရဲ့ ခြေသလုံး တုတ်တုတ် ကြီးတွေကို ပြပြီး ဘာလုပ်မှာ..ငါက... ဒီတိုင်း မင်းရဲ့ အားနည်းချက်ကို ကာကွယ်ပေးချင် ရုံလေးပဲ.. "လင်းရီ လေးနက်စွာ ပြောလိုက်သည်။

"ငါက မဝဘူး..ပြီးတော့ ငါ့ရဲ့ ခြေထောက်တွေကလည်း မတုတ်ဘူး..."ကျီချင်းရန် ဆတ်ဆတ်ထိမခံ ဖြစ်သွားပြီး "နင်က တစ်ကိုယ်ကောင်းဆန်တဲ့သူကြီး.....ကိုယ်ပဲကြည့်ချင်ပြီးတော့ သူများကြည့်တာကျ မခံနိုင်ဘူးမလား..."

"မှားတယ်.."လင်းရီ သူမကို အမှန်ပြင်ပေးလိုက်ပြီး "ငါက ဒီတိုင်း အလှကို ခံစားရုံ သပ်သပ်ပဲ ..ဘာမှ မကောင်းတဲ့ အတွေးတွေ မရှိဘူး..."

ကျီချင်းရန်မှ သိသားပဲ ဟူသော အထာဖြင့် ပြုံးလိုက်ပြီး ကိုယ်ကို ကိုင်းညွတ်ကာ လင်းရီ၏ ပါးနှစ်ဖက်ကို ဆွဲညှစ်၍ "နင့် စိတ်ထဲမှာ မကောင်းတဲ့ အတွေးတွေ ရှိနေတယ်ဆိုတာ သိနေတယ်နော်..."

ထို့နောက် ပြန်မတ်လိုက်ပြီး "အပြင်ဘက်က ရာသီဥတု သိပ်မဆိုးဘူး..ငါတို့ တစ်ချက်လောက် သွားကြည့်ကြည့်ရအောင်.."

"အိုကေ..သွားစို့.."

လင်းရီ အောက်ထပ်သို့ ဆင်းလာခဲ့ပြီး ကောင်တာ၌ နောက်ထပ် ဒေါ်လာ နှစ်ထောင်ကို စရံချပေးခဲ့လိုက်သည်။ သူတို့ ဤနေရာ၌ မည်မျှ ကြာအောင် နေမလဲဆိုတာ မသိသောကြောင့် ပိုက်ဆံ အရင် ကြိုပေးထားလိုက်၏။

လင်းရီ ကောင်တာရှိ အမျိုးသမီးနှင့် စကားပြောနေသည်ကို မြင်တော့ ကျီချင်းရန် မနေနိုင်ပဲ စကားတစ်ခွန်းကို သွား၍ သတိရမိသည်။ "သင်က မိန်းကလေးနှင့် ပတ်သက်၍ စိတ်ပူနေပြီဆိုပါက သင် သူတို့ နှစ်ယောက်ကို ခွဲရပေမည်။ " ၎င်းကိုတွေးမိတော့ ကျီချင်းရန် ကူကယ်ရာမဲ့စွာဖြင့် ရယ်မောမိလိုက်၏။ လင်းရီမှာ အလုပ်

သဘောမျှသာ စကားပြောနေသောကြောင့် သူမဘက်မှလည်း ဒီတိုင်း လွှတ်ထားရန် ဆုံဖြတ်လိုက်လေသည်။

စရံချပေးပြီးနောက် နှစ်ယောက်သား ဟိုတယ်ထဲမှ ထွက်လာခဲ့ကာ လက်မှတ်ဝယ်၍ ပန်းခြံထဲသို့ ဝင်ရန် ပြင်ဆင်လိုက်၏။

သဘာဝအားဖြင့် ကျီချင်းရန်တွင် ပိုက်ဆံ မရှားသော်လည်း သူမ၏ အချိန်အများစုကို အလုပ်နှင့် လေ့လာမှုများပေါ်တွင်သာ အာရုံစိုက်ထားလေသည်။ ချိုင်းနားတွင် Disneyland ရှိသော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် တစ်ခါမျှ မရောက်ဖြစ်ခဲ့။

အလုပ်ကိစ္စနှင့် ဟိုဟိုဒီဒီသွားရင်း ထိုနေရာနှင့် လမ်းသင့်ပါက ဝင်ကြည့်ရုံသာ ဝင်ကြည့် လေသည်။

ထို့ကြောင့် သူမအတွက်တော့ ယခု ခရီးစဉ်မှာ ပထမဆုံးဖြစ်သည်က တစ်ကြောင်း၊ လင်းရီ နှင့် အတူလာရသည်ကတစ်ကြောင်း အစရှိသ ဖြင့် အကြောင်း အမျိုးမျိုးသောကြောင့် ထူးခြားနေတော့၏။

ပန်းခြံ အဝင်ဝတွင်တော့ လူများစွာမှာ လက်မှတ်ဝယ်ရန် တန်းစီနေကြပြီး တ-ရုတ် လူမျိုးအများအပြားလည်း သူတို့မိသားစုနှင့် အလည်လာကြသည်ကို မြင်နေရသည်။

"လူတွေ အတော်များတာပဲနော်.."ကျီချင်းရန် ခြေဖျားထောက်၍ ရှေ့သို့ လှမ်းမျှော်ကြည့်

ရင်း ပြောလိုက်၏။ "လူတွေ အများကြီး ရှိနေမှန်းသိရင် စောစောလာပါတယ်ဟယ်...,"

"ဒစ်စနီလန်လေ..ဒီတော့ လူများတာ မဆန်းပါဘူးဟ...."

လင်းရီမှ မထူးဆန်းဟန်ဖြင့် ပြောလိုက်သည်။

တစ်ခဏမျှ တန်းစီပြီးနောက် နှစ်ယောက်သား လက်မှတ်ဝယ်ပြီး ပန်းခြံထဲသို့ ဝင်လာခဲ့၏။

အော်လန်ဒိုရှိ ဒစ်စနီလန်မှာတော့ ကမ္ဘာပေါ် ရှိ အကြီးမားဆုံး ပန်းခြံကြီးများထဲမှ တစ်ခုပင်။

ဝင်ပြီးနောက် သူတို့ ပထမဆုံး သွားကြည့်သည့်နေရာကတော့ ဒစ်စနီ၏ တိရစ္ဆာန်လောကပင်။

"လင်းရီ ..ငါ ကျားဟိန်းသံ ကြားလိုက်သလိုပဲ ကော..."ကျီချင်းရန် လင်းရီလက်မောင်းကို ဆွဲခါရမ်းလိုက်ပြီး စိတ်လှုပ်ရှားနေသည့် ကလေးငယ်ကဲ့သို့ ပြောလိုက်သည်။

လင်းရီကလည်း သူမ၏ စိတ်လှုပ်ရှားနေသည့် မုဒ်လေးကို ဖျက်လိုဖျက်ဆီး မလုပ်ပဲ အသာပြုံးကာ "သွားကြည့်ကြတာပေါ့..."

"အဲ့ကို နောက်မှသွားမယ်.."ကျီချင်းရန် လင်းရီကို မနီးမဝေးရှိ ဆိုင်သေးသေးလေးထံသို့ ဆွဲခေါ်သွားလိုက်ပြီး "ဟိုရဲ့ ဆံညှပ်လေးတွေက လက်လက်လေးတွေနဲ့ ကြည့်လို့ အရမ်းလှတယ်နော်..."

"အင်း...လှပါတယ်.."

"ပြီးတော့...?"

အလှကြိုက်သည့် မိန်းကလေးတစ်ဦး ဖြစ်သည့် အ လျောက်ကျီချင်းရန်လည်း တစ်ခုလောက် လိုချင်သည်။ သို့သော်လည်း လင်းရီဘက်မှ အရင် ဝယ်ပေးရန် ကမ်းလှမ်းလာမည်ကို ပို၍ လိုချင်နေမိ၏။

"ကြည့်လို့ ကောင်းတယ်ဆိုမှတော့ ကြည့်ကောင်းတယ်ပဲ မှတ်ပေါ့ဟ..နောက်ပြီး ဘာရှိရဦးမှာ..."

"ငါ့ကို တစ်ခုလောက် ဝယ်ပေးလို့ မရဘူးလား..."

"နောက်မှ ဝယ်ပေးမယ်..."

"မရဘူး..."ကျီချင်းရန် သူမ မူနေပါက အလိုက်မသိသည့် သစ်သားတုံးကြီး လင်းရီမှာ သူမကို ဝယ်ပေးမည် မဟုတ်

သောကြောင့် "ငါ အဲ့ ဆံညှပ်လှလှလေးတွေ လိုချင်တယ်..ပြီးတော့ မစ်ကီ ပူဖောင်းလေး ကောပဲ .."

"ဘာလို့ မြင်သမျှ လိုချင်နေတာ...အဲ့လိုလုပ် နေရင် နောက်ဆို ဘယ်မှ မခေါ်သွားပေးတော့ ဘူးနော်..."

"ဟင့်အင်း..တစ်ခုရောက်ယို့..."ကျိချင်းရန် ခွဲ နွဲ့၍ ပြောလိုက်ပြီး "တစ်ခုတည်းလေ ဟာ..ဝယ်ပေးပါလို့နော်..."

"အဲ့တာကတော့ မင်းပေါ်မှာ မူတည်တယ် လေ.."လင်းရီ ပြောလိုက်ပြီး "ပြီးတော့ မနေ့ တုန်းကလည်း မင်းကို ဆံညှပ်တစ်ခု ဝယ်ပေး ပြီးသွားပြီး ..ခုလည်း နောက်တစ်ခု လိုချင်နေ

ပြန်ပြီ..မင်းမှာ ခေါင်းဘယ်နှစ်လုံးတောင် ရှိလို့လဲဟ..."

"ဟွန့် ပြီးတာပဲ..နောက်ကျလို့ မဝယ်ပေးကြည့် ငါနဲ့တွေ့မယ်.."

ကျီချင်းရန်၏ ကြွယ်ဝမှုနှင့် ဆိုပါက လိုချင်သမျှ အရာအားလုံးကို လွယ်လင့်တကူ ဝယ်ယူ၍ ရပေသည်။

သို့သော်လည်း လင်းရီ ဝယ်ပေးသည့် အရာကိုမှ ပိုပြီး တပ်မက်မိနေတော့၏။

"ကိုကို...နာလည်း အဲ့ဒီ ဆံညှပ်လှလှလေးတွေ လိုချင်ယို့..."

သူတို့နှင့် မနီးမဝေးကို လိုလီဝတ်စုံနှက်ကောင်မလေးမှ ပြောလိုက်၏။

"ဆံညှပ်လေးတစ်ခုကို ဒေါ်လာ ၄၀ တဲ့..စျေးကြီးလိုက်တာကွာ.. မတန်ပါဘူး.."သူမဘေးရှိကောင်လေးဖြစ်သူဟန်မှ ပြောလိုက်ပြီး ကျီချင်းရန်ကို ညွှန်ပြကာ "ဟိုနားက မိန်းကလေးကိုတွေ့လား..သူမက အရမ်းလှတာတောင်မှ သူ့ကောင်လေးရဲ့ စကားကို နားထောင်နေတုန်းပဲ...သူက မဝယ်ပေးဘူးဆို မယူဘူး...ဘေဘီက သူ့လောက်တောင် မလှတာ ဒီတော့ ကိုယ်ပြောတာကို နားထောင်နော်..."

"အမ်..အဲ့လိုဆို ကိုကိုသာ ဟို မမရဲ့ဘေးနားက ကိုကိုကြီးလောက် ချောရင် စကား နားထောင်ပေးမယ်လေ...ဒါပေမယ့် ချောမှ မချောတာကို.. "

ဖူး..(သွေးအန်သံ)

ဟိုကောင့်ရင်ထဲတွင်တော့ ဗုံးကွဲသလို ခံစားလိုက်ရသည်။

ကျီချင်းရန်ကတော့ မနေနိုင်ပဲ တခစ်ခစ်ရယ်မောနေမိတော့၏။

ထိုကောင်လေး၏ မျက်နှာကို ကြည့်ရသလောက်တော့ အတော်လေး အထိနာသွားဟန်ပင်။

"လင်းရီ ..ကြည့်..ဟိုမှာ ပန်ဒါကြီး..."

ပန်းခြံထဲတွင် မတူကွဲပြားသည့် တိရစ္ဆာန်တို့နှင့် ပြည့်နှက်နေပြီး ဝဝတုတ်တုတ်နှင့် ချစ်စရာကောင်းသည့် ပန်ဒါကြီးကိုမြင်တော့ ကျီချင်းရန် အသည်းယားလာခဲ့သည်။

"ဒီက ပန်ဒါတွေကလည်း စီချွမ်ကနေ ခေါ်လာခဲ့တာလေ...သွားကြည့်ကြတာပေါ့.."

"အွန်း..ဒါကြောင့်မို့ ဒီပန်ဒါတွေကို မြင်တော့ ရင်းနှီးသလို ဖြစ်နေတာကိုး..."

"အမှန်ပဲ.."

အကယ်၍ သူတို့ ချိုင်းနားတွင်သာ ပန်ဒါမြင်ရပါက အထူးဆန်း ဖြစ်နေလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ရေမြေရပ်ခြား ရောက်ရှိနေပြီး မိမိနိုင်ငံမှ နိုင်ငံ့ရတနာကို မြင်လိုက်ရသည့် အချိန်တွင်တော့ ရင်းနှီးသည့် ခံစားချက်ကို ရရှိလေသည်။

"လောင်ကုန်း ..ပန်ဒါကြီးက နည်းနည်း ပိန်နေသလိုပဲနော်...ကျွန်မ သူ့ကို မုန့်ကျွေးလိုက်ရင်ကောင်းမလား.."မြင်းမြီးပုံစံနှင့် အတိုဝတ်ထားသည့် အမျိုးသမီးမှ ပြောလိုက်၏။

"ကျွေးလေ..မင်းလက်ထဲမှာ ဘီစကစ်ရှိတယ် မဟုတ်ဘူးလား...အဲ့တာကျွေးလိုက်ပေါ့..."

ပြောလိုက်သည့် သူကတော့ အမျိုးသားတစ်ဦးဖြစ်ပြီး မျက်မှန်တစ်လက်ကို ဝတ်ဆင်ထားကာ သူ့မျက်နှာပေါ်တွင်တော့ မောက်မာနေဟန်များက အထင်းသားပင်။

ထိုသူ၏ အမည်မှာတော့ ချိန်ကျွင်းရဲ့ ဖြစ်ပြီး ဖူတန် တက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်သည်။ ယခု ကိုယ်ပိုင်လုပ်ငန်း စတင်လုပ်ကိုင်နေသူ တစ်ဦးလည်း ဖြစ်၏။

သူ့ဘေးရှိ အမျိုးသမီးကတော့ သူ၏ ကောင်မလေး ဝမ်ဇီရီပင်။

"ဒါပေမယ့် ဒီနေရာက တားမြစ်ထားတာလေ..ကျွေးလို့မှ မရတာ.. "

"လွယ်လွယ်လေးပါ..."

ချိန်ကျွင်းရဲ့ ပြောလိုက်ပြီး "ဟိုး..နားမှာ တံခါးပေါက် သေးသေးလေးရှိတယ် လေ..တိတ်တိတ်လေး တံခါးဆွဲဖွင့်ပြီးတော့ ပစ်ကျွေးလိုက်...."

"အွန်း အွန်း လောင်ကုန်းက အရမ်းတော်တာ ပဲနော်..."

"နေဦး..."

ထိုသူနှစ်ဦး ပန်ဒါကို ပေါက်တတ်ကရ လျှောက်ကျွေးချင်နေသည်ကို မြင်တော့ ကျိ ချင်းရန် မနေနိုင်ပဲ ဝင်တားမြင်လိုက်၏။

"ဒီပန်းခြံထဲမှာ အကောင်တွေကို အစာကျွေး တာ တားမြစ်ထားတယ်..."

ဝမ်ဇီရီ ကျီချင်းရန်ကို တစ်ချက်ကြည့်လိုက်ပြီး သူမ၏ အရှိန်အဝါများဖြင့် ဖိနှိပ်ချင်နေသည်။

သို့သော်လည်း သူမရှေ့ ရပ်နေသည့် အမျိုးသမီးမှာ သူမထက် ခေါင်းတစ်လုံး ပိုသာပြီး ခြေတံများမှာလည်း သွယ်လျနေကာ တင်ကော၊ ရင်ပါ သူမထက် စွင့်ကားမို့မောက်နေသည်ကို သတိထားမိသွား၏။ အရေးကြီးဆုံးကတော့ ကျီချင်းရန်၏ မျက်နှာမှာ သူမထက် ပို၍ သာလွန်စွာ လှပနေခြင်းပင်။

ထိုအခြင်းအရာကို မြင်တော့ ဝမ်ဇီရီ အပြတ်သတ် ရှုံးနိမ့်သွားသကဲ့သို့ ခံစားလိုက်ရ၏။

"ဒစ်စနီလန်က နင်ပိုင်တာလည်း မဟုတ်ဘူး..ငါ့ဘာငါ ဘာလုပ်လုပ် နင့်အပူပါလို့လား.."

"နင်..."

ကျီချင်းရန် ဒေါသထွက်သွားခဲ့သည်။ အခြားတိရစ္ဆာန်များနှင့် ယှဉ်မည်ဆိုပါက ပန်ဒါများကို ပို၍ အလေးပေး ထိန်းသိမ်းရ၏။

သူမတို့ ချိုင်းနားတွင်တောင်မှ ထိန်းသိမ်းစောင့်ရှောက်သူများမှာ ပန်ဒါများ စားသောက်သည့် ပုံစံနှင့် ပတ်သက်၍ လုံးဝအမှားမခံပင်။ ထို့ပြင် ကြည့်ရှုသူများကိုလည်း ထိခွင့်လေးတောင် မပေးချေ။ အကယ်၍ သူမသာ ယခု ပန်ဒါကို ပေါက်တတ်ကရများ လျှောက်ကျွေးပြီး တစ်ခုခု ဖြစ်

သွားမည်ဆိုပါက မည်သူမျှ ခေါင်းခံနိုင်လိမ့်မည် မဟုတ်ချေ။

မည်သို့ပင်ဆိုစေ ပန်ဒါများမှာ ရှားပါး သတ္တဝါများဖြစ်ပြီး သူမတို့ နိုင်ငံ့ ရတနာလည်း ဖြစ်၏။ ထိုသို့ ဖြစ်သွားမည်ကို ကျီချင်းရန် လုံဝ မလိုလားချေ။

"ထားလိုက်စမ်းပါ ချင်းရန်ရာ..သူတို့ လုပ်ချင်လည်း ပေးလုပ်လိုက်ပေါ့.."လင်းရီ ပြောလိုက်ပြီး "ဒီရဲ့ ပန်ဒါနှစ်ကောင်ကို ချိုင်းနားကနေပြီးတော့မှ ဒစ်စနီလန်ဆီ ငှားထားတာ ...ပြီးတော့ တ-ရုတ်ရဲ့ စည်းမျဉ်းစည်းကမ်းတွေ အတိုင်းပဲ..တကယ်လို့ တစ်ခုခု ဖြစ်သွားခဲ့မယ် ဆိုရင်တော့ သူတို့တွေ ချက်ချင်း တိုင်းပြည်ကို ပြန်ဖို့ ပြစ်ဒဏ် ချခံရမှာပဲ..သူတို့ ကျွေးချင်သပဆို

လည်း စိတ်ကြိုက် ကျွေးပလေ့စေ…တကယ်လို့ သူတို့လုပ်လို့ တစ်ခုခု ဖြစ်သွားခဲ့ရင်လည်း ငါတို့ ရှုံးပွဲ ကြည့်ရတာပေါ့ကွာ..မဟုတ်ဘူးလား…."

လင်းရီ၏ စကားလုံးများကို ကြားတော့ ချိန်ကျွင်းရဲနှင့် ဝမ်ဇီရီတို့ ပန်ဒါကို ဘီစကစ်ကျွေးမည့် အကြံဉာဏ်အား လက်လျော့လိုက်တော့၏။

သူတို့ ထိုအကြောင်းကို ယခင်က မတွေးမိသော်လည်း လင်းရီပြောသည့်အတိုင်း ပြင်းထန်မည်ဆိုပါက ဘီစကစ်တစ်ချပ်ကြောင့် သူမတို့ ပေးဆပ်လိုက်ရမည်မှာ မတန်ချေ။ သို့သော်လည်း ဂုဏ်သိက္ခာကို ကာ

ကွယ်သည့် အနေဖြင့် နှာခေါင်းရှုံ့ရဲ့ "ဟမ့်..ပါလေရာ ငါးပိတွေ..."

လင်းရီ ဝမ်ဇီရီကို တစ်ချက်ကြည့်၍ "ငါတို့က မင်းကို စေတနာနဲ့ သတိပေးနေတာ..ဒီတော့ စကားကို ကောင်းကောင်းပြော...မင်းကောင်လေးက ကာလသားရောဂါ ဖြသ်နေတာလား....စကားပြောတာကိုက ထောင့်မကျိုးဘူး.."

ကျီချင်းရန်ကတော့ အူကြောကြောင်လေးဖြစ်သွားပြီး..

အဲ့ရောဂါနဲ့ ဘာဆိုင်လို့လဲဟင်....

"ပြန်ပြောလိုက်စမ်း..."

လင်းရီ ပခုံးတွန့်လိုက်ပြီး

"ပြန်ပြောလည်း ဒီစကားပဲ..ခင်များကောင်လေးက သေခါနီးအချိန်ကို ရောက်နေတဲ့အတိုင်းပဲ..ဒီတော့ Good luck"

(လင်းရီကိုက တ-ရုတ်နဲ့ အင်္ဂလိပ် ညှပ်သုံးတာပါ)

ထိုသို့ပြောပြီးနောက် လင်းရီ ကျီချင်းရန်၏လက်ကို ဆုပ်ကိုင်ကာ "နောက်တစ်နေရာ သွားကြည့်ရအောင် ..ဟိုဘက်မှာ ဆင်ကြီးမိုမို ရှိတယ်.."

"တော်ပြီ ..မသွားချင်ဘူး.."ကျီချင်းရန် ချက်ချင်း ငြင်းဆန်လိုက်ပြီး "ငါ ဆင်တွေကို မကြည့်ချင်ဘူး..."

"အမ်...မင်းက ဆင်တွေကို မကြည့်ချင်ဘူးပေါ့..."

လင်းရီပြောလိုက်ပြီး "မစ်ကျီ..အဲ့လိုဆိုရင် တော့ ကျုပ်စကား နည်းနည်း ပြောမှဖြစ် တော့မယ်...ပန်ဒါတွေက ချစ်စရာကောင်း တော့ မင်းက ကြည့်ချင်ါတယ်..ခု ဆင်တွေက ချစ်စရာ မကောင်းဘူးဆိုတော့ မစ်ကျီက တစ်ချက်လေးတောင် လှည့်မကြည့်ချင်တော့ ဘူးပေါ့..ဒါကြီးကတော့ တအား အပေါ်ယံ ကြည့်လွန်းသွားပြီ..အဲ့လိုမျိုး မမျှမတ မလုပ် သင့်ဘူးလေ.."

"ဟွန့် နင်ကပဲ ပြောရတယ် ရှိသေး..."

ကျီချင်းရန် လင်းရီ ခါးကို ဆွဲဆိတ်လိုက်ပြီး "တကယ်လို့နင်သာ ငါ့ကို ဆင်ကြီးနဲ့ ယုန် လေး ပုံပြင် မပြောပြရင် ဒီလိုတွေ ဖြစ်မှာ လားတဲ့..အားလုံး နင့်အမှားပဲ...."

# အခန်း (၃၀၂)

"အား...."

လင်းရီ ကျီချင်းရန် ကျေနပ်စေရန် နာကျင်ယောင် ဆောင်လိုက်ပြီး သူမ စားချင်စိတ်ပျက်အောင် ပြုလုပ်ခဲ့သည့် မြင်ကွင်းကို ပြန်မြင်ယောင်ကြည့်လိုက်သည်။

"အဲ့လိုဆိုလည်း ဆင်ကြီးမိုမိုကို မကြည့်တော့ဘူးကွာ.."လင်းရီ ပြောလိုက်ပြီး "အဲ့ဒီအကျော်လေးနားက ယုန်ဖြူလေးနဲ့ ယုန်မည်းလေးတွေ သွားကြည့်ကြမယ်..."

"လင်းရီ ..နင်..ကောင်စုတ် ..သေဖို့သာ ပြင်ထား.."ကျီချင်းရန် လင်းရီနောက် ပြေးလိုက်သွားပြီး သူ၏ ဖင်ကို အားပါးတရ ဆောင့်ကန်ချင်နေလေသည်။

ကံမကောင်းစွာနှင့် လင်းရီ၏ ပြိုင်ဘက်မဟုတ်ခဲ့။

"ဟားဟား...ကမ္ဘာကြီးက ဒီလောက် သာယာနေတာကိုကွာ..ဘာလို့များ အဲ့လောက်တောင် ဒေါသထွက်နေပါလိမ့်..ကျွတ် ကျွတ်..စိတ်တိုတာများရင် အရေးကြောင်းတွေ ထလာတတ်တယ်နော..."

"နင်ပဲ လူကို စိတ်ဆိုးအောင် လာလာဆွနေတာ မဟုတ်လား..."ကျီချင်းရန် မျက်နှာထားတင်း၍ လက်ပိုက်ကာ တစ်ဖက်သို့ လှည့်ပြီး

ပြောလိုက်၏။ သူမမျက်နှာ ထက်တွင်တော့ မကျေနပ်မှုများက အထင်းသားပင်။ သို့သော်လည်း ထိုသို့ စိတ်ကောက်နေ ပုံမှာ သူမအား တစ်မျိုး တစ်ဖုံချစ်စရာ ကောင်းသွားစေပြီး ပို၍ပင်စိတ်ဆိုးအောင် ပြုလုပ်ချင်စိတ်များ ဖြစ်ပေါ်နေစေမှန်းတော့ သူမ မသိခဲ့။

"အေးပါ စိတ်မဆိုးနဲ့တော့နော် ..ကြံရည် အေးအေးလေး ဝယ်တိုက်မယ်လေ..ရှေ့မှာ အအေးဆိုင်ရှိတယ်..."

"အွန်း .. ဒါပေမယ့် ငါက သရက်သီး ဖျော်ရည် သောက်ချင်တာ..."

"အမ်...မင်းကလည်း သရက်သီးဖျော်ရည် ကြိုက်တယ်ပေါ့.."

"ငါလား..အစကတော့ မကြိုက်ပါဘူး..ဒါပေမယ့် နင်က ကြိုက်တယ်ဆိုတော့ နည်းနည်းလေး စမ်းသောက်ကြည့်တာ..မဆိုးပါဘူး... တော်တော်လေး ကောင်းတယ်....ခု သောက်ရတာ ကြိုက်လာပြီ..."

"အဲ့တာဆိုလည်း ဒီမှာစောင့်နေ..."

မိနစ်အနည်းငယ်ကြာပြီးနောက် လင်းရီ လတ်လတ်ဆတ်ဆတ် ဖျော်ထားသည့် သရက်သီးဖျော်ရည် နှစ်ခွက်နှင့်အတူ ပြန်လာခဲ့သည်။ ထို့ပြင် သူ၏ တခြားလက်တစ်ဖက်မှလည်း ကောက်ရိုးဦးထုပ်နှင့် ကျီချင်းရန် ပူဆာသည့် မစ်ကီ ပူဖောင်း နှစ်ခုလည်း ပါခဲ့သေး၏။

"နေက အရမ်းပူတယ်..ဒီဦးထုပ်လေး ဆောင်းလိုက်....နေပူသက်သာတာပေါ့..."

လင်းရီ သူမအတွက် ကောက်ရိုးဦးထုပ်နှင့် ပူဖောင်းများ ဝယ်လာခဲ့ပေးသည်ကိုမြင်တော့ ကျီချင်းရန် ရင်ထဲတွင် ပျော်ရွှင်မှုများဖြင့် ပြည့်နှက်သွားပြီး ရင်တလှပ်လှပ် ဖြစ်လာခဲ့တော့၏။

"လင်းရီ ..ငါ ကောက်ရိုးဦးထုပ် ဆောင်းလိုက်ရင် Luffy နဲ့တူတယ်လို့ ထင်လား..."

"Luffy...သူ့ကိုလည်း သိတယ်ပေါ့..."

"ဒါပေါ့..ငါဘွဲ့လွန် သင်တန်း တက်တုန်းက ငါ့အခန်းဖော်က အခန်းအောင်းပြီး တစ်နေကုန် ဂျပန်ကာတွန်း ကြည့်တဲ့ အိုတာခုကြီးလေ...ပြီးတော့ အခန်းတစ်ခုလုံးလည်း အာနီမဲ

ပုံတွေချည်းပဲ...မသိချင်ဘူးဆိုရင်တောင်မှ နေ့တိုင်း ငါ့ဘေးနားကနေ တတွတ်တွတ် လာပြောနေတော့ အကုန်သိသလိုလိုတောင် ဖြစ်နေတာ..."

ပြောပြီးနောက် ကျီချင်းရန် သူမဘာသာသဘောကျနေဟန်ဖြင့် တခစ်ခစ် ရယ်မောလိုက်၏။

"မင်းက Luffy နဲ့ မတူဘူး..ဒါပေမယ့် ကေရီတစ်ပါးနဲ့ ပိုတူတယ်..."

ကျီချင်းရန် ပို၍ပင် ရင်ဖိုသွားခဲ့ပြီး "ငါက အဲ့လောက်တောင် ကျက်သရေရှိတာလား ဟင်..."

"ကိုယ့်ငါးချဉ်ကိုယ် ချဉ်မနေနဲ့...ငါက မင်းရဲ့ ကိုယ်လုံးကိုယ်ပေါက်ကို ပြောတာ..."

"ဘယ်လိုပဲ တူတူပေါ့.."ကျီချင်းရန် ဂုဏ်ယူစွာဖြင့် ခေါင်းမော့ ရင်ကော့လိုက်၏။

ထို့နောက် နှစ်ယောက်သား လျှောက်ပတ်ကြည့်ပြီးနောက် ကျီချင်းရန်မှ ကစားကွင်းသွားချင်သည်ဟု ဂျီကျလာ၍ လင်းရီလည်း မနိုင်စိန်လေးကို ကစားကွင်းသို့ ခေါ်လာခဲ့လိုက်သည်။

"ဝိုး...လူတွေ အများကြီးပဲနော်.." စီးဖို့ရာအတွက် လူအများကြီး တန်းစီနေကြသည်ကိုမြင်တော့ ကျီချင်းရန် တအံ့တသြ ရေရွတ်လိုက်ပြီး သူ့မ မျက်နှာပေါ်ရှိ စိတ်အားထက်သန်မှုများမှာတော့ သိသိသာသာလျော့ကျသွားခဲ့သည်။

"သူများကမှ မြင်းကြီးစီးချင်ပါတယ်ဆို..ခု တော့ ဘယ်နှစ်နာရီ ကြာအောင် တန်းစီရမလဲ မသိတော့ဘူး.."

"ဟိုနားမှာ VIP လက်မှတ် ရောင်းနေတာ ထင် တယ်..သွားဝယ်ကြည့်လိုက်မယ်လေ..အဲ့လို ဆို တန်းစီစရာ မလိုလောက်တော့ဘူး..."

"အွန်း..ကောင်းတာပေါ့..."ကျီချင်းရန် ပြော လိုက်ပြီး "သူတို့ကို စီးလို့ရတဲ့ အကြိမ်ရေက အကန့်အသတ်နဲ့လားဆိုတာလည်း တစ်ခါတည်း မေးခဲ့ပေးနော်..."

"မင်းက တစ်ခေါက်တည်း စီးရုံနဲ့ မတင်းတိမ် နိုင်ဘူးလားဟ.."

"မတင်းတိမ်နိုင်ပေါင်..ငါက အများကြီး စီးချင် တာ..."

"အင်း ..အဲ့ဒါဆိုလည်း ဒီမှာစောင့်နေ..."

လင်းရီ လက်မှတ်ကောင်တာသို့ သွား၍ တစ်ဖန် တန်းစီလိုက်သည်။

တစ်ချိန်တည်းတွင် သူ့အနောက်၌လည်း လူအများကြီး တန်းစီလို့နေသည်။

"ဟဲ့ ဟဲ့ ဟိုမှာ ငါတို့ ရှေ့က ရှောင်ကောကောက အရမ်းချောတာပဲနော်..သေချာပေါက် တီရုတ်လူမျိုးထင်တယ်..."

"ကောင်မ တဏှာရူးမနေနဲ့..လူမြင်လို့တောင် မကောင်းဘူး..ပြီးတော့ ပါးစပ်က သွားရည်တွေလည်း သုတ်လိုက်ဦး.."

"ဘာဖြစ်လဲ..လူတိုင်းက လှတာ ကြိုက်ကြတာပဲ မဟုတ်လား..."

သူမတို့ရှေ့တွင် လင်းရီ တန်းစီနေသည်ကို မြင်တော့ နောက်ဘက်ရှိ မိန်းကလေးများ ဂ နာမငြိမ် ဖြစ်နေကြသည်။

"ဟမ့်..ချောတဲ့ကော ဘာလုပ်လို့ရမှာ..အဲ့တာ က နင်တို့ကို ထမင်းမကျွေးဘူး...အရာရာက ငွေရှိမှ..."ကျောက်လီလီ ဘေးရှိ ဆံပင်အတိုနှင့် လူငယ်လေး တစ်ဦးမှ ပြောလိုက်သည်။

"ဒါပေမယ့် သူက ဒီမှာ VIP လက်မှတ် လာဝယ်တယ်ဆိုတော့ တော်တော်လည်း ပိုက်ဆံ ရှိမယ့်ပုံပဲနော..."

"VIP လက်မှတ် တစ်ခုကဖြင့် ဒေါ်လာ ထောင် ဂဏန်းလောက်လေးပဲ ကျတာ..ဘာမှ စာမဖွဲ့ လောက်ပါဘူးကွာ..လူတိုင်းလည်း အဲ့လောက်

တော့ တတ်နိုင်တယ်..."ဆံပင်အတိုနှင့် လူငယ်လေးမှ ပြောလိုက်၏။

"VIP လက်မှတ်တစ်စောင်က ၁,၈၉၉ ဒေါ်လာ၊ ယွမ်နဲ့ တွက်မယ်ဆိုရင် တစ်သောင်း ကျော်လောက် သွားကျမှာလေ..."ကျောက်လီ လီပြောလိုက်ပြီး "အဲ့တာက အများကြီး မဟုတ်တော့ ဘာလဲ..."

"တကယ်လို့ သူသာ လက်မှတ်ဆယ်စောင်ကို တစ်ပြိုင်တည်း ဝယ်ရင် ချမ်းသာတယ်လို့ သတ်မှတ်ပေးမယ်ကွာ.."

"လာနောက် နေတာလား..သူက တစ်ယောက်တည်းလေ..အဲ့လောက် အများ ကြီး ဝယ်ပြီး ဘယ်လို သွားသုံးမှာလဲတဲ့..."

ကျောက်လီလီမှ စောဒက တက်လိုက်၏။

"ဘာလို့လဲဆိုတော့ ပိုက်ဆံရှိတဲ့သူက ဒီ လောက်ငွေကြေးလေးကို ဂရုစိုက်နေမှာ မဟုတ်ဘူးလေ..သူတို့ စိတ်ကျေနပ် သလောက် ဝယ်ကြတာပဲ..ငါပြောတာတောင် နည်းနေသေးတယ်..."

"ဟမ့်...လီတုန်ရှန် .သူက နင့်ထက် အများကြီး ချောလို့ နင် မနာလိုပြီး လျှောက်ပြောနေတာ မလား..."

"ကျွတ်..ငါ့ထက် နည်းနည်းလေး ချောတာကို များကွာ....ဒါပေမယ့် ငါက သူ့ထက် ပိုကြွယ် တယ်ကွ...ဘာဆိုင်လို့ မနာလိုဖြစ်ရမှာ..."

ဆယ်မိနစ်ကြာပြီးနောက် လင်းရှီ လက်မှတ်ဝယ်ယူသည့် နေရာသို့ ရောက်ရှိ

လာပြီး "VIP လက်မှတ် တစ်စောင် ဘယ်လောက်ကျလဲ..."

ဤတစ်ကြိမ်တွင်တော့ အင်္ဂလိပ်စကား မတောက်တခေါက်လောက်သာ တတ်သည့် လေသံဖြင့် မဟုတ်ဘဲ လုံးဝ အမေရိကန် နိုင်ငံသားစစ်စစ် လေသံဖြင့်ပြောဆိုလိုက်သည်။

"တစ်စောင်ကို ၁,၈၉၉ ဒေါ်လာပါဆာ..."

"လက်မှတ်တစ်စောင်ကို စီးလို့ရတဲ့ အကြိမ်ရေက ကော အကန့်အသတ်နဲ့လား..."

ချိုင်းနားတွင်တော့ ကစားကွင်းများတွင် အကြိမ်အရေအတွက် အကန့်အသတ်မရှိ စီးလို့ရသည့် လက်မှတ်များ ရှိ၏။ သို့သော်လည်း သူတို့ရောက်နေသည့် နေရာ

မှာ ချိုင်းနား မဟုတ်သောကြောင့် မေးမြန်းရလေသည်။

"ဆောတီးပါဆာ..VIP လက်မှတ်က အကြိမ်ရေအကန့်အသတ်နဲ့ပါ..တစ်စောင်ကို တစ်ခေါက်ပဲ စီးလို့ရမှာဖြစ်ပြီးတော့ တန်းစီစရာ မလိုတာရယ်၊ တခြား ဝန်တောင်မှု ဆားဗစ်တွေပါ ထည့်တွက်မယ်ဆိုရင်တော့ လုံးဝကို တန်ပါတယ်ဆာ..."

"ဟမ့်..ညီကို..မင်းက လာနောက်နေတာလား."လီတုန်ရှန် ထေ့ငေါ့လိုက်ပြီး "ဒါက ချိုင်းနား မဟုတ်ဘူးကွ...VIP လက်မှတ်ဆိုရင်တောင်မှ တစ်ခေါက်ပဲ သုံးလို့ရမှာ..အဲ့လောက်လေးမှ မသိရင်လည်း အွန်လိုင်းမှာသွားရှာကြည့်လိုက်ဦး...ဒီလို သောက်ပိန်း

မေးခွန်းတွေ မေးပြီးတော့ နိုင်ငံကို သိက္ခာလာ မချနဲ့..."

"လီတုန်ရန် ..နင်ဘာတွေ ပြောနေတာ လဲ.."ကျောက်လီလီ ပြောလိုက်ပြီး "သူ့ဘာသူ မသိလို့ မေးနေတာကို နင်က ဘာတွေ လျှာဝင်ရှည်နေတာ..မနာလိုရင်လည်း ကြိတ် ပြီးတော့ မနာလိုလေ...လူသိအောင် ကြေညာ နေစရာ မလိုဘူး..."

"မနာလိုတယ်...? ငါ့ထက် မွဲတဲ့ ကောင်ကို လား...ဟမ့်..လာနောက်နေတာလားကွ.."လီ တုန်းရန် အထင်သေးသည့် လေသံဖြင့် ပြော လိုက်ပြီး "မင်း ဝယ်မှာလား မဝယ်ဘူးလား ဟျောင့်..မဝယ်ဘူးဆိုရင်လည်း ဂျောင်း တော့..မင်းနောက်မှာ တန်းစီနေတဲ့သူတွေ

အများကြီး ရှိသေးတယ်...သူများတွေ တန်းစီနေတာကို ကြာအောင် လာလုပ်မနေနဲ့..."

လင်းရီ လီတုန်းရန်ကို တစ်ချက်ကြည့်လိုက်သည်။ သို့သော်လည်း ဘာတစ်ခွန်းမျှတော့ မဆိုခဲ့။ ထိုအစား လက်မှတ်ရောင်းသူဘက်သို့ လှည့်၍ "တခြား လက်မှတ်အမျိုးအစားတွေကော ရှိသေးလား..အကန့်သတ်မဲ့ စီးလို့ရတဲ့ လက်မှတ်မျိုးတွေလေ..."

"ဆောတီးပါဆာ..ကျုပ်တို့မှာက သာမန်လက်မှတ်နဲ့ VIP လက်မှတ်ဆိုပြီးတော့ နှစ်မျိုးပဲ ရှိပါတယ်..."

"အဲ့တာဆို VIP လက်မှတ် ဘယ်နှစ်စောင်လောက် ကျန်သေးလဲ..."

"ခဏလောက်ပါဗျ.."ရောင်းသည့် အမျိုးသားမှ စက်ကို ကြည့်လိုက်ပြီး "နောက်ထပ် ၁၀၅ စောင်လောက် ကျန်ပါသေးတယ်ဆာ..."

"အိုကေ..ငါအားလုံး ယူမယ်..."

"ဝှက်...အားလုံးယူမယ်...!"

ဘေးတွက် ရပ်နေကြသည့်သူများအားလုံး လင်းရီကို မယုံကြည်နိုင်သည့် မျက်ဝန်းများဖြင့် ပြူးကျယ်စွာ ကြည့်လိုက်ကြသည်။

VIP လက်မှတ် တစ်စောင်က ၁.၈၉၉ ဒေါ်လာ...၁၀၅ စောင်ဆိုတော့ ဒေါ်လာ ၂၀၀,၀၀၀ လောက်နီးပါး...ဝှက်သယ်ဖက်...

ဒီကောင်က သောက်ရမ်း ချမ်းသာတာပဲကွ...

"ဆာ...လက်မှတ်တွေ အားလုံး ဝယ်မယ်ဆို တာ သေချာပါတယ်နော်..."

"ဒါပေါ့ကွ..."

US တွင် အွန်လိုင်းမှ ငွေချေ၍ မရ သောကြောင့် လင်းရီ သူ၏ ခရက်ဒစ်ကတ်ကို ထုတ်၍ ငွေပေးချေလိုက်သည်။ ထို့နောက် အီ လက်ထရောနစ် လက်မှန်နှစ်စောင်ကို ယူကာ လူတိုင်း၏ ကြက်သေသေနေသော အကြည့် များအောက်မှ ထွက်လာခဲ့လိုက်၏။

"လီတုန်ရန် ..ခုကော ဘယ်သူက ပိုက်ဆံ ပိုရှိ တယ်လို့ ထင်နေသေးလဲ..."

လီတုန်ရန် "...."

လင်းရီ ပြန်ရောက်လာသည့် အချိန်တွင်တော့ ကျီချင်းရန် သူ့မလက်ထဲတွင် ကတော့ပုံ ဗ

နီလာ ရေခဲမုန့်ကိုကိုင်ပြီး အားပါးတရ လျက်နေသည်ကို မြင်လိုက်ရ၏။

"လင်းရီ..ရေခဲမုန့်က အရမ်းအရသာရှိတာပဲ..စားကြည့်ဦးမလား..နင့်အတွက်လည်း တစ်ခုဝယ်ထားပေးတယ်..."

"တော်ပြီ ..ချိုလွန်းတယ်..."

လင်းရီ အီရောထရောနစ် လက်မှတ် နှစ်စောင်ကို ထုတ်၍ ကျီချင်းရန်ရှေ့၌ ဝှေ့ယမ်းပြလိုက်ပြီး "ကဲ လိုက်ခဲ့ပေတော့ မင်း သိပ်စီးချင်နေပါတယ်ဆိုတဲ့ မြင်းကြီး သွားစီးကြမယ်..."

"ရေး...မြင်းကြီး စီးမယ်ကွ..."ကျီချင်းရန် ရွှင်မြူးစွာ ပြောလိုက်၏။

VIP လက်မှတ် ကိုင်ဆောင်လျက် နှစ်ယောက်သား အဆောက်အအုံထဲသို့ ဝင်ရောက်လာခဲ့၏။

"အမ်...နင်က ဘာလို့ အပြင်မှာ ရပ်နေတာ..."

"ဒီလို စီးစရာမျိုးက ငါ့လိုမျိုး ယောကျ်ားဆန်လွန်းတဲ့သူတွေနဲ့ မကိုက်ဘူး.မင်း တစ်ယောက်တည်းပဲစီး..."

ကျီချင်းရန် သွားနေရင်း တန်းလန်း ရပ်တန့်လိုက်ပြီး မပျော်ရွှင်စွာဖြင့် " တော်ပြီ...နင်မစီးဘူးဆိုရင် ငါလည်း မစီးတော့ဘူး..."

"အေးပါ အေးပါ..မင်းကို အထဲထိ လိုက်ပို့ပေးပါ့မယ်."

"ဟီးဟီ ဒီလိုမှပေါ့..မဟုတ်ရင် တစ်ယောက်တည်း စီးရတာ ပျင်းစရာကြီး... "

ဘဝတွင် ထိုကဲ့သို့ ခံစားရသည့် တခြားအရာများလည်း ရှိသေး၏။ ပမာအားဖြင့် ဟော့ပေါ့တစ်ယောက်တည်း စားရသည်ထက် အများနှင့်အတူ အလုအယက် စားသောက်ရသည့် အရသာတို့ မတူညီသကဲ့သို့ပင်။

ကျီချင်းရန်မှာ စကတ်ဝတ်ထားသောကြောင့် မြင်းသေးသေးလေးပေါ်တွင် ဘေးတစ်စောင်း ထိုင်လိုက်သည်။

"လင်းရီ..နင်လည်း နင့်ဘေးနားက မြင်းသေးသေးလေးကို စီးသင့်တယ်နော..."

သူမ မျက်လုံးများထဲတွင်တော့ ကြယ်များဖြင့် တောက်ပနေပြီး လရောင်ထက်ပင် အေးချမ်းသည့် အပြုံးလေးဖြင့် ပြောလိုက်၏။ ကျီချင်းရန်၏ ထိန်းချုပ်မရသည့် စိတ်လှုပ်ရှား ပျော်

ရှင်မှုများကတော့ သူမမျက်နှာထက်တွင် အထင်းသား ရေးထိုးထားလေသည်။

"သဘော..မိချောလေး သဘော..."

မကြာမီ ခေါင်းလောင်းသံ မြည်လာခဲ့ပြီး မြင်း ရုပ်များမှာ စက်ဝိုင်းပုံသဏ္ဍာန် ဖြည်းညင်းစွာ လှည့်ပတ် တော့သည်။

လင်းရီကတော့ မြင်းပေါ်တွင် ခွလျက် ဆွံ့အ နေ၏။

သူ့လို ယောကျ်ား အရင့်မာကြီးတစ်ဦးမှ ယခု လို မြင်းစီးနေသည်ဟု တွေးလိုက်ရုံဖြင့် အတော်လေး ကသိကအောက် နိုင်လှ၏။

"လင်းရီ ဒီဘက်လှည့်."

'ချလပ် ချလပ် ချလပ်..'

ခေါင်းကြား၍ လှည့်ကြည့်လိုက်သည့် အချိန်တွင်တော့ ကျီချင်းရန်မှ သူ့ဘက်သို့ ကင်မရာချိန်ကာ snap ပုံများ တဖျပ်ဖျပ် ရိုက်သွားခဲ့လေသည်။

သို့နှင့် မြင်းစီးရင်း ရှုံ့မဲ့နေသော လင်းရီ၏ အမူအရာမှာ ကင်မရာထဲတွင် ပါသွားတော့၏။

မိနစ်အနည်းငယ်ကြာပြီးနောက် တစ်ကြိမ်စီးရန် အခွင့်အရေးမှာ ပြီးဆုံးသွားခဲ့ချေပြီ။ သို့သော်လည်း ကျီချင်းရန်ကတော့ ယခုတိုင် စီးလို့မဝသေးချေ။

"အိုး ဟုတ်သားပဲ နင့်ကို မေးဖို့မေ့နေတာ..VIP လက်မှတ်တွေက အကန့်သတ်မဲ့ စီးလို့ရတာလား..."

"ဘယ်ရမှာ..."

"အဲ့လိုလား..အင်းပါလေ....ဒီတစ်ခေါက်တော့ ဒီလောက်ပဲပေါ့..ဘယ်တတ်နိုင်မှာ"

"နေဦးဟ....ငါ့စကားတောင် မဆုံးသေးဘူး .ဒါပေမယ့် ငါက ကျန်တဲ့ VIP လက်မှတ် ၁၀၅ စောင်လုံးကို ဝယ်ခဲ့တယ်...ဒီတော့ နောက်ထပ် အခါ ၁၀၀ ကျော်တောင်မှ စီးလို့ ရသေးတယ်..အဝသာ စီးပေတော့..."

## အခန်း (၃၀၃)

"နင်....နင်တကယ်ကြီး လက်မှတ် တစ်ရာကျော်တောင်မှ ဝယ်ခဲ့တယ်ပေါ့လေ..."

"မင်းပဲ အကြာကြီး စီးချင်တယ်ဆို.. အဲ့တာကြောင့် ရှိတာ အကုန်ဝယ်ခဲ့လိုက်တယ်... တန်းစီစရာလည်း မလိုတော့ဘူးလေ."

တန်းစီ နေကြသည့် သူများကတော့ လင်းရီ၏ စကားလုံးများကို ကြားသွားသည့်အခါ အားလုံး အံ့အားသင့်သွားခဲ့ကြသည်။

VIP လက်မှတ်များမှာ တစ်စောင်လျှင် ၁,၈၉၉ ဒေါ်လာ ကျသင့်၏။ သို့တိုင်အောင် ထိုလူချောလေးမှာ ကျန်ရှိသည့် ၁၀၅ စောင်လုံးကို ဝယ်ချလာခဲ့လေသည်။

ယင်းက ဒေါ်လာ ၂၀၀,၀၀၀ ကျော်နေပြီ မဟုတ်ပါလော...

ဒါက သူဌေးသားတွေ ပိုက်ဆံဖြုန်းတဲ့ ပုံစံလားဟ...

သူတို့အားလုံး ပထမဦးဆုံးအကြိမ် တစ်စုံတစ်ယောက်မှ သူ့ကောင်မလေးအား ဤမျှ အလိုလိုက်သည်ကို မြင်ဖူးသွားခဲ့လေသည်။

အကယ်၍ သူမသာ ဒစ်စနီလန်ကြီး တစ်ခုလုံး လိုချင်သည်ဟု ပူဆာပါက ဝယ်ပေးမလားတောင် မပြောတတ်။

လက်မခံနိုင်ဆုံး အချက်ကတော့ ထိုဝယ်ပေးသည့် သူမှာ အသက်ကြီးသည့် အဘိုးကြီးမဟုတ်ဘဲ ငယ်ငယ် ချောချောလေး ဖြစ်နေခဲ့၏။

မနာလိုလိုက်တာကွာ..ဘာတွေများ လုပ်ခဲ့လို့ ဒီလောက် ရုပ်ပေါ်ရေလျှံ ဖြစ်နေတာလဲဟ....

ကျီချင်းရန် ဟပ်ထိသွားခဲ့ပြီး လင်းရီ၏ လက်ကို ညင်သာစွာ ကိုင်၍ "အဲ့လောက် အများကြီး ဝယ်စရာ မလိုဘူးလေ..လေးငါးခြောက်စောင်ဆို တော်ရောပေါ့..."

"ဘာပဲပြောပြော ငါတို့ ဒီရောက်ဖို့ဆိုတာက မလွယ်ဘူး..ဒီတော့ ရောက်တုန်းရောက်ခိုက်လေး ကျေနပ်အောင်တော့ စီးသွားမှပေါ့..ဟုတ်တယ်မလား..."

"နင်က အရမ်းကောင်းတာပဲ..."ကျီချင်းရန် တိုးညင်းစွာ ပြောလိုက်ပြီး "ဒါပြီးရင်တော့ ငါလုံးဝ နောင်တရမှာ မဟုတ်တော့ဘူး..."

"စကားနဲ့ပဲ ဆုချနေတော့မှာလား..."

"ဘာလဲ နင်က ငါ့ကို အခွင့်ရေး ယူချင်နေပြန်ပြီပေါ့.."ကျီချင်းရန် ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့ပြီး "ညပြန်တဲ့အထိစောင့်..."

"ဟဲဟဲ ဒီလိုမှပေါ့..."

ကျီချင်းရန် တခစ်ခစ် ရယ်မောလိုက်ပြီး သူမမျက်နှာထက်တွင်တော့ ပန်းပေါင်းစုံ ပွင့်လန်းနေသကဲ့သို့ တင့်တယ်လှပေသည်။

သို့နှင့် လင်းရီ ကျီချင်းရန်နှင့်အတူ နောက်ထပ်နာရီဝက်ခန့် အတူစီးပေးပြီးတော့မှ စိတ်ကျေနပ်စွာဖြင့် ထိုနေရာမှ ထွက်လာခဲ့တော့၏။

"လင်းရီ ..ဗိုက်ဆာတယ်..တစ်ခုခု သွားစားကြမယ်လေ..."

"အင်း...သွားစားကြတာပေါ့.."လင်းရီ ပြော လိုက်ပြီး "စီးတာက နောက်နေ့တွေ လာစီးလို့ လည်း ရသေးတယ်"

"ဘယ်မှာ သွားစားကြမှာ.."ကျီချင်းရန် ဗိုက် လေးပွတ်လျက် မေးလိုက်၏။

"နင် VIP လက်မှတ်ဝယ်နေတုန်းက နေ့လည် စာ အလကား ကျွေးနေတာ မြင်လိုက်သလို ပဲ..ဒါပေမယ့် တန်းတော့စီရမှာ..အဲ့မှာ စားပြီး တော့ ပိုက်ဆံ ချွေတာကြရင်ကော... "

"ဘာကိစ္စ ချွေတာနေမှာ..တကယ်လို့ ခုနေ ငါ တို့သာ ရုတ်တရက်ကြီး ေ-သသွားခဲ့မယ်ဆို ရင် ပိုက်ဆံတွေက ဘာသွားလုပ်တော့မှာ.."

"ငါတို့ သားသားမီးမီးတွေ အတွက် ချန်ထားခဲ့ လို့ ရတယ် မဟုတ်လား..."

"အဲ့လိုဆိုရင်တောင်မှ သူတို့ သုံးလို့ ကုန်မှာ မဟုတ်ဘူး..."

"အဲ့လိုဆိုလည်း နောက်ထပ် နည်းနည်းများ များလောက် မွေးကြမယ်လေ..."

လင်းရီ ကျီချင်းရန်ကို စူးစိုက်ကြည့်လျှပြီး "ငါမင်းကို ယုံတယ်..."

"နင်တော့ ေ-သချင်နေပြီ တူတယ်..ဘယ်သူက နင့်အတွက် ကလေးမွေးပေးမယ်လို့ ပြောလို့လဲ...အရှက်လည်း မရှိဘူး..မြန်မြန် ..ဒီက ဗိုက်အရမ်းဆာနေပြီ..."

သို့နှင့် နှစ်ယောက်သား စားသောက်လို့ရသည့် နေရာသို့ ရောက်လာခဲ့၏။ VIP လက်မှတ် ဝယ်ထားသောကြောင့် ကြိုက်ရာ စိတ်ကြိုက် မှာယူ၍ ရလေသည်။

သို့သော်လည်း တစ်ခု အဆင်မပြေသည် ကတော့ စားကောင်းသည့် ဟင်းလျာများ နည်းပါးခြင်းပင်။ သူတို့ အများကြီး မှာလိုက်သော်လည်း အနည်းငယ်ကသာ စားလို့ဝင်၏။

"လင်းရီ..ဒီရဲ့ မန်းဂိုးစမူတီက အတော်လေး ကောင်းတယ်နော်..နောက်တစ်ခွက်လောက် ထပ်မှာပေးလို့ရလား..."ကျီချင်းရန် အသံ တိုးတိုးလေးဖြင့် တောင်းဆိုလိုက်၏။

သူမတို့ချည်း သီးသန့်ဆိုပါက ကျီချင်းရန် တဟီးဟီးတဟားဟားဖြင့် လွတ်လွတ်လပ်လပ် စိတ်ကြိုက် အဝစား၍ ရသည်။ သို့သော်လည်း အများရှေ့ ရောက်နေသည် ဖြစ်သောကြောင့် သူမ၏ ပုံရိပ်ကို ထိန်းသိမ်း

ရပေမည်။ ထို့ကြောင့် လင်းရီကိုသာ အစား မှာခိုင်းလိုက်တော့၏။

"လကုန်တော့မယ်လေ....အဲ့လောက် အအေး တွေ အများကြီး မစားရဘူး..."

လင်းရီ သူမနှာခေါင်းလေးကို တို့ထိပြီး ပြော လိုက်၏။

"ဟင်း...အင်းပါ.."

ကျိချင်းရန် မတင်းတိမ်သေးသော်လည်း စကားနားထောင်သည့် အလိမ္မာတုံးလေး လုပ် လိုက်၏။ထို့နောက် စားပွဲပေါ်ရှိ ဗနီလာ cupcakes ကို ညွှန်ပြကာ "အဲ့တာဆိုရင်ကော .သေးလည်းသေးတယ်လေ..နောက်တစ်ခု လောက် ယူလို့ မရဘူးလား..."

"ရတာပေါ့..ငါသွားယူပေးမယ်..."

လင်းရီ လက်သုတ်လိုက်ပြီး ဘားကောင်တာဆီသို့ လမ်းလျှောက်သွားလိုက်သည်။

"ဗနီလာ cupcakes နှစ်ခုလောက်ပါ.."

ထို့နောက် လင်းရီ သူ၏ VIP လက်မှတ်ကို ကမ်းပေးလိုက်၏။

ကောင်တာရှိ လူမည်းအရောင်းမိန်းကလေးမှာတော့ လင်းရီကို မြင်သည့် အချိန်တွင်တော့ လွန်စွာ ရိုကျိုးသွားခဲ့သည်။

သူမရှေ့ရှိ ဟွာရှ(တီရုတ်) သားမှာ VIP လက်မှတ် စောင်ရေ တစ်ရာကျော်ကို တစ်ပြိုင်တည်း ဝယ်ခဲ့သူဖြစ်၏။ ထိုတစ်ချက်တည်းကို အကြောင်းပြု၍ ဆိုင်ရှိ မည်သည့် အစားအသောက်ကို မဆို စားနိုင်ရန် လုံလောက်လေသည်။

သို့သော်လည်း ထိုလူမည်း အမျိုးသမီးမှ လင်းရီ၏ လက်မှတ်ကို လက်ခံတော့မည့် အချိန်တွင် လျှော်ပြောင် ထောင်ငေါ့သံ တစ်သံကို ကြားလိုက်ရ၏။

"ဗနီလာ cupcakes ဆိုတာက အကန့်အသတ်နဲ့ကွ...မင်းယူချင်တိုင်း ယူလို့မရဘူး..ကိုယ့်ဘာကိုယ် ဘူဖေး သွားစားနေစမ်းပါကွာ..."

လင်းရီနှင့် ကျီချင်းရန်တို့ နောက်ကြည့်လိုက်သောအခါ ပန်ဒါကြီးကို ဘီစကစ်ကျွေးမလို လုပ်ခဲ့သည့် စုံတွဲကို တွေ့လိုက်ရသည်။

"မင်းတို့လို ဘူကောင်တွေနဲ့ တွေ့ရလောက်တဲ့ထိ ငါ့ကံက အတော်ဆိုးနေသလားဟ.."

လင်းရီ ဆွံ့အ သွားခဲ့သည်။

"ဟင်း မင်းတို့နဲ့တော့ ခက်ပါဘိကွာ.."ချိန်ကျွင်းရဲ့ သက်ပြင်းချလိုက်ပြီး "မင်းတို့ကောင်တွေ လိုဂိုကို သေချာ မကြည့်ကြဘူးလားကွ..ငါတို့ ဟွာရှသားတွေရဲ့သိက္ခာကို ဟမ်ဘာဂါမြေမှာ လာနင်းချနေတာပဲ..."

"ဘာလဲ VIP လက်မှတ် တစ်ရာကျော်လောက် ဝယ်ခဲ့တာတောင်မှ စားချင်တာ စားလို့ မရဘူးဆိုတဲ့ သဘောလား..ရယ်စရာကောင်းလိုက်တာကွာ.."

"အမ်....ဘာ....ဘာ ပြောလိုက်တယ်..မင်းက..VIP လက်မှတ် တစ်ရာကျော် ဝယ်ခဲ့တယ်..."

ချိန်ကျွင်းရဲ့နှင့် ဝမ်ဇီရီတို့ မယုံကြည်နိုင်ဟန်ဖြင့် မျက်လုံးများ ပြူးကျယ်သွားခဲ့ကြသည်။

လင်းရီကတော့ ထိုင်ကြောင် စုံတွဲကို လျစ်လျူရှုကာ ယူစရာ ရှိတာ ယူပြီး ကျီချင်း ရန်ထံ ပြန်လာခဲ့လိုက်၏။

"ဟမ့်..အဲ့လောက် လက်မှတ်တွေ အများကြီး ဝယ်ခဲ့တယ်ဆိုမှတော့ ကမ္ဘာကြီးကို မမြင်ဖူး တဲ့ သောက်တောသားမှန်း သိသာတယ်..ဒီကို လည်း အမြင်ကျယ်အောင်လို့ ရောက်လာမှန်း မှ မသိတာ..ဟားဟား..."ဝမ်ဇီရီ အထင်သေး စွာဖြင့် ဝေဖန် ပြောဆိုလိုက်၏။

"ကျေးဇူးပြုပြီး စကားကို ယဉ်ယဉ်ကျေး ကျေး ပြောပါ..."ကျီချင်းရန် မျက်နှာထား ခပ် တည်တည် ဖြင့် ပြောလိုက်၏။

"ဟမ့်..ငါပြောတာကတောင်မှ အယဉ်ကျေး ဆုံး ဖြစ်နေပြီးသားပဲ..."

ဝမ်ဇီရီ ပြောလိုက်ပြီး "ငါက နင်တို့ကို အပြင်ရောက်ရင် ဘာမှမသိတဲ့ တောသားတွေလို လုပ်မနေစေချင်လို့ သတိပေးနေတာ...အဲ့တာမှ ဟွာရှ လူမျိုးတွေ အရှက်မကွဲမှာလေ..."

"ဟမ့်...ငါတို့ကိုများ တောသားတဲ့....ပန်ဒါကို ဘီစကစ်ကျွေးချက်နေတဲ့ ငပိန်းတွေကတော့..လုပ်ပြီ..."လင်းရီ စောင်းပြောလိုက်ပြီး "တကယ်လို့သာ တစ်ယောက် ယောက်က နိုင်ငံကို အရှက်ရစေမယ်ဆိုရင် အဲ့တာက ငါတို့ မဟုတ်ဘူးကွ..."

"နင်...."

ဝမ်ဇီရီ သူမ ဒေါသကို လွှတ်ထုတ်တော့မည့် အချိန်တွင် နောက်မှ လူနှစ်ယောက်၏ နှောင့်ယှက်ခြင်းကို ခံလိုက်ရ၏။

"ဝမ်ကြီး..မင်းတို့နှစ်ယောက်က ဒီမှာ ဘာရပ်လုပ်နေတာ..စားဖို့ တစ်နေရာရာမှာ ထိုင်ကြလေကွာ..."

"အေး...ဒီမှာငါ တောသားတွေနဲ့ ဆုံလို့ ဟွာရှုလူမျိုးတွေ အရှက်မကွဲအောင် သင်ခန်းစာပေးနေတာ..."

နောက်မှ ရောက်လာသည့် အမျိုးသားနှင့် အမျိုးသမီးတို့မှာ လင်းရီနှင့် ကျီချင်းရန်ကို မြင်တော့ ချက်ချင်း အေးခဲသွားခဲ့သည်။

လင်းရီလည်း ထို့အတူပင်။ တခဏမျှ ကြောင်အသွားခဲ့၏။

ဒီနှစ်ယောက်က စုန့်ကျားရဲ့ အတန်းဖော်တွေဖြစ်တဲ့ ကောင်းရန်ရှင်းနဲ့ လီရွှယ်ရူ မဟုတ်လား...

တံငါနားနီး တံငါ...ဟိတ်ဟန် ထုတ်ရတာ ကြိုက်တဲ့သူ တွေအချင်းချင်း တူရာတူရာ စုကြတာ မဆန်းပါဘူးကွာ...

"မစ္စတာလင်း..ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲဗျာ..ဒီမှာ တွေ့ရမယ်လို့တောင် ထင်မထားဘူး..."ကောင်းရန်ရှင်း ယဉ်ကျေးစွာ နှုတ်ဆက်လိုက်၏။

"မင်းတို့ အချင်းချင်း သိကြတာလား.."ချိန်ကျွင်းရဲ့ အံ့အားသင့်သွားခဲ့သည်။

"ဒင်နာပါတီတစ်ခုမှာ ဆုံဖူးကြတာလေ.."ကောင်းရန်ရှင်း ပြောလိုက်ပြီး "ငါ့အထင်တော့ အားလုံး အထင်လွဲနေကြတာနဲ့ တူတယ်..အကုန်လုံးက နိုင်ငံကြီးသား ပီသတဲ့ သူတွေပဲလေ...ဘာလို့ အတူထိုင်ပြီး မစား

သောက်ကြမှာလည်း ..ဟုတ်တယ်မလား..သူများနိုင်ငံ ရောက်နေတုန်း ကိုယ့်လူမျိုး အချင်းချင်း စည်းလုံးသင့်တာပေါ့ဗျာ..."

လင်းရီ၏ အထောက်အထားကို သိရှိပြီးနောက် ကောင်းရန်ရှင်းနှင့် လီရှွယ်ရှူတို့မှာ လင်းရီရှေ့၌ ဘယ်သောအခါမျှ ကြွားဝါရဲခြင်း မရှိတော့ချေ။

"သူတို့က ငါနဲ့ တစ်ဝိုင်းတည်းထိုင်ပြီး စားသောက်ဖို့ ထိုက်တန်တယ်လို့ ထင်လား..."လင်းရီ ဖျော့တော့စွာ မေးမြန်းလိုက်ပြီး "သူတို့ကပဲ ထိုင်ဖို့ အခွင့်ရေးရှိနေတယ်လို့ ထင်နေတာလား..ဒါမှမဟုတ် မင်းကပဲ ငါ့ကို အထင်သေးနေတာလား..."

"မ..မဟုတ်တာ မစ္စတာလင်းရယ်..ကျုပ်က အဲ့သဘောမျိုး ပြောတာ မဟုတ်ပါဘူး ဗျ...."ကောင်းရန်ရှင်း အပြုံးလေးဖြင့် ပြော လိုက်ပြီး "ကျုပ်တို့အားလုံးမှာက လေးစား ဖွယ် ပုံရိပ် ကိုယ်စီနဲ့လေ...ငွေအတွက်ပဲ ဖြစ်ဖြစ် စည်းလုံးကြတာပေါ့ဗျာ..."

"ဟမ့်..ဘာကိစ္စ ယဉ်ကျေးနေရမှာ.."လင်းရီ ပြောလိုက်ပြီး "သူတို့က ငါနဲ့ အဆင့်အတန်း ချင်း မတူတာကိုတောင်မှ အတူထိုင်ဖို့ အခွင့် ရေး ရှိတယ်လို့များ ထင်နေတာလားကွ..."

"ဒါ...."

"ကောင်းကြီး..ဒီငနဲက ဘယ်ဂျောင်က ထွက် လာတဲ့ကောင်လဲကွ..မောက်မာနေတာ

ကတော့ ကမ်းကုန်အောင်ပဲ..."ချိန်ကျွင်းရဲ့ လေးနက်စွာဖြင့် မေးမြန်းလိုက်သည်။

သူတို့ ပြောဆိုနေပုံအရတော့ သူတို့ရှေ့ရှိ လူမှာ အနေအထား တစ်ခုတော့ ရှိမည့်ပုံပင်။ မဟုတ်ပါက ကောင်းရန်ရှင်းမှာ ထိုကဲ့သို့သော လေသံဖြင့် ပြောလိမ့်မည် မဟုတ်ချေ။

"မစ္စတာလင်းမှာက ငါတို့ စော်ကားလို့ မရတဲ့ နောက်ခံရှိတယ်...သူက သာမန်လူမဟုတ်ဘူး.."ကောင်းရန်ရှင်း အသံနိမ့်၍ ပြောလိုက်၏။

"ဟက်...ဘယ်လို သာမန် မဟုတ်တာ..."

ချိန်ကျွင်းရဲ့ ပြောလိုက်ပြီး "ကောင်းကြီး..မင်းလည်း ခု ငါ့အနေအထားကို သိရဲ့သားနဲ့ကွာ..သခင်လေးချင်းလို အနေအထား

လောက်မှ မဟုတ်ရင် ဘယ်ကောင့်ကိုမှ သောက်ဂရုစိုက်စရာ မလိုဘူးဆိုတာ သိတယ်မလား...။"

## အခန်း (၃၀၄)

"ဒါ...."

"ကောင်းရန်ရှင်း တစ်ခဏမျှ တုန့်ဆိုင်းနေပြီးနောက် "မစ္စတာလင်း..ခင်များရဲ့ မိသားစုလုပ်ငန်းက အကြီးစားကြီးဆိုတာ ကျုပ်နားလည်ပါတယ်..အတိတ်မှာ ဆိုရင်တော့ ချိန်ကြီးက ခင်များနဲ့ ယှဉ်လို့ရမှာ မဟုတ်ဘူးဆိုပေမယ့် ခု သူ့ရဲ့ ကုမ္ပဏီက အိန်ဂျယ်

ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီဆီကနေ ပရောဂျက် စီးရီးအေ ရင်းနှီးမြှုပ်နှံငွေကို ရပြီးသား..ခု သူတို့ စီးရီးဘီအတွက် ရင်းနှီးမြှုပ်နှံငွေလည်း မကြာခင်ရတော့မှာ...သူတို့ကုမ္ပဏီရဲ့ ဈေးကွက်အလားအလာက အရမ်းကောင်းလွန်းတယ်...တကယ်လို့ နှိုင်းယှဉ်မယ်ဆိုရင် သူက မစ္စတာလင်းနဲ့တောင် သိပ်မကွာ..."

"အဲ့လိုလား...ရင်းနှီးငွေလေး နှစ်ခါလောက် ရလိုက်တာနဲ့ ဒီလောက်တောင် ရူးသွပ်ပြနေတယ်ပေါ့..."

"ဟားဟား..."ချိန်ကျွင်းရဲ့ အေးစက်စွာရယ်မောလိုက်ပြီး "မင်း သိမှာတော့ မဟုတ်လောက်ဘူး..ဒါပေမယ့် ငါ့ဆီမှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေက သာမန်လူတွေ မဟုတ်ဘူးကွ..."

"အိုး..ဟုတ်လား .ဆိုစမ်းပါဦး..မင်းလို သောက်ရူးက ဘယ်သူ့အားကိုးလဲ ရူးထနေလဲဆိုတာ သိချင်စမ်းပါဘိ..."

"မင်း စီနိုဟာန် ကုမ္ပဏီကိုတော့ ကြားဖူးတယ်ဟုတ်..."ချိန်ကျွင်းရဲ့ပြောလိုက်ပြီး "အဲ့စီနိုဟာန်ကုမ္ပဏီက စီးရီအေ မှာ ရင်းနှီးမြှုပ်နှံထားတာပဲ....ခု ပရောဂျက် စီးရီဘီအတွက်လည်း လာတော့မှာ ... "

"ဒီတော့ စီနိုဟာန် ကုမ္ပဏီက မင်းကို ဒီလိုဘောတွေ ပေးလိုက်တယ် ဆိုပါတော့..."လင်းရီ ပြောလိုက်ပြီး "မင်းက ချင်းဟာန်နဲ့ အမျိုးတော်တာလား.."

"ဘာလဲ ..ကြောက်သွားပြီလား..ရင်ထဲမှာ ကိုယ့်ဘာကိုယ် ကြိတ်ပြီး အပြစ်တွေ တင်နေ

ပြီလားကွ .ဟားဟား....."ချိန်ကျွင်းရဲ့ လှောင်ရယ်လိုက်ပြီး "ထပ်ပြောပြလိုက်ဦးမယ်...စီနီဟန် ကုမ္ပဏီ တင်မကသေးဘူး..တလောကမှ တန်ခိုးထွားလာတဲ့ လင်းယွမ်ကုမ္ပဏီကလည်း အိန်ဂျယ် ကော်ပိုရေးရှင်းကနေ တစ်ဆင့် ငါ့ဆီမှာ ရင်းနှီး မြှုပ်နှံထားသေးတယ်ကွ..."

"လောင်ကုန်းကလည်း သူ့လို တောသားကို ဘာလို့ လေကုန်ခံပြီး ရှင်းပြနေတာလဲ..."ဝမ်ဇီရီ ပြောလိုက်ပြီး "သူ့လို လူမျိုးက ကြားဖူးမှာတောင် မဟုတ်လောက်ဘူး..."

ကျီချင်းရန်ကတော့ ဆွံ့အနေပြီးတိတ်တဆိတ်ခေါင်း ခါရမ်းမိလိုက်သည်။

ထိုလူများမှာ အသားလွတ် ဘဝင်မြင့်လွန်းလှ၏။ တစ်တောင်ထက် တစ်တောင်က ပိုမြင့်သည်ဟူသော စကားကို မကြားဖူးပုံပင်။

ကောင်းရန်ရှင်း မတ်တပ်ရပ်၍ ရှင်းပြလိုက်ပြီး "မစ္စတာလင်း..ခင်များ လင်းယွမ် ကုမ္ပဏီနဲ့ ပတ်သက်ပြီးတော့ အစိမ်းသပ်သပ် ဖြစ်နေမယ်ဆိုတာ သေချာတယ်..ဒါပေမယ့် အဲ့ဒီ ဘယ်ကမှန်း မသိ ပေါ်လာတဲ့ ကုမ္ပဏီကလည်း အထင်သေးလို့တော့ မရဘူးနော်..အမြွာမျှော်စင်ကိုတောင်မှ သူတို့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ သူဌေးက ၁၈ ဘီလီယံပေးပြီး ဝယ်ထားတာ...ဒီတော့ သူ့ရဲ့ နောက်ခံနဲ့ဆိုရင် ချိန်ကြီးက....."

ကောင်းရန်ရှင်း စကားဆိုးအောင် မပြောခဲ့သော်လည်း လင်းရီမှ သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပေသည်။

လက်ရှိ ချိန်ကျွင်းရဲ့၏ ပိုင်ဆိုင်မှုမှာ လင်းရီလောက် မရှိသော်လည်း အနာဂတ်အလားအလာကတော့ လွန်စွာကောင်းမွန်၏။ ထို့ကြောင့် အရိပ်အကဲနားလည်သင့်ပေသည်။

ကောင်းရန်ရှင်း၏ စကားလုံးများက ဘေးဝိုင်းတွင် စားသောက်နေကြသည့် ဟွာရှသားများကို လုံးဝါရှော့ခ်ရသွားစေခဲ့သည်။

ချင်းဟန်ကလည်း ကျိုးဟိုင်ကဆိုပေမယ့် အင်တာနက်ပေါ်မှာ လွှမ်းမိုးမှုကတော့ နှာတစ်ချက်ချေရုံနဲ့တင် ဂယက်ထသွားလောက်တယ်

ပြီးတော့ အမြှာမျှော်စင်ကို ၁၈ ဘီလီယမ်ပေးပြီး ဝယ်ထားတဲ့ တိုင်ကွန်းကြီးကလည်း သူ့နား ရင်းနှီး မြုပ်နှံထားတယ်ဆိုတော့ ဘယ်သူက သူနဲ့ ဆန့်ကျင်ရဲတော့မှာလဲတဲ့။..

ဆန့်ကျင်ခဲ့ရင် အကောင်ကြီးကြီး နှစ်ယောက်ကို တစ်ပြိုင်တည်း အပြစ်ပြုလိုက်တာနဲ့ အတူတူပဲ မဟုတ်လား...

"ဖူး....."

ကျိချင်းရန် မနေနိုင်ပဲ အသံထွက် ရယ်မောမိလိုက်သည်။

လင်းရှီ ရင်းနှီး မြုပ်နှံပေးနေတဲ့သူက သူ့သူဌေးရှေ့မှာ လာပြီး ဟိတ်ဟန် ထုတ်ပြနေတယ်တဲ့...

လင်းရီလည်း အကျယ်ကြီး အော်ရယ်မိလိုက်ပြီး ဘာပြောရမှန်းမသိ ဖြစ်နေတော့၏။

"ဘယ်သူက မင်းနား ရင်းနှီး မြုပ်နှံထားတာ..ချီရှန်းကျောက်လား..ဒါမှ မဟုတ် ဟော်ယွမ်ယွမ်လား..."လင်းရီ မေးလိုက်၏။

လင်းရီမှ ချီရှန်းကျောက်နှင့် ဟော်ယွမ်ယွမ်တို့၏ အမည်ကို ပြောသံကြားတော့ ချိန်ကျွင်းရဲ့ အေးခဲသွားပြီး "မင်း..မင်းက ဒါရိုက်တာဟော်နဲ့ ဒါရိုက်တာချီကို သိတယ်ပေါ့လေ.."

"မင်းကို မေးနေတာ ငါ့ကို ပြန်လာမမေးနဲ့..ဘယ်သူက မင်းနား ရင်းနှီး မြုပ်နှံထားတာလဲလို့..."

"ဒါရိုက်တာချီ..."

"အေးဆေးပေါ့..ဖုန်းလေး တစ်ကောလောက် အရင် ခေါ်ကြရအောင်..."

လင်းရီ ချီရှန်းကျောက်ထံသို့ ဖုန်းခေါ်လိုက်ပြီး အကြာကြီးမြည်ပြီးနောက် တစ်ဖက်မှ ဖုန်းကိုင်လာခဲ့၏။

"ဘော့စ်လင်း...?"

အချိန်ကွာခြားမှုကြောင့် ချိုင်းနားတွင်တော့ မနက်အစောပိုင်း ဖြစ်နေကာ ချီရှန်းကျောက်မှ ယခု အချိန်ထိ အိပ်ရာမှ မထသေးချေ။

"မင်း ချိန်ကျွင်းရဲ့ ဆိုတဲ့ကောင်နဲ့ သိလား..."လင်းရီ မေးလိုက်၏။

"ဟုတ် သိပါတယ်ဘော့စ်..သူက ကျုံးကျွီ နည်းပညာ ကုမ္ပဏီရဲ့ သူဌေးလေ..သူတို့ ကုမ္ပဏီရဲ့ အလားအလာလေးက မဆိုးတော့

ကျုပ်တို့ ပထမတစ်ခေါက်တောင် ရင်းနှီးပြီး သွားပြီ..ခု ဒုတိယတစ်ခေါက် စဖို့ ပြင်နေတာ..."

ချီရှန်းကျောက်မှ ဖြေကြားလိုက်သည်။

"ငါခုလေးတင် မင်းရဲ့ ကောင်ကြီးနဲ့ တွေ့နေတာ..လူက သိပ်ကျုပ်ပြည့်ပုံ မရဘူး.....ရင်းနှီးထားတဲ့ငွေတွေကို ပြန်ထုတ်လိုက်တော့..."

"ရင်းနှီးထားတာတွေကို ပြန်ထုတ်ရမယ်..?"

"အမှန်ပဲ..ပြန်ထုတ်လိုက်..."လင်းရီ ပေါ့ပါးစွာ ပြောလိုက်သည်။

"ကောင်းပြီလေဘော့စ်..အဲ့လိုဆို ကျုပ်မနက်ဖြန် မနက်ကျရင် ကျုံးကျွီနဲ့ ဆက်သွယ်ပြီးတော့ ငွေပြန်ထုတ်လိုက်တော့မယ်..."

"အိုကေ...အေးဆေး နားလိုက်ဦး..."

ညွှန်ကြားချက်များ ပေးပြီးနောက် လင်းရီ ဖုန်းချလိုက်သည်။ ကောင်းရန်ရှင်းနှင့် ချိန်ကျွင်းရဲ့တို့မှာတော့ နေရာတင် အေးခဲပြီး တောင့်တောင့်ကြီး ဖြစ်နေတော့၏။

လင်းရီနှင့် စကားပြောနေသူမှာ လင်းယွမ် ကော်ပိုရေးရှင်းမှ ချီရှန်းကျောက် ဖြစ်ကြောင်း ချိန်ကျွင်းရဲ့ ပြောနိုင်လေသည်။

ထို့ပြင် သူ့ရှေ့ရှိလူကိုလည်း ဘော့စ်ဟု ခေါ်လိုက်သေး၏။

ဖြစ်နိုင်တာက သူ့ထက် ရာထူး အရမ်းကြီးမြင့်လို့များလား...

အဲ့လိုဆိုရင်တောင်မှ သူကဖြင့် လင်းယွမ် ကော်ပိုရေးရှင်းရဲ့ COO တောင်ဖြစ်နေပြီး

သားလေ..သူ့ထက် ရာထူးကြီးတာဆိုလို့ သူ့ဒွေးပဲ ရှိတော့မှာပေါ့...ဟစ်....

"မစ်...မစ္စတာလင်း..ခင်များ ရင်းနှီးငွေတွေကို ပြန်ထုတ်မယ် ပြောလိုက်သလားလို့..."

"အမှန်ပဲလေ..ငါ့ငွေ ငါထုတ်တာ ဘာဖြစ်လို့လဲ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး ""ဒါပေမယ့် မပူနဲ့ ငါ ဖုန်းခေါ်တာက မပြီးသေးဘူး.."

လင်းရီ သူ၏ ဖုန်းထဲရှိ ချင်းဟန်၏ နံပါတ်ကို တစ်ဖန် ပြန်ခေါ်လိုက်သည်။

ချီရှန်းကျောက်၏ ဆိတ်ငြိမ်သော နေရာနှင့် နှိုင်းယှဉ်မည် ဆိုပါက ချင်းဟန်၏ နေရာမှာ အတော်လေး ရှုန်းရင်းဆန်ခတ် ဖြစ်နေသည် ဟု ဆိုရမည်။ ဖုန်းထဲတွင်လည်း အမျိုးသမီး

တစ်ဦး၏ ရာဂမီးတောက်လောင်နေသံများ ဆူညံနေပြီး ကျီချင်းရန်ပင် နားရှက်လာခဲ့၏။

ထိုငနဲမှ ဒချိဒချိဂိမ်းကစားနေသည်မှာ ထင်ရှားပေသည်။

"ငါလခွမ်းမို့လို့ ညသန်းခေါင်ကြီး ဖုန်းဆက်နေတာလားဟ..ပြော..ဘာကိစ္စလဲ.."

"မင်း လတ်တလော ကျုံးကျွှိနည်းပညာ ကုမ္ပဏီမှာ ရင်းနှီး မြှုပ်နှံလိုက်သေးလား..ငါ ဒီနေ့ပဲ သူတို့ ဘော့စ်နဲ့ တွေ့ခဲ့တယ်..ရှက်စရာပဲကွာ..အဲ့ကောင်က သိပ်ကျပ်မပြည့်ရှာဘူး...ဒီတော့ သူတို့ ပရောဂျက် စီးရီးဘီမှာလည်း ပါမနေနဲ့တော့..."

"ငိုးပဲ စောစောတော့ မပြောဘူး.."ချင်းဟာန် ကျိန်ဆဲ လိုက်ပြီး "အဲ့ကောင်က မင်းကို

အပြစ်ပြုထားတာလား...ငါ့ မဆက်အသွယ်တွေ သုံးပြီးတော့ ဘလက်လစ်ထဲ ထည့်ပေးရဦးမလားဟျောင့်..."

"အင်း..အဲ့လိုလုပ်လည်း အဆင်ပြေပါတယ်..."

"အိုကေ ခုတော့ အလုပ်များလိုက်ဦးမယ်...ဂိမ်းက မနက်ဖြန်လောက်မှ ပြီးမှာ ဟီးဟီး..."

"အေးပါကွာ....."

ဖုန်းချပြီးနောက် လင်းရီ ချိန်ကျွင်းရဲ့ကို စိန်ခေါ်သည့် အကြည့်ဖြင့် ကြည့်လိုက်ပြီး "စကားဆက်ပြောရအောင်လေ..မင်းမှာ နောက်ထပ် ဘယ်နောက်ခံတွေ ရှိလဲလို့ ပြောပါဦး..ငါနဲ့ အတူထိုင်ဖို့ တန်မတန် ကြည့်ရအောင်လို့..."

ချိန်ကျွင်းရဲ့ တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ် သွားပြီး မျက်နှာမှာလည်း တစေတစ်ကောင် အား မြင်လိုက်ရသကဲ့သို့ ဖြူလျော် သွားတော့သည်။

"မင်း..မင်းက ဘယ်သူလဲ .."

"ငါက ဘယ်သူလဲ..."လင်းရီ ပြုံးလိုက်ပြီး "တိုက်တိုက် ဆိုင်ဆိုင် ငါက လင်းယွမ်ကုမ္ပဏီ ရဲ့ဘော့စ်လေ..ပြီးတော့ အမြွှာမျှော်စင်ကို ၁၈ ဘီလီယမ်ပေးပြီး ဝယ်လိုက်တဲ့ တောသား ငနဲ လေးပေါ့..."

"ဖူး...."

ချိန်ကျွင်းရဲ့ သွေးအန်လုနီးပါး ဖြစ်သွားခဲ့ပြီး "မင်း..မင်းက လင်းယွမ်ကုမ္ပဏီရဲ့ဘော့စ်..."

"အမှန်ပဲ..."လင်းရီ လက်သုတ်ရင်း ပြောလိုက်ပြီး "ပြီးတော့ စီနီဟန် ကုမ္ပဏီကို ရင်းနှီးခိုင်းလိုက်တာလည်း ငါပဲ..မဟုတ်ရင် သူတို့က မင်းလို ပါမွှားလေးကို စိတ်ဝင်စားမယ် ထင်နေလား..."

ဘေးတွင် ရပ်နားထောင် နေသည့် ကောင်းရန်ရှင်းကတော့ ရင်တစ်ချက် တုန်သွားခဲ့သည်။

သူနှင့် ချိန်ကျွင်းရဲ့ တို့မှာ ငတုံးများ ဖြစ်နေသကဲ့သို့ ခံစားလိုက်ရ၏။

ချိန်ကျွင်းရဲ့၏ ကုမ္ပဏီမှာ အလားအလာကောင်းခဲ့သော်လည်း ယခု သူ့ရှေ့ရှိ လူကြောင့် အရာအားလုံး ပျက်ဆီးကုန်ချေပြီ။ ဟိတ်ဟတ်ထုတ်ခြင်း၏ မကျိုးဆက်များပင်။

ဘယ်လိုတောင် ပိန်းလိုက်လဲကွာ...

"လက်....လက်စသတ်တော့ နှစ်ခု လုံးက မင်းလုပ်နေတာကိုး"

"အမှန်ပဲ.."လင်းရီ ပြောလိုက်ပြီး "ဒီမှာ ကောင်မလေးနဲ့ ကဲနေမယ့်အစား မင်းကုမ္ပဏီကို ပြန်ပြီး ကိုင်တွယ်သင့်တယ်နော..."

"မ...မလုပ်ပါနဲ့"

ဘုန်း..

ချိန်ကျွင်းရဲ့ လင်းရီရှေ့တွင် ဒူးထောက်ချလိုက်သည်။

"မစ္စတာလင်း.. ကျေးဇူးပြုပြီး ကျွန်တော့်ကို အခွင့်ရေး တစ်ခါက်လောက်ပဲ ထပ်ပေးပါ...ရင်းနှီးငွေတွေသာ အကုန်ထုတ်လိုက်မယ်ဆိုရင် ကျွန်တော့်ဘဝက တကယ်ကို အဆုံးသတ်ပြီ မို့လို့ပါဗျ..."

"မင်းငါ့ကို လာပြီး တောင်းပန်နေစရာ မလိုဘူး.."လင်းရီ ပြောလိုက်ပြီး "ကောင်းကင်ကြီးက အပြစ်သားတွေကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်ပေးလိမ့်မယ်...ဒါပေမယ့် အဲ့အပြစ်တွေကြိုတော့ မင်းဘဝတစ်လျှောက်လုံး ပခုံးထမ်းထားရမှာပဲလေ..မင်းဘာမင်း ပေးဆပ်တာက အကောင်းဆုံးပဲ..."

ချိန်ကျွင်းရဲ့၏ မျက်လုံးများမှာ ဗလာကျင်းသွားခဲ့ပြီး ဝိဉာဏ်နှုတ်ခံရသူကဲ့သို့ ငူငူငိုင်ငိုင်ကြီး ဖြစ်လာခဲ့၏။

"ကျွင်းရဲ့..နင်ဘာမှ တောင်းပန်နေစရာ မလိုဘူး..နင့်ရဲ့ အရည်အချင်းနဲ့ဆိုရင် နောက်တစ်ဖန် ပြန်ဦးမော့နိုင်မယ်လို့ ယုံကြည်တယ်...."ဝမ်ဇီရီ ပြောလိုက်သည်။

ဖြောင်း...

ချိန်ကျွင်းရဲ့ တစ်ဖက်လှည့်ပြီးဝမ်ဇီရီကို ပါးပိတ်ရိုက်လိုက်သည်။

"အားလုံးက မင်းအမှားတွေပဲ ခွေးမ...မင်းသာ ပန်ဒါကို ဘီစကစ်မကျွေးပဲနဲ့ မစ္စတာလင်းရှေ့မှာသာ ကြွားလုံးမထုတ်ချင်ခဲ့ဘူးဆိုရင် ဒီလိုတွေ ဖြစ်လာမှာတောင် မဟုတ်ဘူး...."

"နင်...နင်ငါ့ကို ရိုက်တယ်..."

ဝမ်ဇီရီ သူမ မျက်နှာကို လက်ဝါးလေးဖြင့်အုပ်ရင်း "ငါနင့်ကို တကယ်မှားယွင်းမှားခဲ့တာပဲ..."

"ငါကမှ မင်းနဲ့ ပတ်သက်ပြီး အကုန်မှားယွင်းခဲ့တာကွ...အားလုံး မင်းအမှားပဲ..ခုတော့ ငါ့မှာ

တောင်းစားရင်တောင် ခွက်ရှိမှာ မဟုတ်တော့ဘူး...."

"နင်ကိုက သောက်သုံးမကျတာကိုး..ငါ့လာအပြစ်တင်မနေနဲ့ ..."ဝမ်ဇီရီ အော်ဟစ်လိုက်ပြီး "နင့်တစ်သက်လုံး မစွတာလင်းထက်ဘယ်တော့မှ ကောင်းလာမှာ မဟုတ်ဘူး"

လင်းရီကတော့ ပါးစပ်သုတ်ပြီး ကျီချင်းရန်နှင့်အတူ ထိုနေရာမှ ထွက်လာခဲ့လိုက်၏။

သူတို့အချင်းချင်း အပြစ်တင် ဝေဖန်နေသည့်စကားလုံးများကို နားအရသာ ခံနေရန် အာရုံမရှိချေ။

ထိုနေ့လည်ခင်းတွင်တော့ လင်းရီ ကျီချင်းရန်ကို ပန်းခြံတစ်ဝိုက်ရှိ နေရာတော်တော်တော်များများသို့ လိုက်ပို့ပေးခဲ့သည်။

ပျော်စရာကောင်းသည့် စီးစရာများ ရှိသော်လည်း အများစုမှာ ပြင်းထန်လွန်းသောကြောင့် ကျီချင်းရန် စီးရန် မဝံ့ရဲခဲ့။

အထူးသဖြင့်တော့ မီတာ ၂၀၀ကျော်မြင့်မားသည့် ချားရဟတ်ကြီးကို သူမ အရမ်း စီးချင်နေလေသည်။

သို့သော်လည်း အတော်လေးကြောက်နေခဲ့၍ ထိုချားရဟတ်ကြီးကို ဘေးချိတ်ကာ နောက်တစ်ခေါက်လာမှ ထပ်စီးရန် ဆုံးဖြတ်လိုက်တော့၏။

"လင်းရီ နင်ငါနဲ့အတူ ချားရဟတ် လိုက်စီးပေးမယ်လို့ ပြောထားတာနော်..နင့်စကားနင် ပြန်မရုတ်သိမ်းနဲ့.."

"ဒီက မင်းကို ဒစ်စနီလန် ခေါ်လာခဲ့ပေးတဲ့ ကောင်ပါကွ..ဘာကို ကြောက်ရမှာ....ချား ရဟတ်လေးပဲ မလား"လင်းရီ ပြောလိုက်ပြီး "မစီးရဲတဲ့သူက မင်းလေ..."

"ဒါပေမယ့် ငါက နောက်ရက် တွေကျရင် လာစီးမှာလေ ..အဲ့ခါကျ နင့်စကားတည်ဖို့သာ မမေ့နဲ့..ငါနဲ့ အတူ လိုက်စီးပေးရမယ်..."ကျီချင်းရန် လေးနက်စွာဖြင့် ပြောလိုက်သည်။

# အခန်း (၃၀၅)

"မပူနဲ့..ငါ့စကားငါတည်တယ်.."

ကျီချင်းရန် အဘယ်ကြောင့် ချားရပတ်များကို နှစ်သက်မှန်း မသိသော်လည်း လင်းရီသဘောတူလိုက်၏။

ထွေထူးကိစ္စကြီးလည်း မဟုတ်သောကြောင့် သူက အဘယ်ကြောင့် သဘောမတူရဲရမည်နည်း။

နှစ်ယောက်သား နာမည်ကျော်ကြားသည့် ဒစ်စနီရှိုးကို ကြည့်ရှုပြီးနောက် ညအချိန်အခါ ကျရောက်သည့် အခါ ဟိုတယ်သို့ လမ်းလျှောက်လာခဲ့ကြသည်။

"လင်းရီ ..ဒီည ကုတင်က ငါ့ဟာနော် .."

"အမ်..မင်းက ဘာစကား ပြောချင်နေတာ..."

"ကုတင်က ဒီည ငါပိုင်တယ်လို့..."

"ဘာဆိုင်လို့တုန်းဟ..."လင်းရီ ဇဝေဇဝါ ဖြစ်သွားပြီး "အဲ့တာက မင်းရဲ့ လုပ်နိုင်စွမ်းပေါ်မူတည်နေတာလေ..ငါ့ကို နိုင်မှပဲ အဲ့စကားပြော..."

"ငါက နိုင်ငံခြားမှာ မလေ့လာခဲ့ဘူး ဆိုပေမယ့် IELTS အမှတ်က ၈.၀ ပါနော်..ဘယ်ဘက်ကပဲကြည့်ကြည့် ငါ့ရဲ့ အင်္ဂလိပ်စာ အရည်အချင်းက နင့်ထက် အများကြီး သာတယ်..."

"အဲ့တာဆိုလည်း ကောင်းပြီလေ.."လင်းရီ ဘေးဘီကို တစ်ချက်ကြည့်လိုက်သောအခါ မနီးမဝေးရှိ လွယ်အိတ်နှင့် မိန်းကလေးတစ်ဦးကို မြင်လိုက်ရ၏။

"ဟိုနားက ကောင်မလေးကို တွေ့လား..တကယ်လို့ မင်းသာ အဲ့ဒီ မိန်းကလေးရဲ့

ဖုန်းနံပါတ်ကို ရအောင် တောင်းနိုင်ရန် ကုတင်က ဒီည မင်းဟာပဲ.."

ကျီချင်းရန် လင်းရီကို ရန်ရှာသည့် အကြည့်ဖြင့် ကြည့်လိုက်ပြီး "နင်က သူ့ဖုန်းနံပါတ်ယူပြီး ဘာလဲလုပ်မှာ.."

"ဒီတိုင်း..မင်းရဲ့ အရည်အချင်းကို စမ်းသပ်ရုံလေးပါကွာ..တခြား ရည်ရွယ်ချက်တွေ မရှိပါဘူးဟ.."

"ဟွန့် .အဲ့လိုဆိုလည်း ပြီးရော..."ကျီချင်းရန် ပြောပြီးနောက် ယုံကြည်ချက် အပြည့်ဖြင့် "ဒီတိုင်း ဖုန်းနံပါတ်လေးပဲ မလား..ခုပဲ တောင်းလာခဲ့ပေးမယ်..."

လင်းရီကတော့ လှေကားထစ်ပေါ်တွင် ထိုင်ချပြီး အာရုံသိပ်ထားမနေချေ။

ကျီချင်းရန်၏ ဆိုရှယ်စကေးနှင့်ဆိုပါက ထို ကောင်မလေးထံမှ ဖုန်းနံပါတ်တောင်းရန်မှာ ကိုတ်မုန့်လိုးစားသလိုပင် လွယ်ကူလှ၏။

မည်သို့ပင်ဆိုစေ မိန်းကလေး အချင်းချင်း ကြားတွင် သတိကပ်ပြီး မပေးစရာ အကြောင်းတော့မရှိချေ။

ထို့ကြောင့် သူပေးလိုက်သည့် မစ်ရှင်မှာ လုံးဝ အလွယ်လေးဟုတောင် ဆို၍ ရသည်။

"မဟုတ်ဘူး..ဒီမစ်ရှင်က မကောင်း ဘူး..နောက်တစ်ခု ပြောင်းရအောင်..."

"အမ်..."

လှေကားထစ်များပေါ်တွင် ထိုင်နေသည့်လင်း ရီမှာ သူ၏ တင်ပါးပူအောင်တောင် မထိုင်ရ သေးခင် ကျီချင်းရန် ရှုံ့မဲ့နေသည့်

မျက်နှာထားဖြင့် ပြန်လာသည်ကို မြင်လိုက်ရ၏။

"ဘာလဲဟ..ဒီလောက်ထိ လွယ်တာလေးတောင် မလုပ်နိုင်ဘူးတဲ့လား...အဲ့တာများဘယ်လိုလုပ်ပြီး စီအီးအို ဖြစ်လာပါလိမ့်.."

"ဒါနဲ့ ဘာမှ မဆိုင်ဘူး."ကျီချင်းရန် မကျေမနပ်ဖြစ်သွားခဲ့ပြီး "အဲ့ကောင်မလေးက ပြင်သစ်က ဒီတော့ သူနဲ့ ဘယ်လိုမှ စကားပြောလို့မရဘူး..နောက်ထပ် တခြားတစ်ယောက် ပြောင်းကြရင်ကော."

"သောက်ကျိုးနည်း..မင်းက ပြင်သစ်စကားတောင် မပြောတတ်ပဲနဲ့ ကိုယ့်ကိုယ်ကိုထိပ်တန်း ကျောင်းသူဆိုပြီး လုပ်နေသေးတယ်ပေါ့..."

"မတူဘူးလေ..ပြင်သစ်က အင်္ဂလိပ်ထက် အများကြီး ပိုခက်တယ်...ပြီးတော့ တက္ကသိုလ် တက်တုန်းကလည်း အဲ့လို နိုင်ငံခြား ဘာသာ တွေမှ မလေ့လာခဲ့ဖူးတာ..."ကျီချင်းရန် မ ပျော်ရွှင်စွာ ပြောလိုက်ပြီး "တကယ်လို့ နင် တတ်ရင် နင်သွားပြောလေ.."

"ငါပြောနိုင်ခဲ့ရင်ကော..."

"တကယ်လို့ နင်သာ အဲဒီမိန်းကလေးနား ဖုန်း နံပါတ် တောင်းနိုင်ခဲ့ရင် ဒီည ကုတင်က နင့် ဟာပဲ..."

"ဟဲဟဲ ငါကလည်း အဲ့လိုပြောမှာကို စောင့်နေ တာ..."

ရွှေအိုရောင် ဆံပင်ပုံစံနှင့် ပြင်သစ်သူလေးမှာ လင်းရီ သူမထံ လျှောက်လာသည်ကို မြင်

တော့ ရှက်ရွံ့စွာဖြင့် မျက်နှာလေး ပန်းရောင် သန်းသွားခဲ့သည်။

"အဟမျး အဟမျး ..."

လင်းရီ နှစ်ကြိမ်သုံးကြိမ်ခန့် ချောင်းဟန့်ပြီး နောက် လေးနက်သည့် မျက်နှာထားဖြင့် "ခန်း ယူစပိ ချိုင်းနို့..."

ကျီချင်းရန်ကတော့ ကူကယ်ရာမဲ့စွာဖြင့် ပါးစပ်လေးအုပ်ပြီး တခစ်ခစ် ရယ်မောနေ တော့သည်။

"ဟွန့်...ဒင်းက အဲ့လောက် ယုံကြည်ချက်တွေ ပြည့်နှက်နေတာ မဆန်းတော့ပါဘူး.."

'ဒါပေါ့ကွ.....ငါက မပိုင်ရင် ခြင်တောင် မရိုက် ဘူး...'

"အပျော်ဒေါ်တော့လုပ် အလှနတ်သမီးလေး...ကိုယ်လို ရုပ်ချောသဘောကောင်းတဲ့သူနဲ့ အထီးကျန် ဆန်လွန်းတဲ့ ညတွေမှာ အဖော်အဖြစ် စကားပြောလို့ရအောင် ဖုန်းနံပါတ်လေး မ ပေးချင်ဘူးလား..."

"ဟင်..."

ကျီချင်းရန် ခေါင်းခါရမ်းပြီး လှည့်ထွက်တော့ မည့် အချိန်တွင် လင်းရီမှ ပြင်သစ်လေသံဖြင့် ကျွမ်းကျင်စွာ ပြောသံကြားတော့ ထိတ်လန့် တကြား နောက်သို့ လှည့်ကြည့်မိလိုက်သည်။

ဘယ်...ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ.

သူက ဘာလို့ ပြင်သစ်လို ဒီလောက်ထိ ကျွမ်းကျင်နေတာလဲတဲ့...

ဘယ်ချိန်တုန်းကများ သင်လိုက်ပါလိမ့်

ငါသိတဲ့ လင်းရီမှ ဟုတ်စ။

"ရတာပေါ့ရှင်.."ပြင်သစ်သူလေးမှာ လွန်စွာ စိတ်လှုပ်ရှားသွားခဲ့ပြီး သူမ ဖုန်းနံပါတ်ကို လင်းရီထံသို့ ရက်ရက်ရောရောကြီး ပေးလိုက်တော့၏။

လင်းရီ သူ့ဖုန်းကို ခါယမ်းပြလိုက်ပြီး ကြွေဆင်းသွားနိုင်လောက်သော အပြုံးလေးဖြင့် မျက်စိ တစ်ဖက်မှိတ်ပြလိုက်ကာ "ကျေးဇူးနော်..အလှလေး..နောက်ကျရင် ဆက်သွယ်လိုက်မယ်..."

ဖုန်းနံပါတ် ရလာပြီးနောက် လင်းရီ ကျိချင်းရန်၏ ဆံပင်ကို ဖွကာ "သွားစို့..ဆိုဖာက မင်းကို သတိရလို့တဲ့..."

ကျီချင်းရန် ဆံပင်များ ရှုပ်ပွသွားခဲ့ပြီး လင်းရီကို မျက်လုံးရွဲကြီးများဖြင့် ကြည့်ကာ "နင်...နင်က ပြင်သစ်လို ပြောတတ်တယ်ပေါ့..."

"ပြင်သစ်စကားလေးပဲမလား..ဘာများ ခက်ခဲနေလို့လဲဟ...."လင်းရီ ပခုံးတွန့်လိုက်ပြီး "ငါလည်းမင်းကို ကုတင်ပေါ်မှာ အိပ်စေချင်ပါတယ်ကွာ..ဒါပေမယ့် ကြမ္မာနတ်သမီးလေးက ချောမောလွန်းတဲ့ငါ့ကို ဆိုဖာပေါ်မှာ အိပ်နေတာ မကြည့်ရက်လို့နေမှာ...ဒီတော့ မင်းကိုပဲ ဆိုဖာပေါ်မှာ အိပ်ခိုင်းဖို့ ဒုက္ခပေးရရတော့မယ်..."

"လင်းရီ...နင်..ဒါကတော့ အနိုင်ကျင့်လွန်းသွားပြီ"

ကျီချင်းရန် နှုတ်ခမ်းစူပြီး ခြေဆောင့်လိုက်ပြီး လက်ပိုက်ကာ ဟွာရှ အိမ်ထောင်ရှင်မများ စိတ်ဆိုးသည့် အသွင်ဖမ်းလိုက်၏။

၎င်းကိုမြင်တော့ လင်းရီ ကြောင်အသွားခဲ့သည်။ ကျီချင်းရန်လည်း စိတ်ကောက်တတ်သည့် မိန်းကလေးတစ်ဦး ဖြစ်သည်ကို သူမေ့နေခဲ့လေသည်။

"ကဲ ကဲ အဲ့လိုကြီး လုပ်မနေနဲ့..သူများတွေဝိုင်းကြည့်ကုန်ပြီ..."လင်းရီ ပြောလိုက်ပြီး "မင်းဒီည ကုတင်ပေါ်မှာ အိပ်လို့ရတယ်..."

"ခစ်ခစ်..ဒီလိုမှပေါ့..."ကျီချင်းရန် လှေကားပေါ်တွင် မတ်တပ်ရပ်လိုက်ပြီး လက်နှစ်ဖက်ကို အနည်းငယ် ဆန့်ကားပြီး ပွေ့ဟူသော ပုံစံပြုလုပ်လိုက်၏။ "လင်းရီ ငါ့ကို ကျောပိုးပေး.."

"လာကွာ..တက်.."

လင်းရီ ကူကယ်ရာမဲ့စွာ သက်ပြင်းချလိုက်ပြီး အပြုံးလေးဖြင့် သူမနားသို့ ကျောပေးကာ ကျီချင်းရန်အား နောက်ကျောပေါ်သို့ ခုန်တက်စေလိုက်၏။

လင်းရီ၏ နွေးထွေးသော နောက်ကျောပြင်ကြီးကို မှီရင်း ကျီချင်းရန်၏ ရင်ဘက်ထဲတွင်တော့ လုံခြုံသည်ဟု ခံစားနေရသည်။အတိတ်တွင် မည်သူကမျှ သူမကို ယခုလို ခံစားချက်မျိုး မပေးစွမ်းနိုင်ခဲ့။

"ရီ...နင်ငါ့ကို ဘာမှ ပြောစရာ မရှိဘူးလား..."

ကျီချင်းရန် တိုးတိုးလေး မေးလိုက်၏။

"အင်း..တင်းတင်းဖက်ထား..အရမ်းနူးညံ့တယ်..."

"နူးညံ့တယ်..?"

ကျီချင်းရန် ရှက်သွေးဖြန်းသွားပြီး "ဘယ်သူက နင့်ကို အဲ့တာ ပြောခိုင်းလို့လဲ..."

"ခံစားချက်တွေကို အရိုးသားဆုံး ပြောပြတာလေ..."

"ဟွန့်...ရိုမန်တစ် မဆန်တက်လိုက်တာ..."

အမျိုးသမီး ဘီလီယမ်နာ တစ်ယောက်ဖြစ်သော်လည်း ကျီချင်းရန်မှာ နုနယ်သည့် အသည်းနှလုံးနှင့် မိန်းကလေး တစ်ယောက်ဖြစ်၏။ သူမလည်း ပန်းနုရောင်များနှင့် ရိုမန်တစ်ဆန်သည့် အရာများကို နှစ်ခြိုက်လေသည်။

"တော်ပြီ ချပေးတော့..ဟိုတယ်လည်း ရောက်တော့မှာ..ကိုယ့်ဘာကိုယ်ပဲ လမ်းဆင်းလျှောက်တော့မယ်..."

ကျီချင်းရန် တိုးတိုးလေး ပြောလိုက်၏။

"ဟိုတယ်နား ရောက်ခါနီးတော့ကော ဘာဖြစ်လဲ..ငါက အခန်းထဲထိ ကျောပိုးသွားမှာ.."

"နင် ဘယ်လိုတောင် လုပ်ရဲတာလဲ..ဟိုတယ်မှာ လူတွေ ဒီလောက်ထိများတာကို ရှက်ဖို့ကောင်းလိုက်တာ...မြန်မြန် ပြန်ချပေးလို့..."

"မရဘူး..ကျောကို သေချာဖက်ထားနော်..ရုန်းနေရင် ပစ်ချခဲ့မှာဗျ..."

လင်းရီကတော့ ဘယ်သူ့မှ သောက်ဂရုစိုက်မနေဘဲ ကျီချင်းရန်ကို အခန်းထဲသို့ ခေါ်သွားလိုက်သည်။

ကျောပေါ်တွင် ပါလာခဲ့သည့် ကျိချင်းရန် ကတော့ ရှက်လွန်း၍ လင်းရီကျောနှင့် မျက်နှာကို အပ်ထားတော့၏။ ရှက်လွန်း၍ မည်သူ့ကိုမျှ မကြည့်ချင်တော့ချေ။

အခန်းထဲသို့ ရောက်သည့်အခါမှသာ ကျိချင်း ရန်စိတ်သက်သာရာရစွာဖြင့် သက်ပြင်းတစ် ချက် ချလိုက်၏။

"ဟိုတယ်ထဲမှာ လူကလည်း များလိုက် တာ...မနက်ဖြန်ဆို အပြင်တောင် ဘယ် မျက်နှာနဲ့ ထွက်ရမလဲ ်သိတော့ဘူး..."

ကျိချင်းရန် သူမ မျက်နှာကို လက်ဖြင့် အုပ် လျက် ခေါင်းခါရမ်းနေပြီး အရူးတစ်ပိုင်း ဖြစ် နေပုံကို ကြည့်ပါက သူမမည်မျှ ရှက်ရွံ့နေ ကြောင်း မြင်နိုင်လေသည်။

"ဟားဟား...မင်း ဒီက အကြောင်း နားမလည် သေးပါဘူးကွာ.."လင်းရှိ ရယ်မော၍ ပြော လိုက်ပြီး "ငါတို့ နှစ်ယောက်လုံးက စင်ဂယ် တွေ...ဆိုတော့ မင်းကို ငါ့ကျော်ပေါ် ပိုးလာခဲ့ တာက ပုံမှန်ပဲလေ..ပြီးတော့ ဒီမှာ ရောက်နေ တဲ့ လူတိုင်းကလည်း ဒီသဘောတရားကို နား မလည်တဲ့သူတွေ မဟုတ်ဘူး..အကုန်လုံးက ဝါရင့် သမ္ဘာရင့်တွေ...ဒီတော့ ဘာမှ ရှက်စရာ မလိုဘူး..."

"နင်က အဲ့တာတွေ ဘာ်လိုလုပ်သိတာ..အရင် တုန်းက နင် ဒီရောက်ဖူးတာလား..."

"ရောက်ဖူးမှလားဟ......ဒီကို မိန်းမနဲ့ အချိန်ဖြုန်းဖို့ မဟုတ်ရင် ပိုက်ဆံပေးပြီး ဘာ လာလုပ်ရမှာတုန်း..."

အာ..

လင်းရှိပြောလိုက်သည်မှာ လက်တွေ့ကျလွန်းသောကြောင့် ကျီချင်းရန် မည်သို့ ပြန်ငြင်းရမလဲဆိုတာတောင် မသိတော့ချေ။

"နင်ကတော့ ပေါက်တတ်ကရတွေ ပြောဖို့ဆို ထိပ်ဆုံးက...."

ကျီချင်းရန် မတ်တပ်ရပ်လိုက်ပြီး "ငါ ခြေလက် သွားဆေးလိုက်ဦးမယ်..ဒါပေမယ့် နင်ငါ့ကို ကုတင်ပေးမယ်လို့ ပြောထားတာ မမေ့နဲ့နော်..."

"အေးပါဟ..ပေးမှာပါ..."

"အာ့ဆိုပြီးရော.."

ခြေလက်ဆေးကြောပြီးနောက် နှစ်ယောက်သား ခဏတစ်ဖြုတ်ခန့် တီဗွီကြည့်ရင်း စကားဖောင်ဖွဲ့ခဲ့ကြ၏။

ထို့နောက် သူမ အခန်းသို့ပြင်ကာ အိပ်စက်အနားယူရန် ပြင်လိုက်သည်။

သို့သော်လည်း ယနေ့ညတွင် ကုတင်ကြီးကြီးပေါ်၌ ဇိမ်နှင့် အိပ်ရသော်လည်း သူမအိပ်လို့မပျော်ခဲ့။

"သူက မနေ့တုန်းက ငါ့ကို ပွေ့ပြီးတော့ အခန်းထဲ ခေါ်ခဲ့ပေးသေးတယ်..ဒီကနေ့ သူ့အလှည့်ကျမှ အပြင်မှာ သိပ်ရင် ကောင်းပါ့မလား..."

ထိုအကြောင်း စဉ်းစားမိတော့ ကျီချင်းရန် ထကာ စောင်တစ်ထည်ကို ယူပြီး လင်းရီကို

သွားခြုံပေးရန် တံခါးရှေ့သို့ ရောက်လာခဲ့လေသည်။

ချလပ်...

တံခါးဖွင့်လိုက်သည့် အချိန်တွင်တော့ လင်းရီ တံခါးဝ ရှေ့၌ ရပ်နေသည်ကို မြင်လိုက်ရ၏။

"အမ်...အပြင်ထွက်မလို့လား..."

## အခန်း (၃၀၆)

"အမ်...."

"နင်က ဘာလဲလုပ်နေတာ..."

"ငါက ဘာလုပ်ရမှာ .. ဒီလောက် လှတဲ့ ညလေးတစ်ညမှာ အပြင်ထွက်ပြီး လမ်းလေး

ဘာလေး လျှောက်ရင် ကောင်းမလားပေါ့ ဟာ.."

လင်းရီ ပြောလိုက်၏။

"နင်က တစ်ခုခုတော့ တစ်ခုခုပဲနော်...ဘာလဲ ခိုးကြောင်ခိုးဝှက်နဲ့...."ကျီချင်းရန် သံသယ ကြီးစွာဖြင့် မေးလိုက်သည်။

"ဟင်း...ငါလည်း ဘယ်တတ်နိုင်မှာကွာ.. ပြင် သစ်သူလေးရဲ့ ဆွဲဆောင်မှုက ညှို့ငင်နိုင်လွန်း တယ်လေ..စောနလေးတင် ငါ့ကို လအတူ ရှုစားရင်း အဖော်ပြုပေးပါဆိုပြီး အတင်း ခေါ် နေတော့ ငါကလည်း ဘယ်ငြင်းရက်မှာ....အဲ့ တာကြောင့်မို့ မသွားချင် သွားချင်နဲ့ သွားမလို့ " လင်းရီ သက်ပြင်းချလိုက်ပြီး "ဘဝကြီးက ခက်ခဲလိုက်တာကွာ.."

"နင် သွားရဲ့သွားကြည့်စမ်း..."ကျီချင်းရန် လင်းရှီ ခါးကို ဆွဲဆိတ်လိုက်ပြီး "ငါနင့်ကို ပြောလိုက်မယ်...ဒီနေ့ နင် ဘယ်မှ သွားစရာ မလိုဘူး..နင့် အခန်းထဲမှာပဲ နေရမယ်..."

ကျီချင်းရန်၏ ရင်ဘက်မှာ ဒေါသကြောင့် ဖားဖိုကြီးကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်နေလေသည်။

ဟွန့်..တွေ့တာမှ ဘယ်လောက်ပဲ ကြာသေးလို့လဲ....ကောင်မက လင်းရှီကိုတောင်မှ ခေါ် ထုတ်ချင်နေပြီပေါ့လေ...

"ပြီးတာပဲ..အဲ့တာဆိုလည်း မသွားတော့ဘူး..ဒီမှာပဲနေတာပေါ့..."

"ဟမ့်..ဒီလိုမှပေါ့.."

ကျီချင်းရန် အခန်းထဲသို့ ဝင်သွားခဲ့သည်။ သို့သော်လည်း တခဏခန့် ကြာသောအခါ တံခါး တိုးတိုးလေးဖွင့်ပြီး လင်းရီ ရှိမရှိ ချောင်းကြည့်နေပြန်၏။

"ဘာလဲ..မအိပ်ပဲနဲ့ ဘာတွေ လျှောက်လုပ်နေတာ..."

"နင် အပြင်ခိုးထွက်သွားပြီလားလို့ လာကြည့်တာလေ..."

"ဟုတ်လို့လား..ငါတော့ မင်း ငါ့ ကို လာလာငမ်းတယ်လို့ပဲ ထင်တယ်နော..."

"ဘာလာ ဘလာ ဘလာ...အွက်...ဘာဆိုင်လို့ ငါက ငမ်းရမှာ.."ကျီချင်းရန် မပျော်ရွှင်စွာ ပြောလိုက်ပြီး "ငါနဲ့ အခန်းထဲလိုက်ခဲ့..."

"အာ...အိုကေလေ..."

အခန်းထဲတွင်တော့ ကျီချင်းရန် လင်းရီကို စောင်နှစ်ထည်ခင်းပေးလိုက်ပြီး ညွှန်ပြကာ "နင်က ဒီည ဒီမှာအိပ် ...ငါ ကုတင်ပေါ်ကနေ စောင့်ကြည့်နေမယ်....ဟွန့်နင်ဒီည သွားရဲ သွားကြည့်စမ်း....."

လင်းရီကတော့ ပျင်းရိစွာ အကြောဆန့်လိုက်ပြီး "သဘော..အဲ့လိုဆိုလည်း ကုတင်ပေါ်ပဲ အိပ်ရတာပေါ့..."

"နင် ဒီမှာလည်း အိပ်လို့မရဘူး...အဲ့မှာအိပ်"ဟု ဆိုကာ ကြမ်းပြင်ပေါ်သို့ လက်ညိုးညွှန်ပြလိုက်၏။

လင်းရီ ကြမ်းပြင်ပေါ်တွင် အိပ်စက်နေချိန်တွင်တော့ ကျီချင်းရန်မှ ကုတင်ပေါ်တွင် ဘေးတစ်စောင်း လဲလျောင်းကာ ကိုးရိုးယား

ရုပ်ရှင် ကြည့်သကဲ့သို့ မျက်တောင်မခတ် လင်းရီကို စူးစိုက်ကြည့်နေလေသည်။

လင်းရီကတော့ လုံးလုံးမှု ဂရုမစိုက်ချေ။ ကျီချင်းရန်နှင့် တစ်နေကုန် လည်ပတ်ထားသောရသောကြောင့် အတော်လေး ပင်ပမ်းနွမ်းနယ်နေပြီး အချိန်အတော်ကြာကတည်းက အိပ်ချင်နေပြီ ဖြစ်၏။ ထို့ကြောင့် ခေါင်းချချခြင်းပဲ အိပ်ပျော်သွားခဲ့သည်။

"အား...."

ညနက်သည့် အချိန်တွင်တော့ အော်ဟစ်သံကြီးတစ်ခုမှာ တိတ်ဆိတ်ငြိမ်သက်သည့် ညကို ထိတ်ထိတ် လန့်လန့် ဖြစ်သွားစေခဲ့၏။

"အား...."ကျီချင်းရန် အိပ်ရာပေါ်မှ ထိတ်လန့်တကြား နိုးလာခဲ့ပြီး သူမ နဖူးတစ်ပြင်လုံးလည်း ချွေးအေးများ စို့နေလေသည်။

"အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား..."လင်းရှီ အိပ်စုံမှုန်မွှားဖြင့် မေးမြန်းလိုက်၏။

"အဆောက်အဦးပေါ်က ပြုတ်ကျတာလား..ဒါမှမဟုတ် ချောက်ကမ်းပါး ပေါ်က ပြုတ်ကျတဲ့ အိပ်မက်လား..."

"ဟမ်..နင်က ဘယ်လိုလုပ်သိတာ.."

ကျီချင်းရန်၏ မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေပြီး "ငါ့အိပ်မက်ထဲမှာ ကျားတွေ အများကြီးပဲ ငါ့နောက် လိုက်နေကြတာ..ငါလည်း ပြေးရင်းနဲ့ချောက်ကမ်းပါးနားရောက်တော့ ခုန်ချလိုက်တာပဲ....အိပ်မက်ကလည်း

လက်တွေ့ဆန်လိုက်တာ..အဟင့်..ငါ့တင်ပါး တွေတောင် နာကုန်ပြီ...ဒါနဲ့ ..နင်က ငါ ချောက်ကမ်းပါးပေါ်က ပြုတ်ကျတဲ့ အိပ်မက်မက်မှန်း ဘယ်လိုလုပ်ပြီး သိနေ တာ..."

"မနာမှပဲ ထူးဆန်းနေမှာ..."လင်းရီ သူမကို စ နောက်မနေတော့ပဲ"ကိုယ့်ကိုယ်ကိုလည်း ဘယ်ရောက်နေလဲဆိုတာ တစ်ချက် ကြည့် လိုက်ဦးလေ..."

ကျိုချင်းရန် ဘေးဘီဝဲယာရို စူးစမ်းကြည့် လိုက်သောအခါမှ ကုတင်ပေါ်တွင် ရှိမနေပဲ ကြမ်းပြင်အောက်သို့ ရောက်နေကြောင်း သိ လိုက်ရသည်။

"ငါ..ငါက ဘာဘို့ ဒီရောက်တာလဲတဲ့..."

"ဘာလို့ ရောက်နေတယ်လို့ ထင်လဲ.."လင်းရီ ပြောစရာ စကား ကင်းမဲ့နေပြီး "ဘေးမှာ အိပ် လို့ ပြုတ်ကျပြီးတော့မှ ဘာလို့လဲ မေးနေ တယ်ပေါ့လေ..."

ကျီချင်းရန် "...."

ဒါ...ဒါက အရမ်းရှက်ဖို့ ကောင်းတာပဲ...

ကံကောင်းစွာဖြင့် အခန်းထဲရှိ မီးမှာ မှိန်ဖြိုးဖြိုး လေးသာ ရှိသောကြောင့် သူမ မျက်နှာလေး ရဲနေသည်ကို လင်းရီ သတိမထားမိခဲ့လိုက် ချေ။

မဟုတ်ပါက သူမ ရှက်လွန်း၍ ကျွင်းထဲ ဝင် အောင်း မိပေလိမ့်မည်။

"အဲ့တာဆို ငါ ပြန်တက်အိပ်တော့မယ်..နင် လည်း ကိုယ့်ဘာကိုယ် ဆက်အိပ်..."

"ဘာကို ပြန်အိပ်မှာလဲ.."လင်းရီ ကျီချင်းရန်ကို သူ့လက်မောင်းများဖြင့် ပွေ့ဖက်လိုက်ပြီး ရင်ခွင်ထဲသို့ ဆွဲထည့်ကာ "နောက်တစ်ခေါက် ပြန်ပြုတ်မကျအောင် ဒီမှာပဲ အိပ်လိုက်တော့..."

"နင်...လူဆိုးကြီး....ငါ့ကိုလွှတ်..."

"မလှုပ်နဲ့.."လင်းရီ လေသံမာမာ ဖြင့် ခြိမ်းခြောက်လိုက်ပြီး "မဟုတ်ရင် ယားအောင် ကလိထိုးလိုက်ရမလား..."

ကျီချင်းရန် ဆက်ဘက် ရုန်းမကန်ရဲတော့ချေ။ သူမ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းနေပြီး လင်းရီ၏ ဝင်သက်ထွက်သက် ငွေ့ငွေ့လေးကိုပင် ခံစားမိနေတော့၏။

ထိုအခိုက် သူမ ရင်ဘက်မှာလည်း စစ်ဗုံကြီး တီးနေသကဲ့သို့ တဒုန်းဒုန်း မြည်နေလေသည်။

"သေချာအိပ်လေ..ဘာလို့ တောင့်တောင့်ကြီး ဖြစ်နေသာ ..ကိုယ်ကို သက်တောင့်သက်သာ ထားမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာပေါ့ ဟ..."

"ငါ...ငါ..."ကျီချင်းရန် အချိန်အတော်ကြာသည် အထိ ဘာပြောရမှန်းမသိ ဖြစ်နေလေသည်။

"ဘာဖြစ်လို့လဲ..ပြောချင်တာ ရှိရင် ပြော နော်..."

"ငါ...ငါခုလေးတင် ပြုတ်ကျထားတော့ တင်ပါးက အရမ်းနာနေလို့..."ကျီချင်းရန် မျက်နှာငယ်လေးဖြင့် ပြောလိုက်ပြီး ငိုတော့မလို ဖြစ်လာခဲ့သည်။

"ဖူး...ဟားဟား"

လင်းရီ မနေနိုင်ပဲ အသံထွက် ရယ်မောမိလိုက်၏။

"လွယ်ပါတယ်..ငါမင်းကို နှိပ်ပေးမယ်လေ."လင်းရီ ပြောလိုက်ပြီး "အဲ့နားက အသားများတယ်ဆိုပေမယ့် ကုတင်က နည်းနည်းလေး မြင့်တော့ တော်တော်လေး နာသွားမှာပဲ ဟုတ်တယ်မလား.."

"မရဘူး..."

ကျီချင်းရန် ချက်ချင်း ထထိုင်လိုက်ပြီး "ကိုယ့်ဘာကိုယ်ပဲ ပွတ်နေတော့မယ်..."

"အဲ့လိုဆိုလည်း ကိုယ့်ဘာကိုယ်ပဲ ပွတ်နေလိုက်တော့ ..ငါ ပြန်အိပ်တော့မယ်..."

ထို့နောက် လင်းရီမှာ မိနစ် အနည်းငယ် အတွင်း ခလူးခလောဖြင့် အိပ်ပျော်သွား တော့၏။

ကျီချင်းရန် တစ်ယောက်တည်းကသာလျှင် စိတ်ဆိုးမာန်ဆိုးဖြင့် ပါးကို ဖောင်းထားပြီး သူမ ဖင်ကို ပွတ်နေလေသည်။

နောက်တစ်နေ့ နံနက်တွင်တော့ ကျီချင်းရန် ပန်ဒါမျက်လုံးများဖြင် နိုးထလာခဲ့၏။ သူမ မနေ့ညက ကောင်စွာ မအိပ်ခဲ့ရကြောင်း သိသာလေသည်။

"နာနေသေးလား.."လင်းရီ ကျီချင်းရန်၏ ပန် ဒါမျက်လုံးများကို ကြည့်ရင်း ရယ်ချင်စိတ်ကို အောင့်အီးကာ မေးမြန်းလိုက်၏။

"အများကြီးတော့ ပိုသက်သာသွားပြီ..ဒါပေမယ့် ညတုန်းကတော့ ကောင်းကောင်း မအိပ်ရသေးဘူး..အဲ့တာကြောင့်မို့ ငါ ခဏလောက် အိပ်ချင်သေးတယ်..."

ကျီချင်းရန် နှုတ်ခမ်းလေး စူလျက် အိပ်စိုမှုန်မွှား ပြောလိုက်၏။

"အဲ့တာဆိုလည်း အိပ်လေ..သွားခါနီးမှ နှိုးလိုက်မယ်..."

"နင့်ဖုန်းပေး..."

"ငါ့ဖုန်းနဲ့ ဘာလဲလုပ်မှာ..."

"အရင်ပေးလို့..."

လင်းရီ များများစားစား မတွေးပဲ ဖုန်းကို ကျီချင်းရန် လက်ထဲသို့ ထည့်ပေးလိုက်၏။

"ဟမ်...ဟို အမျိုးသမီးရဲ့ ဖုန်းနံပါတ်ကော..."

"ဘယ် အမျိုးသမီးလဲ..."

"နင် မနေ့ညက ကြူးနေတဲ့ ပြင်သစ်သူလေး ပေါ့ဟဲ့..."

"အော်..ဖျက်ပစ်တာ ကြာပေါ့..."

"နင်သူနဲ့ စကား မပြောဘူးလား..."

"သူက ပြင်သစ်လေ..ငါက ဘာလို့ စကားသွား ပြောရမှာ..."

"လင်းရီ..နင်ငါ့ကို နောက်တစ်ခေါက် လှည့်စားပြန်ပြီပေါ့လေ...ငါ့ကို နင်နဲ့အတူ...."

"ငါနဲ့ ဘာလဲ..ဆက်ပြောလေ..."

"ဟွန့်...တော်ပြီ..နင်လို လူလိမ်ကြီးနဲ့ စကားဆက်မပြောချင်တော့ဘူး..."

ကျီချင်းရန် အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ပြီး အိပ်ရာဝင်ရန် ပြင်လိုက်၏။

သူမ မနေ့ညက ကောင်းကောင်း မအိပ်ခဲ့ရ၍လား၊ ဒါမှမဟုတ် ပင်ပန်းလွန်း၍လားတော့မသိ ၊ ကျီချင်းရန် နေ့လည် မတိုင်ခင်အထိ အိပ်ပျော်နေခဲ့၏။

သို့နှင့် နှစ်ယောက်သား ထွက်လည်မနေတော့ဘဲ လမ်းတစ်ခဏ ထွက်လျှောက်ကာ ဒေသထွက် စားကောင်းသောက်ဖွယ်တစ်ချို့ စားသောက်ပြီး ဟိုတယ်သို့ ပြန်ခဲ့လိုက်၏။

ရှေ့ဆက် နေ့ရက်များတွင်တော့ လင်းရီ ကျီချင်းရန်ကို အခြား ပန်းခြံများသို့ လိုက်ပို့လျှောက်လည်ပေးလိုက်၏။

သူတို့ အော်လန်ဒိုရှိ လည်သင့်သည့် နေရာများ အားလုံးကို ရောက်ပြီး ဖြစ်သည်။

ပထမတော့ လင်းရီ အလျင်လိုမနေခဲ့။ သို့သော်လည်း ယခု သူ၏ အော်လန်ဒို ခရီးစဉ်မှာ ပြီးဆုံးတော့မည်ကို မြင်တော့ မသက်သာစွာဖြင့် စိုးရိမ်လာမိသည်။

ယွမ်ယွမ် .. ဒင်းကတော့ ခုထိ ရှန်းထိုန်းကျိုးအကြောင်း ဘာတစ်ခုလေးမှတောင် မသိသေးဘူးပေါ့လေ...

အကယ်၍ သူမသာ အချိန်အတော်ကြာဦးမည် ဆိုပါက မိုင်ယာမီသို့သာ ဆက်သွားရန်ကျန်တော့၏။

"လခွမ်းပဲကွာ..ငါမင်းကို တစ်ရက်အချိန်ပေးလိုက်မယ်...ဘာမှ မသိဘူးဆိုလို့ကတော့

လစာတစ်ပြားမှကို ရမယ် မကြံနဲ့..."လင်းရီ စိတ်ထဲတွင် တိတ်တဆိတ် ကြိမ်းမောင်းလိုက်သည်။

နေ့လည်ခင်း လည်ပတ်ပြီးနောက် နှစ်ယောက်သား ဖြည်းညင်းစွာဖြင့် လျှောက်လာခဲ့ပြီး ကျိချင်းရန်မှ "လင်းရီ..ငါတို့ရဲ့အော်လန်ဒို ခရီးစဉ်ကတော့ ပြီးသွားပြီနော် ...တကယ်လို့ နင့်မှာလည်ချင်တဲ့ နေရာတွေ ရှိသေးရင် ပြောလေ.. ငါအဖော်လိုက်လုကါပေးမယ်...ငါ့အတွက်တော့ ဘာမှ စိတ်ပူစရာ မလိုဘူး..ကုမ္ပဏီကို သူများနဲ့ လွှဲထားလို့ရတယ်..."

"အင်း..အဲ့လိုဆို ငါအစကတည်းက မိုင်ယာမီ သွားလည်ရင် ကောင်းမလားလို့ စဉ်းစားနေတာ..."

"ကောင်းတာပေါ့.."ကျီချင်းရန် လျှပ်တပြက် ဆိုသလို သဘောတူလိုက်ပြီး "မိုင်ယာမီဆို တာက ပင်လယ်ဘေးနားမှာ တည်ထားတဲ့ မြို့....ပြီးတော့ ဝမ်ကျန်းဆိပ်ကမ်းရဲ့ ပရော ဂျက်ကလည်း ဆက်ပြီးတော့ ချဲ့ထွင်ဦးမှာဆို တော့ ငါတို့ အဲ့ဒီနားကနေ အများကြီး လေ့လာလို့ရတယ်..."

"ငါလည်း အဲ့လိုပဲ စဉ်းစားနေတာ.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။ သို့သော်လည်း သူ့အတွေးထဲတွင်တော့ "ဟော်ယွမ်ယွမ် ..မင်း ကို အချိန်ခဏလောက် ထပ်ပေးလိုက်ဦး မယ်..မဟုတ်ရင် နောက်ကျမှ ငါ့မဆိုး မဆို နဲ့..."

"အဲ့လိုဆို အတည်ဖြစ်ပြီနော်..ငါတို့ မနက်ဖြန် ကျ မိုင်ယာမီကို ခရီးထွက်ကြမယ်..."

"အိုကေ...."

ဒူ ဒူ ဒူ ....

လင်းရီ ဖုန်းသံ မြည်လာခဲ့ပြီး ဟော်ယွမ်ယွမ်မှ မက်ဆေ့ချ် ပို့လာခဲ့ကြောင်း မြင်တွေ့လိုက် ရ၏။

ဟော်ယွမ်ယွမ် : ဘော့စ်..ကျမဘက်ကတော့ ရှန်းထျန်းကျိုးအကြောင်းကို ရသလောက် တူးဆွကြည့်ပြီးသွားပြီ..ရှင့်ဆီကို အီးမေးလ်နဲ့ ပို့လိုက်ရမလား...

၎င်းကိုမြင်တော့ လင်းရီ လုံး၀ စိတ်လှုပ်ရှား သွားခဲ့သည်။ သူလိုချင်နေတာကလည်း အဲ့ တာပဲလေ..

လင်းရီ : ဒါပေါ့..ဖြစ်နိုင်ရင် အမြန်ဆုံး ပို့ပေး...

ဟော်ယွမ်ယွမ် : "အိုကေ..ဒါနဲ့ စကားမစပ် ရှန်းထျန်းကျိုးရဲ့ ဇနီးနာမည်က မူရှူမင်တဲ့...ပြီးတော့ သူ့အန်တီလာတာက ၄ရက်နဲ့ ၁၀ရက်မြောက် ကြားတွေမှာ လာတတ်တယ်..."

လင်းရီ :"....."

**အခန်း (၃၀၇)**

လင်းရီ ပြောစရာစကား ကင်းမဲ့သွားခဲ့၏။

မင်းတကယ်ကြီး စုံစမ်းခဲ့တာလားဟ...

လင်းရီ ဟော်ယွမ်ယွမ်၏ မက်ဆေ့ချ်ကို ရီ ပလိုင်း မပြန်လိုက်သလို အီးမေးလ်ကိုလည်း ဖတ်ရှုမနေခဲ့ချေ။

ယခု သူ့တွင် သတင်းအချက်အလက်များ ရှိ နေပြီ ဖြစ်သောကြောင့် မည်သည့်အချိန်၌ လုပ်ငန်းစမလဲဆိုတာ သေချာ စဉ်စားဖို့ လို ချေပြီ။

သို့သော်လည်း သူ၏ ပလန်များ မစတင်မီ သေချာပြင်ဆင်ဖို့ လိုအပ်၏။

ကျီချင်းရန်ကတော့ လင်းရီ ဘေးမှ ဖြည်းညင်းစွာ လိုက်လာခဲ့ပြီး လင်းရီ ဘာမျှ မ ပြောဘဲ ဖုန်းကြည့်နေသည်ကို မြင်တော့ နှောင့်ယှက် မနေတော့ချေ။

အကယ်၍ သူ၏ အလုပ်ကိစ္စကြောင့်သာ မဟုတ်ပါက လင်းရီ၏ မျက်နှာ အမူအရာမှာ ထိုမျှ လေးနက်နေလိမ့်မည် မဟုတ်။

နှစ်ယောက်သား ဟိုတယ်သို့ ရောက်သည့် တိုင်အောင် လမ်းတွင် စကားတစ်ခွန်းမျှ မပြောဘဲ သူ့အတွေးနှင့်သူ ခရီးဆက်နေလေသည်။ လင်းရီ တစ်ချိန်လုံး မျက်မှောင်ကြုတ်ထားပြီး ကျီချင်းရန်ကိုလည်း မစနောက်တော့ပေ။ ယင်းအခြေနေကို အသားမကျသည့် ကျီချင်းရန်မှာတော့ သူမရင်ထဲ တစ်မျိုးလိုနေသလို ခံစားနေရ၏။

"ချင်းရန်..မင်းရေချိုးဦးမှာလား.."လင်းရီ ပြောလိုက်ပြီး "မင်း ရေသွားချိုးမယ်ဆိုရင် မင်းပြီးမှ ငါဝင်လိုက်တော့မယ်..."

"ရတယ်..နင် အရင်ဝင်လိုက်..."

လင်းရီ အလုပ်နှင့်ပတ်သက်၍ စိတ်ရှုပ်နေသည်ကိုမြင်တော့ ကျီချင်းရန်လည်း အပြောင်အပြက် ပြုလုပ်မနေတော့ပဲ "ငါနင့်ရဲ့ ပဂျားမား ယူလာပေးမယ်နော်..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး ပဂျားမားကို ယူကာ ရေချိုးခန်းထဲသို့ ဝင်သွား၏။

ရေချိုးခန်းထဲသို့ ဝင်ပြီးနောက် လင်းရီ အိမ်သာပေါ်တွင်ထိုင်ကာ မေးတစ်ဖက်ထောက်၍ ကျီချင်းရန်ကို မည်သို့ လှည့်စားမလဲဆိုတာ အကြံထုတ်နေတော့၏။

မည်သို့ပင်ဆိုစေ ယခုခရီးစဉ်မှာ သူမနှင့်အတ လာချင်သောကြောင့်ဟု ပြောထား၍

လင်းရီ သူ၏လာရင်း ရည်ရွယ်ချက်ကို ကျီချင်းရန် သိအောင် ဖော်ထုတ်၍ မရချေ။

အကယ်၍ ကျီချင်းရန် သိသွားခဲ့လျှင်တောင်မှ သူမ စိတ်ဆိုးလိမ့်မည် မဟုတ်သော်လည်း လေထုအခြေနေကတော့ ပြောင်းလဲသွားနိုင်၏။ သူစိမ်းဆန်သည့် လေထု ၊ အသုံးချခံရသည့် လေထု ၊ စသဖြင့် ကိုးရိုကားယားနိုင်သည့် လေထု အခြေနေသို့ ရောက်ရှိသွားပေလိမ့်မည်။

ထို့ပြင် သူ၏ အဓိက လာရင်း ရည်ရွယ်ချက်မှာလည်း ဝါရှင်တန်သို့ သွားရန်ပင်။ အဘယ်ကြောင့်ဆိုသော် မိုက်ခရိုဆော့ဖ်၏ ရုံးချုပ်မှာ ထိုနေရာ၌ အခြေစိုက်သောကြောင့် ဖြစ်၏။ ကျီချင်းရန်ကို ထိုနေရာသို့ ခေါ်သွား

ရန် သူ့တွင် သင့်တင်လျောက်ပတ်သော အကြောင်းပြချက် တစ်ခု ရှိရန် လိုအပ်သည်။

ထိုအကြောင်း တခဏမျှ စဉ်းစားလိုက်ပြီး စိတ်ထဲတွင် "ကွမ်းရာ ဆိုရင်တော့ ရမယ်ထင်တယ်.."

(ကွမ်းရာဆိုတာက ရာလော့က ကောင်မလေးလေ)

ထိုအကြောင်းစဉ်းစားပြီးနောက် လင်းရီ ကွမ်းရာကို အမျိုးသမီး ဇာတ်ပို့နေရာ၌ ထားထားလိုက်၏။

ထိုသို့ဆိုလျှင်တောင် သူနှင့်အတူ လိုက်ပါသရုပ်ဆောင်ပေးမည့် အမျိုးသား ဇာတ်ပို့ တစ်ဦး လိုအပ်နေသေး၏။

ပျော်ယွမ်ယွမ်မှ ပြုလုပ်ပေးနိုင်သော်လည်း သူမမှာ ယခု အခြေနေနှင့် လိုက်ဖက်သူတစ်ယောက် မဟုတ်ခဲ့ပေ။

ထို့ကြောင့် သူမကို ဖယ်ရှားလိုက်ပြီးနောက် ချီရှန်းကျောက်မှာ အသင့်လျော်ဆုံးဖြစ်မည်ဟု လင်းရီ ခံစားလိုက်ရသည်။

သူတို့ နှစ်ယောက်လုံးကို ဇာတ်ပို့သရုပ်ဆောင်များအဖြစ် ရွေးချယ်ပြီးနောက် တစ်ယောက်ချင်းစီကို စာပို့ပြီး အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်သည်။

အရာအားလုံးကို စီစဥ်သတ်မှတ်ပြီး နောက် ရေအမြန်ချိုးကာ ရေချိုးခန်းထဲမှ ထွက်လာခဲ့လိုက်လေသည်။

"နင်ခုတလော အရမ်းပင်ပမ်းနေတာလား..စီးပွားရေးက ဖြည်းဖြည်းလုပ်လည်း ရပါတယ်ဟယ်..ကိုယ့်ကိုယ်ကို အဲ့လောက်ကြီး ဖိအားပေးမနဲ့.."

"အင်း..အဆင်ပြေပါတယ်ကွာ....တစ်ယောက်တည်းလည်း ရပါတယ်"လင်းရီ လေးလေးပင်ပင်ကြီး ပြောလိုက်၏။

လင်းရီမှ ထိုသို့ ပြောလာသောကြောင့် ကျီချင်းရန်လည်း ဘာမှ မတတ်နိုင်တော့ချေ။

ကလင် ကလင် ကလင်...

ထိုအချိန်တွင် ကျီချင်းရန် ဖုန်းသံ မြည်လာခဲ့၏။ ကွမ်းရာ ဆီမှပင်။

"ငါ ဖုန်းခဏလောက် သွားပြောလိုက်ဦးမယ်နော်..နင်အရမ်းပင်ပမ်းနေတယ်ဆိုရင်လည်း ခဏလောက် ထိုင်နေလိုက်ဦး..ငါ ပခုံးနှိပ်ပေးမယ်..."

"အင်း...သွားပြောလေ.."

လင်းရိ ဆိုဖာပေါ်တွင် ထိုင်ချလိုက်ပြီး ကျိချင်းရန်ကတော့ အိပ်ခန်းထဲသို့ ဝင်သွားခဲ့၏။

ပခုံးနှပ်ပေးမယ်ဆိုပဲ..

ဟဲဟဲ..ဘာစိတ်ကူးပေါက်လို့ပါလိမ့်...

သူကျိချင်းရန်ကို အနည်းငယ် အားနာသလိုတောင် ဖြစ်လာခဲ့လေသည်။

ထားလိုက် ထားလိုက်...တကယ်လို့ သူက မ နာကျင်ရရင် ဘယ်သူက နာကျင်ရမှာ..ငါက လား...

မိနစ်နှစ်ဆယ် ကြာပြီးနောက် ကျီချင်းရန် သူမ လက်ထဲတွင် ဖုန်းကိုင်ပြီး အခန်းထဲမှ ထွက် လာခဲ့၏။ သူမမျက်နှာထက်တွင်တော့ ဝေခွဲရ ခက်နေမှုများက အထင်သားပင်။

သို့သော်လည်း အပြင်သို့ ထွက်လာခဲ့သည့် အချိန်တွင် တော့လင်းရီ ချီရှန်းကျောက်နှင့် ဗွီ ဒီယိုကော ပြောနေသည်ကို မြင်လိုက်ရသည်။

"ဘော့စ်လင်း..ကျုပ်ခင်များကို ကြိုမ ပြောထားဘူးလား...ကုမ္ပဏီက အရမ်း အလုပ်များနေပါတယ်ဆိုမှ ခင်များက အမေ ရိကားကို ပြေးသွားတယ်ပေါ့လေ..."

ယင်းလေသံကိုကြားတော့ ကျီချင်းရန် နောက်သို့ ပြန်ဆုတ်မိလိုက်သည်။ ပုံမှန်ဆိုပါက ချီရှန်းကျောက်မှာ အတော်လေး သဘောမနောကောင်းသည့်လူဖြစ်ပြီး ဒေါသထွက်လည်း နည်း၏။ ယခုတော့ လင်းရီကိုတောင်မှ လေသံမာမာဖြင့် ကျိန်ဆဲလို့နေသည်။ ဘာများဖြစ်နေပါလိမ့်...

"ငါမင်းကို လုပ်ပိုင်ခွင့်တွေ အားလုံး ပေးခဲ့တာပဲ မဟုတ်ဘူးလား..ငါက ဘာလုပ်ဖို့ ရှိနေဖို့ လိုဦးမှာလဲကွ..ငါမင်းကို ဘာလို့ အလုပ်ခန့်ထားတယ်ထင်လဲ..."

"ကျုပ်က ကုမ္ပဏီရဲ့ COO လေ..ပြီးတော့ ကျုပ်ကလည်း လခ အလကား ယူနေတာ မဟုတ်ဘူး..ခင်များပေးခဲ့တဲ့ အလုပ်ကို ကျုပ်

မနိုင်လို့ ဒီလိုတွေ ပြောနေရတာ..."ချီရှန်း ကျောက် စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်၏။

"ပြီးတော့ ခင်များက ကုမ္ပဏီရဲ့ဘော့စ်လေ..ခု ကုမ္ပဏီက ပရောဂျက်တွေ တောက်လျှောက် ကိုင်နေတာ...ဒါပေမယ့် ခင်များကျတော့ အမေရိကားသွားပြီး ဇိမ်နဲ့ နှပ်နေတယ်..အဲ့တာ ဖြစ်သင့်လား..ကျုပ်တို့လို ဝန်ထမ်းတွေရဲ့ စိတ်ထဲမှာ ဘယ်လိုတွေ ခံစားနေရလဲဆိုတာ ကော နားလည်လား.."

"ငါက ဘော့စ်..ပြီးတော့ မင်းက ဝန်ထမ်း..မင်း ရဲ့ ခံစားချက်တွေက ငါနဲ့ ဘာဆိုင်လို့တုန်း ကွ...."

"ကျုပ် ဘာမှ သိပ်မပြောချင်ဘူး..တစ်ခွန်းပဲ ပြောချင်တယ်...အမြန်ဆုံး ပြန်လာခဲ့..ကုမ္ပဏီ

က ခု အရမ်းအလုပ်များနေတယ်..အရေးကြီး ဆုံး အချိန်အပိုင်းခြားကို ရောက်နေတာလို့ တောင် ပြောလို့ရတယ်..ကျုပ်တို့ ဘော့စ်ကို လိုအပ်တယ်..."

"သောက်ရေးမပါတာ..ငါပြန်လာချင်တဲ့ အချိန် ပြန်လာလို့ရတယ်များ ထင်နေလားကွ..ဒီမှာ လေးငါရက်လောက် နေရဦးမှာ...."လင်းရီ ပြောလိုက်ပြီး "မင်းလုပ်နိုင်ရင်လည်း လုပ်၊ မ လုပ်နိုင်ဘူးဆိုရင်လည်း ထွက်သွားလိုက် တော့..,မင်းမရှိလည်း လင်းယွမ်အုပ်စုကြီးက ပြိုလဲသွားစရာ အကြောင်း မရှိဘူး..."

"ရတယ်လေ...အဲ့လိုဆိုလည်း ကျုပ်မလုပ်ဘူး ဗျာ...ကျုပ်လည်း ဒီအလုပ်မလုပ်လို့ ငတ်သေ သွားမှာ မဟုတ်ဘူး.."

"ဟဲ့ ဟဲ့ ..နေကြပါဦး..."

ကျီချင်းရန် တည်ငြိမ်စွာ ဆက်နားထောင် မနေနိုင်တော့ပဲ ပြေးလာပြီး လင်းရီဖုန်းကို လုယူကာ "ချီ..နင်ကလည်း စိတ်လေး လျှော့ပါဦးဟယ်....ငါ့အမှားပါတွေ့ပါ...နင်တို့ ဘော့စ် လင်းက ငါ့ကို အဖော်လုပ်ပေးနေရလို့ပါ..."

ကျီချင်းရန် အပြစ်မကင်းသလို ခံစားသွားခဲ့ရသည်။ လင်းရီ ထိုမျှ အလုပ်များနေလိမ့်မည်လို့ ထင်မထားခဲ့ချေ။

သူ တစ်လမ်းလုံး မျက်မှောင်ကြီး ကြုတ်ထားတာ မဆန်းတော့ပါဘူး လေ..လက်စသတ်တော့ ဒီကိစ္စကို ခေါင်းခဲနေတာကိုး...

လင်းရှိ ခေါင်းလေးစောင်းပြီး ဖုန်းထဲရှိ ချီရှန်းကျောက်ကို တစ်ချက်ကြည့်လိုက်သည်။

"ငိုးပဲ..ဒီကောင်က မွေးကတည်းကနေ သရုပ်ဖြစ်ဖို့ ပါရမီပါလာတာပဲကွ...အိုက်တင်လုပ်နေတာများ လုံးဝကို တကယ်ဖြစ်နေတဲ့အတိုင်းပဲ..ပြန်ရောက်မှပဲ အဲ့ကောင်ကို ကြက်ပေါင်တစ်ချောင်းလောက် ဆုချလိုက်ဦးမယ်..."

"ဘောစ့်က ဥက္ကဋ္ဌကျီနဲ့ ထွက်လာတယ်ဆိုတော့လည်း ကျုပ်ဘာမှ မပြောတော့ပါဘူးဗျာ..."

"မပူနဲ့..ငါတို့ မကြာခင် ပြန်လာခဲ့တော့မှာ..ကုမ္ပဏီရဲ့ ရှေ့ရေးကို ဘယ်စတေးလို့ ဖြစ်မှာလဲ ဟုတ်တယ်မလား..."

"အဆင်ပြေပါတယ်..ကျုပ်နည်းနည်း လောက်လေး ပိုလုပ်လိုက်တာပေါ့..."

"ရတယ်..ငါခုပဲ စီစဉ်လိုက်တော့မယ်..နင်သာ လင်းရီကို အထင်မမှားနဲ့..သူက လျှာကသာ ဘူးဂလန့်ပြောတယ်ဆိုပေမယ့် ရင်ထဲက ပါ တယ်ရယ် မဟုတ်ပါဘူးဟယ်..."

"ဟုတ် သိပါတယ်..."

"အဲ့တာဆိုလည်း ပြီးတာပဲ..ဖုန်းချလိုက် တော့ မယ်..နောက်မှ သူနဲ့ ဆက်ဆွေးနွေးလိုက် တော့..."

"ကောင်းပါပြီခင်ဗျ..."

ဖုန်းချပြီးနောက် ကျီချင်းရန် ရင်ဘက်ကြီးနှင့် ခံစားလိုက်ရသည်။

"ကုမ္ပဏီအလုပ်တွေက ဒီလောက် အရေးကြီး နေတာတောင်မှ နင်က ဘာမှ မဖြစ်ဘူး ပြော နေတယ်ပေါ့လေ...ငါ့ကို စိတ်ဆိုးပြီး သေ အောင် လုပ်နေတာပဲ.."

"ဘာဖြစ်လဲ..ငါက မင်းနဲ့အတူ လျှောက်လည် ချင်တာ...ပြီးတော့ ကုမ္ပဏီအလုပ်ဆိုတာက လည်း မင်းလောက်မှ အရေးမကြီး တာ..."လင်းရီ ဒေါသအရှိန် မသေသေးဟန် ဖြင့် ပြောလိုက်သည်။

"နင့်ရင်ထဲမှာ ငါရှိနေသေးတယ်ဆိုရင်ကိုပဲ ကျေနပ်ပြီ...ဒီလိုတွေ လုပ်ပေးဖို့ မလို ဘူး..."ကျီချင်းရန် လင်းရီလက်ကို ကိုင်လျက် ပြောလိုက်ပြီး "နင်နဲ့အတူသာဆိုရင် အမေရိ

ကားမှ မဟုတ်ပါဘူးဟယ်...ဒီတိုင်း လမ်းအတူလျှောက်နေရရင်ကို ပျော်ရွှင်ပါတယ်..."

"အဲ့လိုလုပ်လို့ ဘယ်ရမှာ..လမ်းတွေက အောင်လန်ဒိုနဲ့ ဘယ်ယှဉ်လို့ရမှာတုန်းဟ..."လင်းရီပြောလိုက်၏။

"နင်က မိန်းမတွေကို နားမလည်သေးဘူးပဲ..."ကျီချင်းရန် ရှက်သွေးဖြန်းလျက် ပြောလိုက်သည်။

"ငါက ဘယ်လို နားမလည်တာ ..."

"နင် ဘယ်သွားသွား အရေးမကြီးဘူး..နင်ဘယ်သူနဲ့သွားတာလဲ ဆိုတာက အရေးကြီးဆုံးပဲ.."ကျီချင်းရန် မျက်နှာလေးရဲလျက် ပြောလိုက်ပြီး "နင်ငါ့ကို ခုလို လိုက်ပို့ပေးလို့လည်း အရမ်းပျော်တယ်သိလား..ဒါပေမယ့် နင့်မှာက

ကုမ္ပဏီကြီးက တစ်ဖက်လေ..အဲ့လိုကြီး ပစ်ထားလို့ ဘယ်ရမှာ..."

"ပြီးတာပဲလေ..မင်းပြောတဲ့ အတိုင်းပဲပေါ့.."

လင်းရီ ခေါင်းငုံ့ပြီး ထိရှနေဟန်ဖြင့် ပြော လိုက်၏။ သူ၏ သရုပ်တောင် စကားများ ကတော့ အကယ်ဒမီရ သရုပ်ဆောင်များပင် လျှင် အရှုံးပေးရလောက်ချေသည်။

"အိုး..ဒါနဲ့ ခုနက ဘယ်သူလဲ ဖုန်းခေါ်လာ တာ..."လင်းရီ မသိဟန်ဖြင့် မေးလိုက်၏။

"သူများ မဟုတ်ပါဘူး..ကွမ်းရာ..ဟိုလို ထွေထူးကြီးတော့ မဟုတ်ပါဘူးဟယ် .."ကျီ ချင်းရန် လက်ခါ၍ ရှင်းပြလိုက်၏။

"ပြောစမ်းပါ ဘာကြီးလဲ..မင်းလိမ်နေတာ ငါ သိနေတယ်နော..."

လင်းရီ ပြောလိုက်သည်။

"သူမ ပြောတာတော့ ဝါရှင်တန်မှာ အောက်ဒေါ်ဒီဇိုင်းတွေ ရေးဆွဲတဲ့ ပရော်ဖက်ရှင်နယ်တွေ အများကြီး ရှိတယ်တဲ့.အထူးသဖြင့်တော့ ဆိပ်ကမ်းလို ဟာမျိုးတွေလေ...အဲ့တာကြောင့်မို့ သူက ငါနဲ့ အတူသွားလည်ချင်တယ်ဆိုပြီး လာပြောနေလို့..."

"ဘာလို့ သွားမှာ..ငါတို့က ဒီကို ကြံုတောင်ကြံုခဲ လာလည်ရပါတယ်ဆိုနေမှ..သူက မင်းကို ငါ့အနားကနေ ခေါ်သွားချင်နေတယ်ပေါ့..."လင်းရီ ပြောလိုက်ပြီး "ဒီကွမ်းရာကတစ်ခုခုတော့ တစ်ခုခုပဲ ..နောက်မှ မှတ်လောက်သားလောက်အောင် ပညာပြပေးဦးမယ်..."

"မရဘူး...နင်သူ့ကို အဲ့လိုလုပ်လို့မရဘူး..."

ကျီချင်းရန် လေးနက်စွာဖြင့် ပြောလိုက်ပြီး "ဒီရဲ့ ဝမ်ကျန်းဆိပ်ကမ်း ပရောဂျက်ကြီးက အရမ်းအရေးကြီးတယ် ..ငါတို့ မထိမဲ့မြင်ပြုလို့မရဘူး..."

"ဘာတွေလဲကွာ..နှစ်ယောက် သာသာယာယာလေး လည်ချင်ပါတယ် ဆိုနေမှ တစ်ယောက်တစ်မျိုးနဲ့ လာပြီးအနှောက်ယှက် ပေးနေကြတယ်..."

"ကဲပါ..နင်တွေးနေတာကို ငါသိတယ်...ငါမှတ်ထားပေးမယ်လေ"

"ပြီးတာပဲ..အဲ့တာဆို မနက်ဖြန် ဝါရှင်တန်ကို သွားကြမယ်...ခုကိစ္စက ငါတို့ မိသားစုအရေး

ဆိုတော့ အားတစ်ချို့တော့ စိုက်ထုတ်သင့်တယ်လေ...ဟုတ်တယ်ဟုတ်.."

"ဘာတွေ လာပြောနေတာ.."ကျီချင်းရန် ရှက်ရမ်းရမ်းသွားပြီး "ဘယ်သူက နင့်ရဲ့ မိသားစုလဲလို့..."

လင်းရှီ ကျီချင်းရန်၏ ပါးဖောင်းဖောင်းလေးကို ညစ်လိုက်ပြီး "အားလုံး စီစဉ်ပြီးပြီဆိုမှတော့ သွားပြီး ဆေးကြောတော့လေ..စောစောနားရအောင်. "

"အွန်း..."ထို့နောက် ကျီချင်းရန် လင်းရှီကို လေးနက်စွာ ကြည့်လိုက်ပြီး "ကျေးဇူးပါနော်..ငါ့ကြောင့်နဲ့ နင်လည်း အများကြီး နစ်နာသွားရပြီ..."

"အေးဆေးပါ..ဒါကလည်း ငါ့တာဝန်မကင်းဘူးလေ..အားလုံးမှာ ဦးစားပေးဆိုတာ ရှိကြတာပဲ မဟုတ်လား..."

ဤတစ်ကြိမ်တွင်တော့ ကျီချင်းရန် လင်းရီ၏ မည်သည့် အမည်နာမကိုမျှ မခေါ်တော့ပဲ သူမ၏ မျက်ဝန်းများထဲတွင် မှန်းရခက်ခဲသည့် မြူတစ်လွှာ ပေါ်ပေါက်လာခဲ့ပြီး "ငါတို့ရဲ့ အရင် အစီအစဉ်ကို ဖျက်သိမ်းစရာ မလိုဘူးနော်....ဒါပေမယ့် ငါနင့်ကို အခွင့်ရေးပေးလိုက်မယ်...ဒီညတော့ နင် ငါနဲ့ အခန်းထဲမှာလာအိပ်.."

## အခန်း (၃၀၈)

"အမ်...သေချာမှ ပြောနော်..."

လင်းရီပြောတော့ ကျီချင်းရန် ရှက်စနိုးဖြင့် ခေါင်းညိမ့်လိုက်သည်။

"အွန်း.."

လင်းရီ ဘာမျှ မတုံ့ပြန်ဘဲ သူ၏ လက်ချောင်းများကို ချိုး၍ တစ်ခုခုရေတွက်ဟန် ပြုလုပ်လိုက်၏။

"ဘာတွေ လုပ်နေတာ..."

"ဒီတိုင်း ရက်တွက်ကြည့်နေတာလေ..ဒီနေ့က လုံခြုံတဲ့နေ့ဆိုတော့ ဦးထုပ်ဆောင်းစရာ မလိုဘူး ထင်တာပဲ...."

"လုံခြုံတယ်...?"

ကျီချင်းရန်၏ နီရဲနေသော မျက်နှာလေးမှာ ပို၍ပင် ပူလောင်လာခဲ့ပြီး ရှက်လည်းရှက် တစ်ချိန်တည်းတွင် ဒေါသလည်း ထွက်နေသည်။

"နင်ဘာတွေ လျှောက်တွေးနာ...တကယ်လို့ ဒီလိုတွေ မဟုတ်မဟတ် လျှောက်တွေးနေမယ်ဆိုရင်တော့ တော်ပြီ... ဆိုဖာပေါ်မှာပဲ အိပ်တော့..."

"အေးပါ အေးပါ..ငါ့ မကောင်းတဲ့ အတွေးတွေကို ခဏ ဘေးချိတ်ထားလိုက်ပါ့မယ်..."

"ဘာကို ဘေးချိတ်ထားမှာ.တစ်ခါတည်း အကုန်လုံး အပျောက်ဖျောက်ပစ်ရမှာပေါ့ဟ့..."

ထိုသို့ ပြောပြီးနောက် ကျီချင်းရန် သူမ၏ ပဂျားမားကို ယူကာ ရေချိုးခန်းထဲသို့ ဝင်သွားခဲ့သည်။

မကြာမီ ရေများပြေးလွှားနေသည့် အသံကို ကြားနေရ၏။ လင်းရီကတော့ ဆိုဖာကို မှီ၍ သူ၏ အီးမေးလ်ကို ဖွင့်လိုက်ပြီး ဟော်ယွမ်ယွမ်ပို့ထားသည့် ရှန်ထျန်းကျိုး၏ သတင်း အချက်အလက်များကို ထပ်ခါတလဲလဲ ဖတ်ရှုနေတော့သည်။

ရှန်းထျန်းကျိုး၏ ကိုယ်ရေးအကျဉ်းကို သုံးပိုင်း ခွဲခြားထား၏။

ပထမပိုင်းတွင်တော့ သူ၏ အကျင့်စရိုက်နှင့် ဝါသနာများ၊ ပင်ကိုယ်အရည်ချင်းများ အားလုံးကို နှံ့စပ်စွာ ဖော်ပြထားသည်။

ရှန်းထျန်းကျိုး နှစ်သက်သည့် အားကစားနှင့် အစားအသောက်များ အပါအဝင် သူမကြာခဏ အပျော်ခရီးထွက်တတ်သည့် နေရာများကိုပါ သေချာရှင်းလင်းစွာ စာရင်းတစ်ခုဖြင့် ဖော်ပြထားလေသည်။

ဟော်ယွမ်ယွမ်၏ တင်ပြထားပုံမှာ မဆိုးဟု ပြော၍ ရ၏။

ဒုတိယ အပိုင်းတွင်တော့ သူ၏ အလုပ်ပေါ် ကိုင်တွယ်သည့် ဝိသေသ လက္ခဏာများကို အသေးစိတ် ဖော်ပြထား၏။

ရေးသားထားသည်ကတော့ ...

ရှန်းထျန်းကျိုးမှာ မိုက်ခရိုဆော့ဖ်နှင့် ဝင်ရောက်လာခဲ့ပြီးနောက် နှစ်နှစ်အတွင်း ဌာန၏ ဒုဥက္ကဌ ဖြစ်လာခဲ့သည်။

ထို့နောက် ဌာန အသီးသီးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ကာ လွန်ခဲ့သည့် သုံးနှစ်ခန့်ကပဲ မိုက်ခရိုဆော့ဖ်၏ စီနီယာ ဒုဥက္ကဌ ဖြသ်လာခဲ့၏။

ဟော်ယွမ်ယွမ်၏ တင်ပြချက်ထဲတွင်တော့ ရှုန်းထျန်းကျိုးကို လွန်စွာ အမွှန်းတင်၍ ဖော်ပြထားလေသည်။ မည်သို့ပင်ဆိုစေ ဟွာရှုသားတစ်ဦးမှ မိုက်ခရိုဆော့ဖ်တွင် စီနီယာဒုဥက္ကဌ ဖြစ်နေသည်မှာ သူတို့လူမျိုးများအတွက် ဂုဏ်တက်စရာပင် မဟုတ်ပါလော။

လင်းရီလည်း များများစားစား ပြောစရာမရှိချေ။ သူကိုယ်တိုင်လည်း ထိုရှုန်းထျန်းကျိုးမှာ အံ့အားသင့်ဖို့ကောင်းကြောင်းတော့ လက်ခံထား၏။

ဒီလိုလူမျိုးကိုသာ ခေါ်နိုင်လို့ကတော့ တကယ်ကို မဆိုးတာ ...

တတိယအပိုင်းတွင်တော့ သူ၏ ဘဝနေထိုင်မှုပုံစံကို အကျယ်တဝင့် ဖော်ပြထားသည်။

ရှန်းထျန်းကျိုးမှာ သူ့လစဉ် ဝင်ငွေ၏ နှစ်ဆယ်ပုံတစ်ပုံကို ပရဟိတ နေရာများသို့ လှူဒါန်းလေ့ရှိကြောင်း ရေးသားထားသည်။ ယခု သူ၏ လစာနှင့် ဆိုပါက အတော်လေးကို များပြားသည့် ပမာဏဟု ဆိုရပေမည်။

သူထောက်ပံ့ထားသည့် နေရာအများစုကတော့ ဆင်းရဲသည့်တောင်ပေါ်ဒေသများဖြစ်သည့် ကျယ်ကျန်း စီရင်စုတစ်ဝိုက်တွင် အများဆုံး လှူဒါန်းထား၏။

ထိုအချက်ကိုမြင်တော့ လင်းရီ ရှန်းထျန်းကျိုးကို အတော်လေး သဘောကျသွားခဲ့သည်။

ထို့နောက် လင်းရီ အောက်သို့ ဆက်ဖတ်လိုက်၏။ မြင်လိုက်တာနှင့်တင် လူတိုင်း၏ဘဝင်ကို အကြိုက်တွေ့သွားစေမည့် အချက်တစ်ချက်လည်း ရှိသေးသည်။

ရှန်းထျန်းကျိုးမှာ မိုက်ခရိုဆော့ဖ်၌ အလုပ်လုပ်နေသည်မှာ ရှစ်နှစ်မျှ ကြာပြီ ဖြစ်သော်လည်း လွန်ခဲ့သည့် လေးနှစ်မှ စတင်ကာ ဟွာရှသို့ နှစ်တိုင်းနီးပါး တစ်ခေါက်တော့ ရောက်ဖြစ်အောင် လာခဲ့သည်။

သူ့မိသားစုထံသို့ အလည်လာသည့် အပြင် တက္ကသိုလ် တော်တော်များများ၌လည်း စာပေဟောပြောပွဲများ ပြုလုပ်ပေးသေး၏။

သို့သော်လည်း သူသွားရောက်သည့် ကျောင်းများမှာ အတော်လေးတော့ စိတ်ဝင်စားဖို့ကောင်းနေသည်။ စင်ဟွာနှင့် ရန်တက္ကသိုလ်ကဲ့သို့သော နာမည်ကြီးကျောင်းများသို့ မသွားရောက်ပဲ သာမန် တက္ကသိုလ်များ၌သာ ဟောပြောပွဲများ ပြုလုပ်ခဲ့၏။

ယင်းအချက်က အတော်လေး စိတ်ဝင်စားဖို့ကောင်းနေလေသည်။

လင်းရီ ကျန်ရှိသည့် အကြောင်းရာများကို ဆက်လက်ဖတ်ရှုပြီးနောက် စာဖိုင်ကို ပိတ်လိုက်သည်။

ထို့နောက် နှဖူးပေါ်လက်တင်ကာ အကြီးအကျယ် အတွေးနက်နေတော့၏။

ကိုယ်ရေးအကျဉ်းတွင် ဖော်ပြထားသည့် အကြောင်းရာများကို ဖတ်ရှုပြီးသလောက် တော့ ထိုရှန်းထျန်းကျိုးတွင် သူ အသုံးချနိုင် သည့် စွမ်းရည် တော်တော်များများ ရှိနေပြီး ကျောက်တုံးခေါင်းကြီးလည်း မဟုတ်ချေ။

သို့သော်လည်း သူ့ကို မည်သို့ သွေးဆောင် ဖျားယောင်း

ရမလဲ ဆိုသည်က စဉ်းစားရကြပ်သည့် ပြဿနာ တစ်ရပ်ဖြစ်နေလေသည်။

လုရင်းနှင့် စွန်းဖုယွီတို့ နှစ်ရက်တိုင်တိုင် ကြိုးစားပြီး တွေ့ခွင့်တောင်းတာကိုတောင်မှ တစ်ဖက်လူမှာ တွေ့ရန် အခွင့်ရေးမပေးချေ။ ယင်းအချက်က ထိုလူမှာ မည်မျှ အလေးနက်

ထားဖို့ လိုနေကြောင်း ဖော်ပြရန် လုံလောက်လေသည်။

မည်သို့ပင်ဆိုစေကာမူ လုရင်း၏ ပေါင်တံစင်းစင်းလေးများမှာ အကြည့်လွှဲရန် ခက်ခဲလှ၏။

ထိုအချက်ကို စဉ်းစားပြီးနောက် လင်းရီ သူ၏ ရှေးနည်းလမ်းအတိုင်း ဆွဲဆောင်သည့် အကြံဉာဏ်များကို ပယ်ချလိုက်တော့သည်။

ရှန်းထျန်းကျိုးကဲ့သို့သော လူမျိုးကို ရင်ဆိုင်ရာတွင် သူ၏ နိုင်ငံအတွက် တစ်ခြားနည်းလမ်းတစ်ခုကို ကြိုးစား၍ ဖောက်သင့်ပေသည်။

"အာ...ဘယ်အချိန်ကတည်းကနေ ဒီရောက်နေတာ..."

ရှန်းထျန်းကျိုးအကြောင်း အတွေးနက်နေတုန်း ကျီချင်းရန် ရုတ်တရက် ရောက်နေသည်ကို မြင်တော့ လင်းရီ လန့်ဖြန့်သွားခဲ့သည်။

"သူများက ဒီမှာ ရောက်နေတာ တစ်မိနစ်တောင် ပြည့်တော့မယ်..."ကျီချင်းရန် လင်းရီကို စိတ်ဝင်စားသည့် အကြည့်များဖြင့် ကြည့်ရှုလိုက်ပြီး "နင်က အိပ်ပျော်နေတာလည်း မဟုတ်ဘူးဆိုတော့ စိတ်ကူးနဲ့ရူးနေတာလားပဲ..."

"အား....."

လင်းရီ သူမကို ခါးမှ ပွေ့လိုက်ပြီး "ငါ ခုနတုန်းကတော့ မအိပ်ချင်ဘူး..ခုတော့ အိပ်ချင်သွားပြီ..."

"နင်...လူဆိုးကြီး..ဘာတွေလုပ်နေတာ..ငါ့ကို အမြန်လွှတ်ပေးလို့..."

"ကြမ်းပြင်က ချောနေတယ်လေ..မင်းချော်လဲ သွားရင် တစ်ခုခု ဖြစ်မှာဆိုးလို့..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"နင် တမင်သပ်သပ် လုပ်နေတာ မဟုတ်ဘူး လား.."

"ဟုတ်တယ်ဆိုရင်ကော..."

ကျီချင်းရန် ချစ်စရာကောင်းစွာဖြင့် ပါးဖောင်း ကာ "ဟွန့်..ဘယ်လိုတောင် နှာဘူးတာ လဲ..အရှက်ကလဲမရှိပြန်ဘူး..."

လင်းရီ သူမကို အခန်းထဲသို့ ပွေ့ခေါ်သွားလိုက် ပြီး သူမ မည်မျှ ချစ်ဖို့ ကောင်းနေသည်ကို မြင်တော့ အိပ်စက်ရန် ပြင်ဆင်လိုက်၏။

မီးပိတ်ပြီးနောက် ကျီချင်းရန်မှ အိပ်ရာပေါ် တွင် ရုတ်တရက် ထထိုင်ကာ "ငါက နင့်ကို ဆုချတဲ့အနေနဲ့ ကုတင်ပေးထားနော်..နင်ငါ့ စကားကို နားထောင်ရမယ်.. "

"မပူနဲ့ ငါ့ခေါင်းက နားထောင်တယ်..မင်းပြော တဲ့အတိုင်းပဲ လှုပ်ကို မလှုပ်တာ..."

"ဘယ်သူက နင့်ရဲ့ သစ်တုံး ခေါင်းကြီး အကြောင်း ပြောနေလို့လဲ....ငါက နင့်ရဲ့ ခြေ တွေ လက်တွေကို ပြောနေတာ..."

ကျီချင်းရန် မျက်စောင်းလေး ထိုးလိုက်ပြီး " ဘာမှ လျှောက်မလုပ်နဲ့...ကြားလား..."

"ချောင်ရန် အုပ်စုရဲ့ အလှကေရီလေးက ငါ့ ဘေးနားမှာ လဲနေတာတောင်မှ ငါက မ

လှုပ်ရှားဘူးဆိုရင် မင်းရဲ့ အလှတရားတွေကို စော်ကားသလို ဖြစ်သွားမှာပေါ့ဟ... "

"ဟွန့်...လာပြီး အရူးလုပ်မနေနဲ့..နင့်စကားလုံးတွေအောက်မှာ ကြွေဆင်းသွားမယ်များ မှတ်နေလား.."

ကျီချင်းရန်မှာ လုံးဝ တင်းခံနေပြီး မယိမ်းယိုင်သည့် လေသံဖြင့် ပြော၍ "တကယ်လို့ နင်သာ မဟုတ်တာတွေ လျှောက်လုပ်ရဲလို့ကတော့ နင့်ကို တရားစွဲပြီးတော့ ထောင်ထဲ ပို့ပစ်မယ်..."

"မင်းက တကယ်ကြီး ကလေးတွေကို အဖေမရှိပဲ ကြီးပြင်းခိုင်းရက်တဲ့ နှလုံးသား ရှိတယ်ပေါ့..."

"အဖေမရှိ..."

"လင်းရီ…နင် ဒီလိုမျိုး ပေါက်တတ်ကရတွေ ဆက်ပြောနေဦးမယ်ဆိုရင် အပြင်မှာပဲ အိပ်တော့… "

ကျီချင်းရန် အသံမှာ အနည်းငယ် တုန်ခါသွားပြီး ရင်တလှပ်လှပ် ဖြစ်နေလေသည်။

"ဟင်း…ဒါပေမယ့် မင်းတောင်းဆိုတာတွေက များလွန်းတယ်လေကွာ..မလှုပ်ပဲ တောင့်တောင့်ကြီး အိပ်ရအောင် ငါ့ကို မသာများ မှတ်နေတာလားဟ…ငါလည်း အိပ်ရင်းနဲ့ နည်းနည်းပါးပါး ထိမိပြုမိတာလေးတွေတော့ ရှိမှာပေါ့…"

ငင်းကိုကြားတော့ ကျီချင်းရန် တခဏမျှ တွေးတောလိုက်ပြီး "အဲ့တာဆိုလည်း နင် ငါ့

ဗိုက်ကိုပဲ ဖက်လို့ရမယ်...မကောင်းတဲ့ အတွေးတွေ မရှိရဘူး..."

ကျီချင်းရန် တပည့်တစ်ဦးကို သွန်သင်နေသည့် ဆရာမလေးကဲ့သို့ လက်ညိုးလေး ထိုး၍ ပြောလိုက်သည်။

"ကောင်းပါပြီဗျာ..."

ထို့နောက် နှစ်ယောက်သား ညအိပ်ဝတ်စုံများဖြင့် အတူ လဲလျောင်းလိုက်ကြသည်။ လင်းရီ ကျီချင်းရန်၏ ဝမ်းဗိုက်နုနုလေးပေါ်သို့ လက်တင်ထားချိန် ကျီချင်းရန်၏ နှလုံးသားကတော့ မာရသွန်းပြေးသကဲ့သို့ တဒုတ်ဒုတ် ခုန်နေပြီး ရေငတ်သလိုပင် ဖြစ်လာကာ တံတွေးခိုး၍ မျိုချနေရသည်။

ဒါကြီးက အဆင့်တွေ တအားကျော်နေသလို ကြီး ဖြစ်သွားမလား...

သို့သော်လည်း လင်းရီမှ တည်ငြိမ်စွာဖြင့် ဝင်သက်ထွက်သက်ပြုနေသည်ကို ကြားတော့ ကျီချင်းရန်လည်း အများကြီး သက်တောင့်သက်သာ ဖြစ်သွားခဲ့သည်။

တိုင်းဆမရသည့် ကြည်နူးနှစ်သက်မှုများ ကျီချင်းရန်၏ နှလုံးသားထံတွင် ပြည့်လျှံလာခဲ့ပြီး အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့တော့၏။

နောက်တစ်နေ့ နံနက် လင်းရီ အိပ်ရာမှ နိုးလာသည့် အချိန်တွင်တော့ ကျီချင်းရန်မှ သူ့လက်မောင်းပေါ်တွင် ခေါင်းအုံးထားသည်ကို မြင်လိုက်ရ၏။

သူမ၏ အသားရေမှာ နူးညံ့စိုပြေနေပြီး မျက်တောင်များမှာလည်း ရှည်လျား၍ ကော့စင်းနေလေသည်။

ထို့ပြင် သူမ၏ တင်းရင်းသွယ်လျနေသည့် ပေါင်တံဖွေးဖွေးလေးများကိုလည်း လှစ်ဟလှနီးပါးဖြစ်နေပြီး ပျင်းရိနေသည့် ကြောင်ပေါက်လေးကဲ့သို့ အိပ်စက်နေကာ ကြည့်ရှုသူကို အနမ်းပေးချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာအောင် ပြုလုပ်နေတော့၏။

လင်းရီ သူမကို စူးစိုက်ကြည့်နေသလို ခံစားမိတော့ ကျီချင်းရန် မျက်လုံးဖွင့်လိုက်သည်။

သူမ နိုးနေတာ ကြာပြီဖြစ်သော်လည်း လင်းရီ ရင်ခွင်ထဲ၌ အိပ်စက်ရသည်မှာ သက်တောင့်

သက်သာ ရှိလှသောကြောင့် ဇိမ်ယူပြီး မှိန်းနေလေ၏။

"ထတော့လေ..ငါတို့ ခဏနေကြ ဝါရှင်တန်ကို သွားရတော့မှာ.."

"အွန်း..."ကျီချင်းရန် ဆံပင်သပ်ရင်း မျက်နှာလေးရဲလျက် ခေါင်းညိမ့်လိုက်သည်။

ကိစ္စ ဝိစ္စများ ပြုလုပ်ပြီးနောက် အထုပ်ပိုးထည့်၍ နှစ်ယောက်သား ဟိုတယ်ထဲမှ ထွက်လာကာ လေဆိပ်သို့ ထွက်လာခဲ့လိုက်သည်။ ဝတ်စုံကိုလည်း လေဆိပ်ရှိ သင့်တော်သည့်ဆိုင်တစ်ဆိုင်တွင် ဝယ်ယူလိုက်၏။

သူမတို့ အပျော်ခရီး ထွက်လာခဲ့ကြတာဖြစ်ပြီး အလုပ်အကြောင်း မပြောချင်

သောကြောင့် ဝတ်စုံတစ်စုံကိုမျှ မထည့်လာခဲ့ကြချေ။

အဝတ်စားများ ဝယ်ပြီးနောက် နှစ်ယောက်သားအချိန်မဖြုန်းပဲ ဝါရှင်တန်သို့ သွားမည့် လေယာဉ်ပေါ်သို့ တက်လိုက်ကြသည်။

လေယာဉ်ဆင်းသည့် အချိန်တွင်တော့ ကွမ်းရာမှာ အချိန်အတော်ကြာကတည်းက သူမတို့ကို လေဆိပ်၌ စောင့်ကြိုနေပြီး လင်းရီတို့ကို မြင်တော့ လက်ဝှေ့ယမ်းပြလိုက်၏။

"ဒါရိုက်တာကွမ်း...စောင့်ဆိုင်းစေမိတဲ့အတွက် ဆောတီးပါနော် ."ကျီချင်းရန် အားတောင့်အားနာဖြင့် ပြောလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး..ကျွန်မလည်း ခုမှရောက်တာပါ ဥက္ကဋ္ဌကျီရဲ့..."

ကွမ်းရာမှ လောကွတ်ပြုလိုက်၏။

"ဒါရိုက်တာကျီရဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ..ကျွန်မတို့ တစ်ရက်လောက် နားပြီးမနက်ဖြန်မှ သွားကြမလား..."

ကွမ်းရာကတော့ လင်းရီ ဘာစီစဉ်နေလဲဆိုတာ မသိသောကြောင့် ကျီချင်းရန်၏သဘောထားကို မေးမြန်းပြီး မီးစင်ကြည့်ကရန်သာ ဆုံးဖြတ်လိုက်၏။

ကျီချင်းရန် တခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက်"ဖြစ်နိုင်ရင် ဒီနေ့ပဲ စကြတာပေါ့..စောစောပြီး စောစောနားပေါ့ မဟုတ်ဘူးလား..."

"ကောင်းပြီလေ..ကျွန်မမှာလည်း အချိန်တွေ အများကြီး ရှိတယ်ဆိုတော့ ဥက္ကဌကျီရဲ့ အစီအစဥ်အတိုင်းပဲပေါ့ရှင်..."

"ဒါရိုက်တာကွမ်း..ဒီမှာ ခဏလောက် စောင့်ပေးဦးနော်..ကျွန်မ အဝတ်သွားလဲလိုက်ဦးမယ်..."

ကျီချင်းရန် သူမ ဝယ်ယူလာခဲ့သည့် ယူနီဖောင်းကို လဲပြီးနောက် တစ်ခြားခူတစ်ယောက် ပြောင်းလဲသွားသကဲ့သို့ ဖြစ်သွားခဲ့သည်။

သူမ၏ ကိုယ်လုံးကိုယ်ပေါက်မှာ ယူနီဖောင်းထဲ၌ အချိုးအစား ကျနစွာ တည်ရှိနေပြီး တုနှိုင်းမမှီသည့် အလှတရားတို့မှာ မိန်းကလေး

တိုင်းကို မြင်သည်နှင့် သိမ်ငယ်စိတ်များ ဝင်သွားစေနိုင်သည်။

ကွမ်းရာ သက်ပြင်းခိုးချမိသည်။ ကျီချင်းရန် ဘေးနားရပ်နေသောကြောင့် သူမ၏ လောင်းရိပ်အောက် ရောက်နေမည်မှာ အမှန်ပင်။ မည်သူမဆို သူမတို့နှစ်ဦးကို တွဲလျက်မြင်ပါက သူမကို သတိထားမိမည်တောင် မဟုတ်တော့ချေ။

"နင်ကော လိုက်ခဲ့ဦးမလား..ဘာပဲပြောပြော ဒါလည်း နင့်ရဲ့ စီးပွားရေးလုပ်ငန်းပဲလေ..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်၏။

"တော်ပြီ..စိတ်မဝင်စားဘူး..မင်းတို့ပဲ သွားကြတော့..ဟိုတယ်မှာ စောင့်ရင်းနဲ့ ဂိမ်းဆော့နေတာပဲ ကောင်းတယ်..."

လင်းရီ သူမတို့နှင့် လိုက်မည် မဟုတ်မှန်း သိသောကြောင့် မေးလိုက်သည့်အချိန်တွင်လည်း မျှော်လင့်ချက် များများစားစားတော့ မထားချေ။ သူမ ဝတ်ထားသည့် အဝတ်စားများ အဆင်ပြေမပြေ တစ်ချက်ကြည့်ပြီးနောက် ကွမ်းရာနှင့်အတူ ထွက်ခွာသွားခဲ့၏။

နှစ်ယောက်လုံး ထွက်သွားသည်ကို အတည်ပြုပြီးနောက် လင်းရီ တက္ကစီငှား၍ မိုက်ခရိုဆော့ဖ်၏ ရုံးချုပ်သို့စတင် ဦးတည်လိုက်သည်။

မိနစ်လေးဆယ်ကြာပြီးနောက် လင်းရီ ကားထဲမှ ထွက်ပြီး မိုက်ခရိုဆော့ဖ်ရုံးချုပ်၏ အဓိက ဝင်ပေါက်ရှေ့တွင် ရပ်လိုက်သည်။

နာမည်ကျော်ကြားလှသည့် မိုက်ခရိုဆော့ဖ်ဟု တောင် ပြောစရာမလိုပဲ ရုံးစိုက်ထားသည့် နေရာဌာနမှာ ကြီးကျယ်ခမ်းနားလှပြီး လူသူလေးပါးနှင့် စည်ကားသိုက်မြိုက်လျက် ရှိ၏။

ယင်းကိုမြင်တော့ လင်းရီ ရင်ထဲတွင် ကြိတ်၍ သက်ပြင်းချမိသည်။

"ငိုးပဲ ဒါကမှ တကယ့်ကို ယူနီကွန်းကြီးကွ..."

ထိုအကြောင်း တွေးတောရင်း လင်းရီ လက်နှစ်ဖက်ကို စိတ်လှုပ်ရှားစွာဖြင့် ပွတ်ဆွဲလိုက်ပြီး...

ဟဲဟဲ ..ငါလင်းရီကြံရင် ဒင်းခံနိုင်ရိုးလားကွ...

ထိုသို့ ကြုံးဝါးပြီးနောက် မိုက်ခရိုဆော့ဖ် ရုံး ချုပ်ထဲသို့ ယုံကြည်ချက်အပြည့်ဖြင့် လျှောက် လှမ်းသွားခဲ့သည်။

## အခန်း (၁၀၉)

မိုက်ခရိုဆော့ဖ်ထဲသို့ ဝင်ရောက်လာခဲ့ သည်နှင့် ကမ္ဘာတစ်လွှားရှိ လူမျိုးပေါင်းစုံကို ဟိုဟိုဒီဒီ၌ တွေ့နိုင်လေသည်။

သူတို့ ဟွာရှသားများကိုတော့ ပိုလို့တောင် တွေ့နေရ၏။

လင်းရီ ပတ်ဝန်းကျင်ကို တစ်ချက်ရှိုးလိုက် ပြီး ကောင်တာသို့ ဦးတည်သွားလိုက်သည်။

"ဟယ်လို...ရှင်က အလုပ်လာလျှောက်တာလား..."

လင်းရီကို အလုပ်လာလျှောက်သည့်သူဟု ထင်ပြီး လူဖြူမိန်းကလေး တစ်ယောက်မှ ဖောင်တစ်ရွက်ကို ကမ်းပေးလိုက်သည်။

"ဒီဖောင်ကို ဖြည့်ပြီးတော့ ကျွန်မတို့ ပြန်လာအပ်လိုက်နော်..."

မိုက်ခရိုဆော့ဖ်မှ အလုပ်ခေါ်ယူနေသည့်ရာသီနှင့် လာတိုးလိမ့်မည်လို့ လင်းရီ ထင်မထားခဲ့။ ထိုသို့ဆိုပါက ချဉ်းကပ်ရန် ပိုလို့တောင် လွယ်ကူသွားချေပြီ။

လင်းရီ ဖောင်ကို တခဏခန့် ဖြည့်ပြီးနောက် လူဖြူ မိန်းကလေးထံသို့ ပြန်ပေးလိုက်၏။

လူဖြူမိန်းကလေးမှ တစ်ချက်ကြည့်လိုက်ပြီး ပထမ စစချင်းတော့ သူမ သိပ်အာရုံထားမနေသော်လည်း လျှောက်ထားသည့်ရာထူးနေရာနှင့် မျှော်မှန်းလစာကိုမြင်တော့ မျက်လုံးများပြူးကျယ်သွားခဲ့သည်။

"ရှင်က အမှုဆောင် ရာထူးနေရာနဲ့ တစ်နှစ်ကို ၃.၅ မီလီယမ် ဒေါ်လာလိုချင်တယ်... "

"အမှန်ပဲ..."လင်းရီ ပြောလိုက်ပြီး "မိန်းကလေး ခင်များမယုံကြည်နိုင်ဖြစ်နေတယ်ဆိုတာ ကျုပ်သိတယ်..ဒါပေမယ့် ခင်များရဲ့ ဘောစ့်ဆီ သွားပြီးတော့ တင်ပြပေးမယ်လို့တော့ မျှော်လင့်တယ်..သူဆိုရင်တော့ စိတ်ဝင်စားကောင်း စိတ်ဝင်စားလောက်မှာ..."

လူဖြူမိန်းကလေးမှာ လင်းရီကို လုံးဝ မယုံကြည်ပေ။ သူမမှာ ကောင်တာရှိ ဝန်ထမ်းတစ်ဦးမျှသာ ဖြစ်သော်လည်း မိုက်ခရိုဆော့ဖ်၌ အလုပ်လုပ်နေသောကြောင့် နယ်နယ်ရရတော့ မဟုတ်ချေ။ ဝေဖန်ပိုင်းခြားနိုင်သည့် ဦးနှောက်ရှိ၏။

"စိတ်မကောင်းပါဘူး..ကျွန်မ ဒီလိုမျိုးတွေကို ဘော့စ်ဆီ အစီရင်ခံမပေးဘူး..ဘာလို့ဆိုတော့ ရှင့်လိုမျိုး ကလိမ်ကျတဲ့သူတွေက နေ့တိုင်းနီးပါး ရှိနေလို့ပဲ..."

"မိန်းကလေး မယုံဘူးဆိုတာ ကျုပ်နားလည်တယ်..ဒါပေမယ့် ကျုပ်က မူလချစ်ပ်ရဲ့ စွမ်းဆောင်င်ရည်ကို မြင့်တင်ပြီးတော့ အော်ပရေးရှင်းစစ်စတမ်ကို ပိုမြန်ပိုသွက် ပိုတည်ငြိမ်

အောင် လုပ်ပေးနိုင်တဲ့ စွမ်းရည်ရှိတယ်..ဒီတော့ တစ်နှစ်ကို ၃.၅ မီလီယမ်ဒေါ်လာတောင်းတာက လွန်တယ်လို့ ထင်နေသေးလား.."

"ဆာ..ရှင်က လိမ်ပြောနေတာပဲ..ရှင်ဒီလိုသူများကို ဆက်လိမ်နေမယ်ဆိုရင် တမန်တော်က ရှင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး..ကျွန်မ ဟွာရှလူမျိုး လုပ်ဖော်ကိုင်ဖက်တွေ အများကြီးနဲ့ ကြုံဖူးပါတယ်..သူတို့အားလုံးကလည်း နိမ့်ချပြီးတော့ အလုပ်ကြိုးစားတဲ့ သူတွေချည်းပဲ...ဒီတော့ ရှင့်ကြောင့်နဲ့ ဟွာရှလူမျိုးတွေအပေါ် ကျွန်မရဲ့အထင်မြင်ကောင်းတွေကို မဖျက်ဆီးဘူးလို့တော့ မျှော်လင့်တယ်... "

"မယုံဘူးပေါ့..မယုံဘူးဆိုရင်လည်း သက်သေပြပေးလို့ရတယ်..."

လင်းရီ စလာကတည်းကနေ ယခုလိုလုပ်ရန် တွေးတောပြီးဖြစ်၏။

အကာ်၍ သူသာ မိုက်ခရိုဆော့ဖ်ထဲ ဝင်ရောက်ပြီး ရှန်းထျန်းကျိုးနှင့် အလျင်အမြန် တွေ့ချင်သည်ဆိုပါက သူ၏ စကေးတစ်ချို့ကို တော့ ထုတ်ဖော်ပြသရပေမည်။

"ဆောတီးပဲ..ကျွန်မမှာ ရှင်နဲ့ ကစားပေးဖို့ အချိန်မရှိဘူး..."

ငိုးပဲ ..

နိုင်ငံခြားသူတွေနဲ့ ဟွာရှက အမျိုးသမီးတွေရဲ့ အလှရသ စံနှုန်းက မတူညီဘူးလားဟ..

ငါ့ရဲ့ ချောမောခန့်ညားတဲ့ ရုပ်ရည်လေးက ခု တော့ အသုံးမဝင် ဖြစ်ရပြီတဲ့လားကွာ...

လင်းရီ ရှုံ့သွပ်တော့မလို ဖြစ်သွားခဲ့သည်။

"ကယ်လီ..နင်တို့ ဘာတွေ ငြင်းခုန်နေကြ တာ...."

လင်းရီ ပြန်ပက်တော့မည့် အချိန်တွင် နောက်မှ စကားပြောသံတစ်သံကို ကြားလိုက် ရ၏။

လှည့်ကြည့် လိုက်သောအခါ သူ့နောက်၌ လူ နှစ်ယောက်ရပ်နေသည်ကို မြင်လိုက်ရ၏။ တိုက်ဆိုင်စွာဖြင့် နှစ်ယောက်စလုံးမှာလည်း ဟွာရှာလူမျိုးများ ဖြစ်လေသည်။

ပြောလိုက်သူကတော့ အမျိုးသမီးတစ်ဦးဖြစ် ပြီး အဖြူရောင် ဝတ်စုံနှင့် အနက်ရောင်

ဒေါက်မြင့်ဖိနပ်ကို ဝတ်ဆင်ထား၏။ လည်ပင်းတွင်လည်း တံဆိပ်ပြားဆွဲထားကာ သူမ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြထားလေသည်။

သူမ၏ အင်္ဂလိပ်နာမည်ကိုတော့ ဂျက်ဆီကာဟု ခေါ်တွင်ပြီး ဒုဥက္ကဌ၏ အတွင်းရေးမှူးလည်း ဖြစ်၏။

သူမဘေးရှိ လူ၏ အင်္ဂလိပ်နာမည်ကတော့ အများက ကာဆမ်ခေါ်ကြပြီး ဥရောပ အိန္ဒိယအနွယ်ဝင်တစ်ဦးဖြစ်ကာ နည်းပညာဌာန၏ အလတ်တန်း အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

"သူက ဒီကို အမှုဆောင်ရာထူးနေရာ လာလျှောက်တာတဲ့..ဒါပေမယ့် ပေါက်တတ်ကရ

တွေ လျှောက်ရေးထားလို့ သူ့ကို မောင်းထုတ်နေတာ..."

"အမှုဆောင်ရာထူးနေရာ လာလျှောက်တယ်..."ဂျက်ဆီကာ တခဏခန့် ကြက်သေသေသွားခဲ့သည်။

လင်းရီကို ကြည့်ရတာတော့ ပေါ့ပျက်ပျက်လူစားမျိုးနှင့်လည်း မတူချေ။ မည်သို့ပင်ဆိုစေကာမူ သူမတို့ ဟွာရှလူမျိုးများမှာ မိမိကိုယ်ကိုလေးစားမှုနှင့် ဆင်ခြင်တုံတရား ရှိကြ၏။

ဂျက်ဆီကာ လင်းရီ၏ ကိုယ်ရေးအချက်အလက်ကို တစ်ချက်ကြည့်လိုက်သည်။

"မစ္စတာလင်း..ရှင့်ရဲ့ အသက်အရွယ်နဲ့ ဒီလို အရည်ချင်းမျိုးရှိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..စကားကို တည်တည်တံ့တံ့ပြောပါ... "

"ဘာမှားနေလို့လဲ...ကျုပ်က ငယ်သေးတော့ သောက်ရမ်းထူးချွန်နေလို့ မရဘူးပေါ့..."လင်းရီ ဟွာရှစကားဖြင့် စတင်ပြောဆိုတော့သည်။

"ကျုပ်ငယ်ငယ်တုန်းက မီးလောင်နေတဲ့ ထမင်းပေါင်းအိုးကို သေးနဲ့ပန်းပြီး ငြိမ်းပစ်လိုက်တယ်..အဲ့တုန်းက ကျုပ်အမေ ကတောင် ငါ့သားကြီးလာရင် ကြီးမြတ်တဲ့ အရာတွေ လုပ်နိုင်မယ်လို့တောင် ချီးမွမ်းခဲ့ သေးတယ်.... "

ဂျက်ဆီကာ :".....''

ရှင့်အမေက ရှင့်ကို လျှောက်ပြောနေတာ..

"ဘာပဲပြောပြော ကျွန်မမှာလည်း စဉ်းစား ဆုံးဖြတ်တဲ့ နည်းလမ်းတွေရှိတယ်..ပြီးတော့ ရှင်က ကျွန်မကို လာနှောက်နေတာ .."ဂျက်ဆီ ကာလည်း သူမ၏ မိခင်ဘာသာစကားကို သုံး၍ ပြောဆိုလိုက်သည်။

"ဘာကို ကြည့်ပြီး ဆုံးဖြတ်လိုက်တာ..."

ဂျက်ဆီကာ လင်းရီကို တစ်ချက်ကြည့်လိုက် ပြီး အဆောက်ဦးထဲတွင် အလျင်စလိုဖြစ်နေ သည့် အိုင်တီကျွမ်းကျင်သူများကို လက်ညိုး ထိုးပြကာ "ရှင့်ကိုယ်ရှင် သူတို့နဲ့ ယှဉ်ကြည့် လိုက်လေ.."

လင်းရီ :"???"

"ဘာဆိုင်လို့လဲ..သူတို့လို ဝတ်စုံပြည့်နဲ့ ကွန်ပျူတာ မရှိတာကလွဲရင် ငါက ဘာတွေ ချွတ်ယွင်းနေလို့လဲ..."

"အများကြီးဆိုမှ အများကြီးပဲ.."ဂျက်ဆီကာ ပြောလိုက်ပြီး "အဲ့မှာ အိုင်တီပရိုတွေ ဆယ် ယောက်ရှိတယ်..ဒါပေမယ့် အဲ့ဒီထဲက ဘယ် သူကမှ ရှင့်လို ဆံပင်အပြည့်ရှိမနေဘူး...အဲ့ တာတောင်မှ ရှင့်ရဲ့စကေးတွေက ကောင်းပါ တယ်လို့ ဘယ်လိုတောင် ပြောလိုက်တာ လဲ...."

အာ...

သောက်ပဲ..ဒါကြီးကတော့ ငြင်းလို့မရတဲ့ အကြောင်းပြချက်ကြီးဟ...

"မိန်းကလေးမသိလို့..ကျုပ်ခုဆံပင်က ဆံပင် အတုကြီးလေ..ကျုပ်သုံးနှစ်သားကတည်းက နေ ကွန်ပျူတာ စကေးတွေ သောက်ရမ်း ကြမ်းလွန်းလို့ ဆံပင်တွေပါ ပြောင်ကုန် တာ...အဲ့လိုဆို ကျုပ်ကိုလည်း အိုင်တီပရိုလို့ ခေါ်လို့ရပြီလား... "

"ဂျက်ဆီကာ...သူနဲ့ ပေါက်တတ်ကရတွေ ပြောပြီး အချိန်ဖြုန်းမနေစမ်းနဲ့..မောင်းသာ ထုတ်လိုက်တော့ကွာ... "

ကာဆမ် ဘေးမှရပ်၍ ပြောလိုက်သည်။

"ငါ့အထင်တော့ သူ့ကို အခွင့်ရေးပေးလို့ရ မယ် ထင်တာပဲ.."ဂျက်ဆီကာ ပြုံးလိုက်ပြီး "ဒီ လူက ထူးတော့ထူးတယ်..."

"သူက ဘာထူးနေလို့လဲ ... ငါကျတော့ ဘာလို့ မမြင်ရတာ..."

"သူက အရမ်းချောတယ်လေ..."

ကာဆမ် "...."

လင်းရီ ဂျက်ဆီကာ၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး "အလှလေး ခင်များက ဒုဥက္ကဌရဲ့ အတွင်းရေးမှူးဖြစ်လာတာ မဆန်းတော့ပါဘူး..ခင်များမှာ အမြင်ကောင်းလေးတွေရှိတယ်...ငယ်ငယ်ရွယ်ရွယ်နဲ့ အမြင်ကွယ်နေတဲ့ ခင်များရဲ့ လုပ်ဖော်ကိုင်ဖက်နဲ့များ ကွာပါ့..."

"မင်းဘာစကား ပြောတာလဲဟျောင့်.."

" တော်ကြတော့.."

ဒေါသမီးတောက်လောင်တော့မည့် ကာဆမ်မှာ ဂျက်ဆီကာ၏ စကားကိုကြားတော့ ရေအေးဖြင့် ငြိမ်းသတ်ခံလိုက်ရသလို ရှူးရှဲအသံမြည်၍ စိတ်လျော့လိုက်တော့၏။ သို့သော်လည်း လင်းရီကို မကျေမချမ်းသည့် အကြည့်များဖြင့် ကြည့်နေသေးသည်။

ထိုသို့ ပြောပြီးနောက် ဂျက်ဆီကာ လင်းရီဘက်သို့ လှည့်ကာ "ရှင်အခု ကျွန်မလက်ကို လွှတ်လို့ရပြီလား..."

"အာ...ဟုတ် ဆောရီးနော်....အလုပ်ရောဂါကြောင့်ပါ..ဆောတီးဆောတီး..."

ဂျက်ဆီကာ သူမ အစောတုန်းက ချီးမွမ်းခဲ့သည်ကိုပင် နောင်တရချင်သလို ဖြစ်သွားခဲ့သည်။

ဘယ်လို အိုင်တီအင်ဂျင်နီယာမျိုးက ယောင်မှားပြီး သူများလက်ကို ထိလို့လဲ..ငါ့ လက်က ကီးဘုတ်တွေ မောက်စ်တွေနဲ့ တူ တယ်များ မှတ်နေလား...

"ရှင်ရဲ့ အခြေနေတွေက ထူးခြားတော့ ကျွန်မ ကိုယ်တိုင် ရှင့်ကို အကဲဖြတ်ပေးမယ်."ဂျက် ဆီကာ ပြောလိုက်ပြီး "ရှင်သာ အဲ့တာကို အောင်မြင်သွားပြီဆိုရင် အမှုဆောင်ရာထူး နေရာရအောင် ကူညီပေးမယ်.."

"ရတာပေါ့ ...လုံးဝ ပြဿနာ မရှိဘူး..."လင်းရီ ပြောလိုက်ပြီး "ဘယ်နေရာမှာ အကဲဖြတ် မှာ..."

"ကျွန်မတို့ရဲ့ အလုပ်ခွင်က ရိုးရှင်း တယ်..စည်းကမ်းတွေ သိပ် မတင်းကြပ်ထား

ဘူး..ဆိုတော့ သင့်တော်တဲ့ နေရာတစ်ရာမှာ သာ ကောက်ထိုင်လိုက်...."ဂျက်ဆီကာ ပြော လိုက်ပြီး "ဟိုနားက ဆိုဖာလေးမှာ ဆိုရင် ကော..."

"ဆိုဖာလည်း အဆင်ပြေပါတယ်..ကျုပ်က အဲ့ လိုနေရာမျိုးတွေမှာ အတွေ့ကြုံရှိပြီးသား."

ဂျက်ဆီကာ :"???"

ငါဘာလို့ ထူးဆန်းသလို ခံစားနေရပါလိမ့်...

ဂျက်ဆီကာနှင့် ကာဆန်တို့ လင်းရီနှင့်အတူ ဆိုဖာပေါ်တွင် ထိုင်လိုက်ကြပြီး သူတို့၏ လက်တော့ပ်၊ ကွန်ပျူတာများ ထုတ်နေသည် ကိုမြင်တော့ အနီးဝန်းကျင်ရှိလူများ သိချင် စိတ်ဖြင့် စူးစမ်းလာကြတော့၏။

"ဟေး ကာဆမ်...သူက မင်းသူငယ်ချင်းလား...ဘာတွေလုပ်နေတာ...ဒီမှာ code ရေးမလို့တဲ့လား..."

မေးလိုက်သည့်သူကတော့ အသက်သုံးဆယ်အရွယ်ရှိ လူမည်းတစ်ဦးဖြစ်ပြီး အိုင်တီကျွမ်းကျင်သူကြီး ပီသစွာ ထိပ်ကတော့ပြောင်နေလေသည်။

ကာဆမ် ပြုံးလိုက်ပြီး "ဒီကောင်ကအမှုဆောင် ရာထူးလုပ်ဖို့ လာလျှောက်တာ...ပြောတာတော့ သူ့မှာ ချစ်ပ်ရဲ့ စွမ်းဆောင်ရည်ကို မြင့်တင်ပြီးတော့ အော်ပရေးရှင်းစစ်စတမ်ကို ပိုသွက်ပိုမြန်ပြီးတော့မှတည်ငြိမ်အောင် စွမ်းဆောင်နိုင်တဲ့အရည်အချင်း ရှိတယ်ဆိုပဲ...မင်းကော အဲ့ငနဲ

က ပြောသလိုမျိုး စကေး ကြမ်းမယ်လို့ထင်လား..."

"ဟားဟား ..ဂျေဆပ်ပဲ။။..ငါတို့ ကုမ္ပဏီက အသက်အငယ်ဆုံး အမှုဆောင်အရာရှိကတောင်မှ အသက်လေးဆယ်ကျော်နေပြီ...သူ့အသက်ရွယ်နဲ့ဆို ဂျူနီယာအင်ဂျင်နီယာလောက်တောင် ရှိပါ့မလားပဲ..."

"အဲ့တာတော့ ငါလည်းမသိဘူး..သူ့ဘာသူပြောနေတာပဲ..ခုလည်း မယုံလို့ စောင့်ကြည့်နေတာလေ..."

"မင်းတို့နှစ်ယောက် ဒီလိုလုပ်တာကြီးကတော့ မဟုတ်သေးပါဘူးကွ... "လူမည်းတစ်ဦးမှ ပြောလိုက်ပြီး "သူက ဟွာရှလူမျိုးဖြစ်လို့ဆိုပြီးတော့ ဒီလိုမျိုး အခွင့်အရေး ပေးလိုက်

တယ်လို့တော့ မပြောနဲ့..သူ့လိုကောင်မျိုးတွေ ဆိုတာက တစ်ခါတည်း မောင်းထုတ်ပစ်လိုက်သင့်တာ..."

"ငါတို့လည်းမောင်းထုတ်တာပဲလေ..ဒီကောင်ကို သောက်ရှက်မရှိ ပေတေပြီး စကေးတွေ ဇွတ်ပြချင်နေမှတော့ ငါတို့လည်း ဘယ်တတ်နိုင်တော့မှာ.."ကာဆမ်မှ မတတ်နိုင်သည့် ပုံစံဖြင့် ပခုံးတွန့်ပြလိုက်သည်။

"ဒီကောင်က သူ့မှာ စကေးရှိတယ်ဆိုတာနဲ့ သောက်ရမ်းတွေ ပါဝါရှိသွားပြီလို့ ထင်နေတာလား မသိဘူး..." လူမည်းမှ ဝေဖန်ကဲ့ရဲ့သည့် လေသံဖြင့် ပြောဆိုလိုက်သည်။

"အိုးမိုင်..ဂျေဆပ်..မှားများ မှားနေတာလားပဲ...ဒါက မိုက်ခရိုဆော့ဖ်လေ..နာမည်ကြီး

တက္ကသိုလ်တွေက PhD ကျောင်းသားတွေတောင်မှ တော်ရုံဒီမှာ အလုပ်လုပ်ဖို့အခွင့်အရေးရှိတာ မဟုတ်ဘူး..."

"အဲ့တာတော့ ငါလည်း မသိဘူး..ဒီကောင်က ကြိုးစားချင်နေတယ်ဆိုမှတော့ ပေးစားလိုက်ကွာ....သူ ဘယ်လောက် သေးသိမ်လဲဆိုတာ သူ့ဘာသူ သဘောပေါက်ပလေ့စေ..ပြီးရင် သူ့ဘာသူ ထွက်သွားလိမ့်မယ်..."ကာဆမ်မှ ပြောလိုက်သည်။

"ဟင်း..ငါတော့ ဒီကောင့်ကို အတော်လေး ချဉ်နေပြီ..."

လူများ ပို၍ပို၍ စုရုံးလာသည်ကိုမြင်တော့ ဂျက်ဆီကာ မျက်မှောင်ကုပ်မိလိုက်သည်။

"စဆို့..အချိန်မဖြုန်းနဲ့..."

ဂျက်ဆီကာ ပြောလိုက်သည့်အ ချိန်တွင်တော့ လင်းရီ သူ၏ ကွန်ပျူတာကို ဖွင့်လိုက်သည်။

"ကျုပ်အထင်တော့ ခင်များ ဒီဘိုးတော်တွေ ထက် ပိုကျွမ်းတဲ့လူကို ခေါ်သင့်တယ် ထင်တယ်နော်...မဟုတ်ရင် ဒီသက်ကျားအိုကြီးတွေက ကျုပ်ရေးထားတဲ့ code ကို ဘာတစ်လုံးမှ နားလည်မှာ မဟုတ်ဘူး..."

## အခန်း(၃၁၀)

"ဟမ်..."

အနီးတွင် စုရုံးနေသည့် ပရိုဂရမ်မာများ အားလုံး ကြက်သေသေသွားခဲ့ကြသည်။

လင်းရီမှ သူတို့ကို ထိုသို့ ပြောလာလိမ့်မည်လို့ ထင်မထားခဲ့ကြချေ။

"မစ္စတာလင်း..ခင်များ ပြောလိုက်တဲ့စကားက သိပ်လွန်ရာ မကျဘူးလား..."ကာဆမ် ပြောလိုက်ပြီး "ဒီမှာရှိတဲ့သူတွေ အကုန်လုံးက စီနီယာပရိုဂရမ်မာတွေ ..မင်းထင်နေတာ ငါတို့က မင်းရေးထားတဲ့code ကို နားမလည်နိုင်ဘူးလို့ ထင်နေတယ်ပေါ့..."

"ခင်များတို့ နားမလည်နိုင်တာလည်း ဖြစ်နိုင်တာပဲလေ...ဒီတော့ အချိန်ကုန်သက်သာအောင် ပိုပြီး စကေးရှိတဲ့သူကို တစ်ခါတည်း ခေါ်ထားလိုက်..."

"ဟားဟား..."ကာဆမ် အေးစက်စွာ ရယ်မောလိုက်ပြီး "မင်းသာ အရင်ရေးလိုက်စမ်းပါ

ကွာ..ငါတို့ ခေါင်းဆောင်ရဲ့ အချိန်က မင်းလို ကောင်မျိုးပေါ်မှာ ဖြုန်းဖို့ မထိုက်တန်ဘူး..."

လင်းရီ တစ်ခွန်းမျှ ပြန်မပြောဘဲ ကွန်ဆိုးကို ဖွင့်လိုက်ပြီး လက်တစ်ဖက်နှင့် code ရေးပြ လိုက်၏။

သူက ဘာလို့ လက်တစ်ဖက်တည်းနဲ့ code ရေးနေတာလဲတဲ့..

ဒါပေါ့..ဟိတ်ဟန်ထုတ်ဖို့လေ..မဟုတ်ရင် သူ့ စကေး ဘယ်လောက်ကြမ်းလဲဆိုတာ ဘယ်လိုပြနိုင်တော့မှာ..

လင်းရီ၏ လက်ချောင်းများမှာ ကီးဘုတ်ပေါ် တွင် ပီယာနို တီးသကဲ့သို့ အဆက်မပြတ်ကျ ရောက်နေသည်ကိုမြင်တော့ ဂျက်ဆီကာ ရှော့ ခ်ရသွားခဲ့သည်။

သုက ဘာလို့ အဲ့လောက်တောင် ခန့်ညားနေရ တာလဲဟင်..ဒီလောက်ချောနေမှတော့ စင်ဂ ယ်မဖြစ်နိုင်လောက်ဘူး...

အနီးတွင် ဝိုင်းစပ်စုနေကြသည့် ပရိုဂရမ်မာ များမှာလည်း လင်းရီ code ရေးသည့် အမြန် နှုန်းကိုမြင်တော့ ရှော့ခ်ရသွားခဲ့ကြသည်။

အနည်းဆုံးတော့ သူတို့တွင် ထိုသို့ လုပ် တောင်နိုင်သည့် စွမ်းရည်မရှိချေ။

များသောအားဖြင့် နာရီဝက်လောက် code ရေးပြီး တစ်နာရီလောက်က error ရှာနေရ လေသည်။

"ဂေါင်ကြီးတို့..စခရင်ကိုလည်း ကြည့်ကြဦး ဟ..ဒီကောင်ဘာတွေ ရေးနေတာ..တွေ့ကရာ များ လျှောက်ရေးနေလား မသိဘူး..."

"အေး..ငါလည်း ဖတ်ကိုမဖတ်တတ်တာ ..ဒီလိုcode မျိုး တစ်ခါမှ မမြင်ဖူးဘူး.."

လူမည်းတစ်ဦးမှ ပြောလိုက်သည်။

"ငါကောပဲ..ငါ့ထင်တော့ code အမှားတွေပဲ ဖြစ်လိမ့်မယ်..."လူဖြူတစ်ဦးမှ ဝင်၍ မှတ်ချက်ပြုလိုက်သည်။

ကာဆမ် လင်းရီကို ကြည့်လိုက်ပြီး "မစ္စတာ လင်း..ခင်များ ဇာတ်တွေဆက်ပြီး ခင်းမနေတော့ဘူးလို့ မျှော်လင့်တယ်..ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ အားလုံးက code အမှားတွေလို့တောင် ပြောနေပြီ..ဒီတော့ ဒိုးလိုက်တော့..,"

"ငါလည်း မင်းတို့ကောင်တွေ နားလည်မှာ မဟုတ်ဘူးလို့ ပြောထားပြီးသားပဲ မဟုတ်လား..ဘာလို့ ဝန်မခံချင်ရတာလဲဟ.."

"ခင်များ ရေးနေတဲ့ code ကအမှားကြီးတွေလေ..ဘယ်လို သွားစစ်ကြည့်ရမှာ.."

"နေဦး..."

ဂျက်ဆီကာ က ဆမ်ကို ရပ်တန့်လိုက်ပြီး "ငါ သူရေးတဲ့ code ကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ .."

"ဒေါက်တာရှန်းလည်း အဲ့လို code နဲ့ ဆင်တူတာမျိုး ရေးဖူးတယ်..ဒါပေမယ့် တစ်ပုံစံတည်းတော့ မတူဘူးပေါ့.."ဂျက်ဆီကာပြောလိုက်ပီး "ငါ့အထင်တော့ ဒီကိစ္စကို ဒါရိုက်တာရှန်းဆီ တင်ပြမှ ထင်တယ်..."

"မဖြစ်နိုင်ဘူး.."ကာဆမ်ပြောလိုက်ပြီး "မင်း အမှတ်မှားတာပဲ ဖြစ်လိမ့်မယ်..ဘာပဲပြော ပြော မင်းက ကွန်ပျူတာသိပ္ပံ မေဂျာကမှ မဟုတ်တာ..."

"ငါက ဝက်သားမစားဖူးတိုင်း ဝက်ပြေးတာကို မမြင်ဖူးဘူးလို့ ထင်နေတာလား..ငါက ကွန်ပျူတာသိပ္ပံ မေဂျာက မဟုတ်ဘူးဆိုပေ မယ့် ငါ့ရဲ့ ဉာဏ်ရည်ကိုတော့ မေးခွန်းထုတ် စရာ မလိုဘူး...ဒီမှာ လုပ်လာတာ သက်တမ်း ဘယ်လောက်တောင်မှ ရှိနေပြီလဲ..ဒီ လောက်လေးကတော့ ငါလည်း သိပါတယ် ..."

ဂျက်ဆီကာ ထိုသို့ ပြောလိုက်သော်လည်း မည်သူကမျှ ဂရုမစိုက်။

ကွန်ပျူတာ ပရိုဂရမ်းမင်းဆိုသည်မှာ အလွန်တရာမှ နက်နဲသိမ်မွေ့သည့် ပညာရပ်တစ်ခုဖြစ်သည်။ သူမတစ်ခုစ၊ နှစ်ခုစ သိရုံမျှနှင့် အသုံးဝင်သည်ဟု ထင်နေသည်လော...

ထိုအရာကတော့ အထင်သေးလွန်းသွားချေပြီ။

"မင်းတို့ကောင်တွေ ဘာလုပ်နေကြတာလဲ ကွ..စုရုံး စုရုံးနဲ့..."

လူတိုင်း လင်းရီကို လှောင်ရယ်နေကြစဉ် သက်လတ်ပိုင်းအရွယ်အမျိုးသားတစ်ဦး သူတို့နောက်သို့ ရောက်ရှိလာခဲ့သည်။

ထိုသက်လတ်ပိုင်းလူကြီး ရောက်ရှိလာသည့်အချိန်တွင်တော့ လေထုမှာ အလွန်အမင်း

မွန်းကြပ်သွားခဲ့ပြီး မည်သူကမျှ အသက်ဝဝ မရှူရဲကြတော့ချေ။

"ဒါရိုက်တာရှန်း..."

လင်းရီ ခေါင်းကို ရည်ရွယ်ချက်ရှိရှိ မော့ကြည့်လိုက်ပြီး ရှန်းထျန်းကျိုးကို မြင်တော့ အံ့သြသွားခဲ့သည်။

သူ့လည်ပင်း၌ ချိတ်ဆွဲထားသည့် ကတ်ကို ကြည့်ရန်တောင် လိုချေ။ရုပ်အသွင်ကို ကောင်းစွာ မှတ်မိနေသောကြောင့် ရှန်းထျန်းကျိုးဖြစ်ကြောင်း အတပ်ပြောနိုင်လေသည်။

ရှန်းထျန်းကျိုးမှာ ဆံပင်ကို ဘေးခွဲစတိုင်ဖြင့် ဆီသုတ်လိမ်းထားပြီး အဝတ်အစားများမှာလည်း ခေတ်ရေစီးကြောင်းနှင့် သွေဖယ်စွာ

ဖက်ရှင်အဟောင်းများကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။

ထို့ပြင် မျက်မှန်တစ်လက်ကိုလည်း တပ်ဆင်ထားသေးသည်။ ယင်းအသွင်အပြင်က လင်းရီ စိတ်ကူးထဲ၌ ပုံသေသတ်မှတ်ထားသည့် ထူးချွန်ပြောင်မြောက်သော သုတေသနပညာရှင်များ၏ အသွင်အပြင်နှင့် လုံးဝ အံဝင်ဂွင်ကျပင်။

လင်းရီ နှုတ်ခမ်းများ ကွေးညွတ်သွားပြီး အပြုံးတစ်ခု ပေါ်လာခဲ့၏။ ထိုသူနှင့် တွေ့ရန် အချိန်အတော်လေး စောင့်ရမည်ဟု ထင်ခဲ့သော်လည်း ကံကောင်းစွာဖြင့် သူနှင့် စောစီးလာဆုံနေလေသည်။

"ဘာလုပ်နေကြတာ..."ရှန်းထျန်းကျိုး မေး လိုက်၏။

"ဒါရိုက်တာရှန်း..ဒီလိုပါ..သူ့နာမည်က လင်းရီ ပါ..ပြီးတော့ အမှုဆောင်ရာထူးလျှောက်ထား ချင်တယ်လို့ ပြောနေပါတယ်ဗျ...ပြီးတော့ သူ့ မှာ အဲ့ဒီရာထူးနဲ့ ကိုက်ညီတဲ့ စွမ်းရည်တွေ လည်း ရှိတယ်လို့ ပြောနေ....."

"လာနှောက်နေတာလား..."ရှန်းထျန်းကျိုး အေးစက်စွာ နှာခေါင်းရှုံ့လိုက်ပြီး "အဲ့ကောင် အသက်က ဘယ်လောက်ရှိသေးလို့လဲ..မင်း တို့က အဲ့တာကို ယုံတယ်ပေါ့...ငါအရမ်း စိတ်ပျက်မိသွားပြီ..."

"နားလည်ပါပြီခင်ဗျ..."

"ဟီးဟီး.." ကာဆမ် အေးစက်စွာ ရယ်မောလိုက်ပြီး "ကဲ မင်းခုတော့ ဘာတတ်နိုင်သေးလဲ..ဒါရိုက်တာရှန်းက ပြောနေပြီဆိုမှတော့ မင်းကို သေဒဏ်ချမှတ်လိုက်တာနဲ့ အတူတူပဲ..ဒီတော့ မင်းရဲ့ သောက်ရေးမပါတဲ့ code တွေရေးပြီးတော့မှ ကိုယ့်ကိုယ်ကို သောက်ရှက်လာခွဲမနေနဲ့....လစ်လိုက်တော့."

"ဟမ့်..အသုံးဝင်လား မဝင်ဘူးလားဆိုတာ သူ့ကို တစ်ချက်ရှုးခိုင်းလိုက်ဦး..."

လင်းရီ သူ၏ ကွန်ပျူတာကို ရှန်းထျန်းကျိုးဘက်သို့ လှည့်ပြလိုက်သည်။

အစကတော့ ရှန်းထျန်းကျိုး ကြည့်ရန်အစီအစဉ်ပင် မရှိပေ။ သို့သော်လည်း အမှုမဲ့အမှတ်မဲ့ မြင်တွေ့လိုက်ရသည့် အချိန်တွင်

တော့ နေရာမှာတင် အေးခဲသွားကာ ကြမ်းပြင်၌ သံမှိုဆွဲထားသကဲ့သို့ တောင့်တင်းသွားတော့သည်။

"ဒီ..ဒီ code တွေက မင်းရေးထားတာလား..."

"ဒါပေါ့..ကျုပ်ရေးတုန်းက သူတို့အားလုံးလည်း ရှိတယ်.."

ထို code များကို ငေးကြည့်ရင်း ရှန်းထျန်းကျိုးမှာ အမျိုးသမီးတစ်ဦး စိန်လက်စွပ်တစ်ကွင်းကို ကြည့်နေရသကဲ့သို့ ဖြစ်နေလေသည်။ မျက်လုံးကျိန်းစပ်သွားနိုင်သည့် အလင်းရောင်များကိုပင် မပိတ်ပင်နိုင်တော့ပဲ သူ၏ မျက်လုံးများထဲသို့ အဝင်ခံလိုက်တော့၏။

"ငါလည်း အရင်တုန်းက ဒီလို code မျိုးရေးဖို့ ကြိုးစားကြည့်ခဲ့သေးတယ်...ဒါပေမယ့်အလုပ် တော့မဖြစ်ခဲ့ဘူး....မင်းလိုလူငယ်လေးက ဒီ လို code မျိုးရေးနိုင်မယ်လို့ ထင်တောင်မ ထင်ထားဘူးကွာ...လုံးဝကို ပါရမီရှင် ပဲ..ပြိုင်စံရှား ပါရမီရှင်..."

ဟစ်...

ဂျက်ဆီကာ ၊ ကာဆမ်နှင့် ကြည့်ရှုနေကြ သူများအားလုံး ရှန်းထျန်းကျို၏ စကားလုံး များကိုကြားတော့ ရှော့ခ်ရသွားခဲ့ကြပြီး အဆုတ်ထဲသို့ လေအေးများ ရှုသွင်းမိလိုက် ကြသည်။

ဒါရိုက်တာရှန်းမှာ လူတစ်သောင်းအထက် တွင်ရှိသော လူတစ်ယောက်ဟု ပြောၡ်ရ

သည်။ ထိုလိုလူမှ လင်းရီကို ဤကဲ့သို့ အကြီးစား အကဲဖြတ်ပေးလိုက်သည်တဲ့လား...

ဆိုလိုသည်မှာတော့ လင်းရီရေးသားထားသည့် code တို့မှာ လုံးဝ မမှားဘူးဆိုသည့်သဘောပင်။

သို့သော်လည်း လင်းရီမှာ အသက်နှစ်ဆယ် အရွယ်မျှသာ ရှိသေး၏။ ထိုမျှ အသက်ငယ်ငယ်လေးဖြင့် ယခုလို စွမ်းနိုင်သည်ကို မယုံနိုင် ဖြစ်နေကြလေသည်။

လခွမ်းတဲ့မှပဲ ..ငါ အသက် နှစ်ဆယ်တုန်းက ဆို Hello World လေးပဲ ရေးတတ်သေးတယ်..

ဒီသောက်ကျိုးနည်း ဟွာရှမျိုးနွယ်တွေက အဲ့လောက်ပဲ ထူးချွန်ကြတာလားဟ..

"အဲ့တာဆို ခုကော အမှုဆောင်ရာထူး လျှောက်ထားဖို့ အရည်ချင်း ပြည့်မှီသွားပြီ လား.."

ရှန်းထျန်းကျိုး ကြက်သေသေနေရာမှ သတိ ပြန်ဝင်လာခဲ့ပြီး "ဒီနေရာက စကားပြောလို့ ကောင်းတဲ့ နေရာမဟုတ်ဘူး..ငါ့ရုံးခန်းထဲ လိုက်ခဲ့.."

"အိုကေလေ..."

ယခု ပစ်မှတ်မှာ ငါးစာကို ကိုက်သွားပြီ ဖြစ် သောကြောင့် ကြိုးနောက် အသာလိုက်သွားရုံ ပင်။

ဆတ်ကနဲ ဆွဲလိုက်ပါက ငါးလွတ်သွားနိုင်၏။

ရှန်းထျန်းကျိုး၏ ရုံးခန်းမှာတော့ ထင် သလောက် ကြီးကျယ်ခမ်းနားမနေပဲ တစ်ဦး

တည်း အသုံးပြုရုံလောက်သာ ကျယ်ဝန်းပြီး စာရွက်စာတမ်းများဖြင့် ရှုပ်ပွနေလေသည်။

"ဟဲဟဲ .. မရှင်းသာကြာပြီဆိုတော့ စိတ်တော့ မရှိပါနဲ့ မစ္စတာလင်း..."

"အဆင်ပြေပါတယ်..ကျုပ်နေရာလည်း ဒီလိုပါပဲ..ရှင်းလည်း ခဏပေါ့..နောက်ကျရင် ပြန်ရှုပ်ပွသွားတာချည်းပဲ..."လင်းရီ ပြုံး၍ ပြောလိုက်ပြီး ရှန်းထျန်းကျိုး၏ ရုံးခန်းကို ဂရုတစိုက်နှင့် အကဲခတ်လိုက်သည်။

သူ၏ စားပွဲခုံပေါ်တွင်တော့ ရှန်းထျန်းကျိုး၏ မိသားစု ဓာတ်ပုံကို ဘောင်နှင့် သေချာကွပ်ထားပြီး အမြတ်တနိုးဖြင့် တင်ထား၏။ ပုံထဲတွင်တော့ သူနှင့် သူ့မိန်းမမှ ဘေးတွင် ရပ်နေ

ပြီး အလယ်တွင်တော့ သူတို့ကလေးမှ မတ်တပ်ရပ်နေလေသည်။

သူတို့ မျက်နှာပေါ် ရှိ ပျော်ရွှင်သည့်အပြုံးများကို ကြည့်ပါက ရှန်းထျန်းကျိုးမှာ လင်ကောင်းတစ်ယောက်၊ဖခင်ကောင်းတစ်ဦးလည်း ဖြစ်ကြောင်း သိသာနေတော့၏။

"မစ္စတာလင်း..တစ်ခုခုသောက်ဦးမလား..."

ရှန်းထျန်းကျိုး ပျူငှာစွာ ပြောလိုက်ပြီး "ကျုပ်ဂျက်ဆီကာကို သွားလုပ်ခိုင်းလိုက်မယ်..."

"ခင်များမှာ ရန်မေ စွပ်ပြုတ် ရှိလား.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

ရှန်ထျန်းကျိုး မျက်လုံးအရောင်များ လက်သွားခဲ့ပြီး ကိုယ်နှင့် စိတ်သဘောထားခြင်းတိုက်ဆိုင်သည့်သူကို တွေ့လိုက်ရသ

ကဲ့သို့ ဖြစ်သွားကာ "မစ္စတာလင်းကလည်း ရန်မေစွပ်ပြုတ်ကို ကြိုက်တယ်ပေါ့..."

"ဒါပေါ့ဗျ..ကျုပ်ရန်မေစွပ်ပြုတ်ကို အရမ်းကြိုက်တယ်ဆိုပေမယ့် ကျုပ်ရဲ့ မွေးရပ်မြေ တောင်ပေါ်ဒေသက ရန်မေစွပ်ပြုတ်လေးကိုတော့ မတမ်းတပဲ မနေနိုင်ဘူးဗျာ..ဒါပေမယ့် မရနိုင်မှန်းသိတော့ ရတာလေးနဲ့ပဲ တင်းတိမ်ရတာပေါ့..."

"မစ္စတာလင်းရဲ့ဇာတိက ဝန်မြို့ကလား..."

ရှန်းထျန်းကျိုး အံ့အားသင့်သွားဟန်ဖြင့် မေးမြန်းလိုက်သည်။

"ခင်များကကော ဝန်မြို့ကပဲပေါ့..."

"ဒါပေါ့..ကျုပ်ရဲ့ ဇာတိက ကျယ်ကျန်းစီရင်စု ဝန်မြို့က..."

"ဟားဟား..တစ်မြို့တည်းကလူတွေ ဒီမှာ လာဆုံလိမ့်မယ်လို့တောင် ထင်မထားဘူးဗျာ...ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ.."လင်းရီ ပြုံးလိုက်ပြီး "ကျုပ်သာ ဒီမှာအလုပ်လုပ်လိုက်မယ်ဆိုရင် ပိုပြီး လိုက်ဖက်ညီသွားမယ်ထင်တယ်..."

"သေချာတာပေါ့..ကျုပ်ကပဲ မိုက်ခရိုဆော့ဖ်ကိုယ်စား မစ္စတာလင်းကို ကျုပ်တို့နဲ့ ပူးပေါင်းဖို့ ဖိတ်ခေါ်ပါရစေ...."

"ဒါရိုက်တာရှန်း..အပြောမစောသေးနဲ့ဦး လေ..ခင်များမှာ ကျုပ်ကို အမှုဆောင်ရာထူးနေရာ ရအောင်လုပ်ပေးဖို့ ဆုံးဖြတ်ပိုင်ခွင့် ရှိလို့လား..."

စိနိယာ ဒုဥက္ကဌ ရာထူးနှင့် အမှုဆောင် အရာရှိ နေရာမှာ အတူတူပင်။

ထို့ကြောင့် လင်းရီသာ ထိုရာထူး ရချင်ပါက ရှန်းထျန်းကျိုးမှ အဆုံးအဖြတ်ပေးနိုင်သည့် ရာထူးမျိုး မဟုတ်ချေ။

"မစ္စတာလင်း..ခင်များက ဒီရာထူးကို လာလျှောက်တယ်ဆိုမှတော့ အဲ့ဒီရာထူးက ဘယ်လောက်အရေးပါလဲဆိုတာ သိလောက်ရောပေါ့..အဲ့တာက ကျုပ်တစ်ယောက်တည်း ဆုံးဖြတ်ပေးလို့ ရတဲ့ အရာမဟုတ်ဘူး...ပြီးတော့ ဥက္ကဌ တစ်ဦးတည်းကလည်း အဆုံးဖြတ် ပေးလို့မရဘူး....ဒါကြောင့် နေ့ချင်းညချင်းကြီးတော့ အမှုဆောင်အရာရှိ ဖြစ်လာမှာ မဟုတ်ဘူးလေ..."

"အင်း...ပြောတာကောင်းတယ်..."လင်းရီ သဘောတူဟန်ဖြင့် ခေါင်းညိမ့်လိုက်၏။

" မစ္စတာလင်းရဲ့ စကေးနဲ့ ပတ်သက်ပြီး ကတော့ ပြောစရာ မရှိဘူး..ဒါပေမယ့် ခက်တာက R&D ဌာနမှာက လူက ပြည့်နေပြီး သား..အဲ့တော့ ကျုပ် ခင်များကို ဂလိုဘယ်မား ကတ်တင်း ဌာနမှာ နေရာချပေးထားမယ်..ဒါပေမယ့် ယာယီပဲနော်....မစ္စတာလင်းရဲ့ စွမ်းရည်နဲ့ဆိုရင် ကြိုးစားနေသရွေ့တော့ အမှုဆောင်ရာထူးဆိုတာ အနေးနဲ့ အမြန် ခင်များအပိုင် ဖြစ်လာမှာပဲမဟုတ်လား.."

(R&D = research and development)

"ဟင်း....."

လင်းရီ သက်ပြင်း တစ်ချက် ချလိုက်ပြီး "ကျုပ်က ရူးလည်း ရူးသွပ်တယ်..ပြီးတော့ ကြိုးစားချင်စိတ်လည်း ရှိတယ်...ဒါပေမယ့် နောက်ဆုံးကျတော့လည်း....ဒါက ကျုပ်နိုင်ငံမှ မဟုတ်တာ...."

## အခန်း (၃၁၁)

ရှန်းထျန်းကျိုး လင်းရီ၏ အသံကို ရှင်းလင်း ပြတ်သားစွာ ကြားလိုက်ရသည်။

"မစ္စတာလင်းက ဟွာရှကို ပြန်ချင်သေးတာ လား..."

"ခင်များလည်း ကျုပ်လိုပဲ မဟုတ်လား..."လင်းရီ ပြန်မေးခွန်းထုတ်လိုက်ပြီး "ခင်များရဲ့ လက်ရှိ အဆင့်အတန်းနဲ့ဆိုရင် နိုင်ငံကို ပြန်ပြီးတော့ အခွင့်အလမ်းအသစ်တွေ ရှာစရာတောင် မလိုပါဘူး..သူတို့ကတောင် တကူးတကနဲ့ ဒီလာပြီး ခင်များကို လာရှာကြဦးမှာ... "

ရှန်းထျန်းကျိုး ခါးသီးစွာ ပြုံး၍ "အဲ့တာကတော့ အမှန်ပဲ...ရှေ့ရက်တွေတုန်းကတောင် လုံရှင်း စင်တာက သုတေသန ပညာရှင်တွေ ကျုပ်ကို လာရှာသေးတယ်...ဒါပေမယ့် ကျုပ်သူတို့နဲ့ မတွေ့ဘူး"

လင်းရီ အမူအရာတစ်စက်ကလေးမျှ ပြောင်းမသွားချေ။ မျက်နှာရိပ် ကြည့်တတ်သည့် ရှန်း

ထျန်းကျိုးတို့မှာ သူတစ်ချက်ကလေး အမူအရာ ပြောင်းသွားသည်နှင့် တစ်စုံတစ်ခု ကို ဆက်စပ်ပြီး ရိပ်မိသွားနိုင်၏။

"ခင်များက သူတို့ကို တွေ့ခွင့်မပေးလိုက်ဘူး ဆိုတော့ ဟွာရှကိုပြန်ဖို့ ရည်ရွယ်ချက် မရှိလို့ ပဲများလား..."

"ကျုပ်ပြန်ဖို့ ရည်ရွယ်ချက်မရှိတာ မဟုတ် ဘူး..ကျုပ်သွေးတွေ ခုဖောက်ထုတ်လိုက် ရင်တောင်မှ ဟွာရှရဲ့ မျိုးစစ်သွေးတွေက စီး ဆင်းနေဦးမှာပဲ....ဒီနေရာမှာ ဘယ်လောက်ပဲ အဆင်ပြေတယ်ပြောပြော ကျုပ်အိမ်မှ မဟုတ်တာဗျာ..."ရှန်းထျန်းကျိုး သက်ပြင်းချ လိုက်ပြီး "မစ္စတာလင်း ပြောသလိုပဲ ပေါ့..အပြင်ကရန်မေ စွပ်ပြုတ် ဘယ်လောက်

ပဲ အရတာရှိတယ်ပြောပြော ..ကိုယ့်မွေးရပ်မြေရဲ့ လက်ရာကိုတော့ ဘယ်မှီနိုင်မှာ..."

"အဲ့တာဆို ခင်များက ဘာလို့ ဆက်နေသေးလဲ..."

"ဘာလို့လဲဆိုတော့ ကျုပ် ပညာရေးဆိုင်ရာ သုတေသနတွေ လုပ်ချင်သေးလို့ပေါ့..."ရှန်းထျန်းကျိုး ပြောလိုက်ပြီး "ဒီမှာဆို ကျုပ်နဲ့ အထုံဝါသနာတူတဲ့ လူတွေကို မရေမတွက်နိုင်အောင် ရှာလို့ရတယ်..ဘယ်သူကမှ ကျုပ်လုပ်နေတာတွေကို နှောင့်ယှက်မှာလဲ မဟုတ်ဘူး..ပြီးတော့ ကျုပ်ရဲ့ စွမ်းဆောင်နိုင်စွမ်းတွေကိုလည်း အတိုင်းတာတစ်ခုထိ ရောက်အောင်

ဖော်ထုတ်လို့ရမယ့် အခွင့်အရေးတွေရှိတယ်...ကျုပ်လိုချင်နေတာက အဲ့တာပဲ.."

"ဘာလဲ....ကျုပ်တို့ ဟွာရှရဲ့ ပညာရေးကကောင်းတာ မလုံလောက်သေးလို့လား......"

"အဲ့သဘောမျိုး ပြောတာ မဟုတ်ပါဘူး...ဒီတိုင်း ပတ်ဝန်းကျင်က သိပ်မကောင်းတာ..."ရှန်းထျန်းကျိုး ချက်ကျလက်ကျဖြင့် "မစ္စတာလင်းလည်း သိမှာပါ R&D ဌာနဆိုတာကအဆုံးမရှိတဲ့ တွင်းနက်ကြီးလိုပဲ..ပိုက်ဆံဘယ်လောက်ပဲထည့်ထည့် အကုန်ပြောင်အောင် စုပ်ယူသွားနိုင်တယ်...တကယ်လို့ဘယ်သူကမှ ထောက်ပံ့မပေးဘူး ...ရန်ပုံငွေ မရှိဘူးဆိုရင် ပရောဂျက်တွေကလည်းအောင်မြင်မှာ မဟုတ်ဘူး..ကျုပ်က သိပ်ပြီး

ဖော်ရွေတဲ့ကောင် မဟုတ်ဘူး..ပြီးတော့ ကျုပ်ရဲ့ အချိန်တွေကိုလည်း ဆက်ဆံရေးတွေပေါ်မှာ မဖြုန်းတီးချင်ဘူး...ဒါကြောင့်မို့ အစီအစဉ်ကို ခုထိ အကောင်ထည် မဖော်နိုင်သေးတာ...."

လင်းရီ မှန်လား မမှန်လား မသိသော်လည်း ခေါင်းညိမ့်လိုက်၏။ သုတေသန နယ်ပယ်တွင် စိတ်ရောကိုယ်ပါ မနစ်မြုပ်ထားသော်လည်း သုတေသနပညာရှင်များ ရင်ဆိုင်နေရသည့် အခြေနေများကို တီးမိခေါက်မိတော့ ရှိသည်။

ရှန်းထျန်းကျိုးပြောသကဲ့သို့ပင် မည်သူကမျှ အကျိုးမြတ်ကို ကြိုမမြင်ပဲ အဆုံးမရှိသည့်

တွင်းနက်ကြီးထဲသို့ ရင်းနှီးမြုပ်နှံရန် ဆန္ဒမရှိကြချေ။

ထို့ပြင် ဆက်ဆံရ ပြဿနာများမှာလည်း အသက်ကြီးရင့်လာသည်နှင့် အမျှ ဒုက္ခရှာရှိ တစ်ပုဒ်သဖွယ် ဖြစ်လာခဲ့၏။

ယင်း သံယောဇဉ်များက ပညာရေးဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက် ကြီးစွာသော အဟန့်အတားကြီးများ ဖြစ်လေသည်။

လင်းရဲ တစ်ခွန်းမျှ မတုံ့ပြန်သည်ကို မြင်တော့ ရှန်းထျန်းကျိုး ပြုံးလိုက်သည်။

"မစ္စတာလင်း...ခင်များက ကျုပ် ဒီနှစ်တွေ အတွင်း မြင်ဖူးသမျှတွေထဲမှာ အရည်ချင်း အရှိဆုံး လူငယ်ပါ..ခင်များရဲ့ ငယ်ရွယ်မှု၊ တက်ကြွဖျတ်လတ်မှုတို့နဲ့ဆိုရင် ဟွာရှမှာ

တစ်နှစ်ကို ဆယ်မီလီယမ်လောက် အိတ်ကပ်ထဲ ထည့်သွားဖို့ဆိုတာ ပြဿနာရှိမှာ မဟုတ်ဘူး...ဒါတောင်မှ ခင်များလည်း ကျုပ်လိုရည်မှန်းချက်နဲ့ ဒီရောက်လာခဲ့သေးတာပဲ မဟုတ်လား.."

လင်းရီ ရယ်မောလိုက်ပြီး "သေချာပေါက်အကြောင်း ပြချက်တစ်ခုတော့ရှိတာပေါ့..."

"ဒါကြောင့်ပဲ ကျုပ်တို့ ဒီမှာ အချိန်တစ်ခုလောက်ထိ နေကြပြီး အခွင့်ရေး ရတဲ့ချိန်ကျ ပ္ပာရှကို ပြန်ကြတာလေ..."ရှန်ထျန်းကျိုးအပြုံးလေးဖြင့် ပြောလိုက်၏။

"ပြီးတော့ ဒီတစ်ခေါက် ကျုပ်ပြန်ရင်တော့ ကျုပ်တစ်ယောက်တည်း မဟုတ်တော့

ဘူး..ကျုပ်အသင်းတစ်ခုလုံးကိုပါ ခေါ်လာခဲ့တော့မှာ..."

လင်းရှိ မျက်လုံးအရောင် လက်လာခဲ့သည်။ ရှန်းထျန်းကျိုးမှ ယခုလို အသင်းဖွဲ့စည်းထားလိမ့်မည်လို့ ထင်မထားချေ။

သူနဲ့ သူ့အသင်းကိုပါ တစ်ခါတည်း ဆွဲခေါ်သွားရင် ပိုမကောင်းဘူးလား...

လင်းရှိ သူ၏လက်တစ်စုံကို ခေါင်းနောက်၌ထားလိုက်ပြီး သက်ပြင်းချကာ "တကယ်လို့ သာ ရန်ပုံငွေ အကန့်အသတ်မဲ့နဲ့ ကျုပ်သုတေသန လုပ်တာကို ချုပ်ချယ်မထားဘူးဆိုလို့ကတော့ ခုတောင် ထပြန်ချင်လိုက်သေးရဲ့ဗျာ... "

ရှန်းထျန်းကျိုး ရယ်မောလိုက်ပြီး "ပြောတာတော့ လွယ်တယ်..ဒါပေမယ့် လုပ်ဖို့ကျတော့ ခက်တယ်...အမှန်အတိုင်း ပြောရရင် ကျုပ် ဒီနှစ်တွေအတွင်း အဲ့ဒီအခွင့်အရေးကို စောင့်နေတာ...ဘယ်လိုပဲပြောပြော မွေးရပ်မြေမှာ သာတဲ့ လက တခြားနိုင်ငံတွေမှာ သာတဲ့လထပ်ပိုပြီး တောက်ပတယ်မဟုတ်လား..."

"ဟားဟား..သောက်ရမ်းမှန်တယ်..."

လင်းရှီ သူ၏ အကြံအစည်မှာ ကနေဦးအောင်မြင်သွားသကဲ့သို့ ခံစားလိုက်ရသည်။

ရှန်ထျန်းကျိုးမှာ ယခုလို ရေမြေရပ်ခြား၌ နေရသည်ကို မပျော်မွေ့ပဲ ကိုယ့်ပြည်ကိုယ့်ဌာနေ၌ အေးအေးချမ်းချမ်းဖြင့် သူချစ်သည့်

သုတေသန လုပ်ငန်းများ လုပ်ကိုင်ရင်း ဘဝခရီးကို ဖြတ်သန်းချင်သူတစ်ဦးဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်ကသာ ရှန်းထျန်းကျိုး အလိုရှိသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဆိုပါက အချိန်မရွေး ထထွက်သွားမည်မှာ မလွဲကေန်ပင်။

လင်းရှီ ထိုအကြောင်းကို ဂရုတစိုက်နှင့် စဉ်းစားဆင်ခြင်ကြည့်လိုက်သည့်အခါတွင် တော့ ထိုသို့ ပြုလုပ်ပေးနိုင်မည့်သူမှာလည်း သူမှ တစ်ပါး အခြားသူမရှိပေ။

အကယ်၍ သူသာ အကန့်အသတ်မဲ့ ငွေကြေး၊ ပစ္စည်းများနှင့် လွတ်လပ်သည့် ပတ်ဝန်းကျင်ကို အလိုရှိပါက လင်းရှီကလွဲ၍ မည်သူကများ ထောက်ပံ့ပေးနိုင်လိမ့်မည်နည်း။

သို့သော်လည်း ယခုအချိန်က သူ၏ ကတ်ကို စားပွဲပေါ်တွင် ချပြရန် အချိန်မကျသေးချေ။

ရှန်းထျန်းကျိုးကဲ့သို့သော လူမျိုးနှင့် ရင်ဆိုင်ရသည့် အချိန်တွင်တော့ လင်းရီ ငါးကြီးကြီး ဖမ်းမိစေရန် ကြိုးရှည်ရှည်နှင့် လှန်ထားခါမှ တော်ရာကျလိမ့်မည်။

စတင်မလှုပ်ရှားခင် ရှန်ထျန်းကျိုးအကြောင်း ဂဏနဏာသိသင့်ပေသည်။

"ဒါရိုက်တာရှန်း...ခင်များ ခု ဘာပရောဂျက်တွေ လုပ်နေတာ..."

"ခုလား...ကုမ္ပဏီက ကျုပ်ရဲ့ အသင်းကို လုံခြုံရေးစစ်စတမ်အသစ် ရေးခိုင်းနေတာ..မစ္စတာလင်း ရေးလိုက်တဲ့ code က ကျုပ်တို့ လိုအပ်နေတဲ့ နေရာနဲ့ ကွက်တိပဲ."

"အမှန်တိုင်းပြောရရင် ကျုပ်ရဲ့ အားသာချက်ကလည်း ချစ်ပ်နယ်ပယ်မှာပဲလေ..ကျုပ်ရေးလိုက်တဲ့ ပရိုဂရမ်က ချစ်ပ်ရဲ့ စွမ်းဆောင်ရည်ကို အကောင်းဆုံး ညှစ်ထုတ်နိုင်တယ်...ဒီတော့ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီးလို့ကတော့ ကူညီနိုင်ပါတယ်...."

"ဒီလိုဆို ပိုကောင်းတာပေါ့..ကျုပ်တို့က အထက်ပိုင်း နည်းပညာတည်ဆောက်မှုတွေကို တာဝန်ယူပေးမယ်...မစ္စတာလင်းကကျတော့ ချစ်ပ်ပရိုဂရမ်မင်းအပိုင်းကို တာဝန်ယူပေး.ဒီလိုသာဆိုရင် ကျုပ်တို့ရဲ့ ပရောဂျက်က အချိန်တိုအတွင်း အောင်မြင်သွားမယ်ဆိုတာ ယုံကြည်တယ်ဗျာ... "

"လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ကျုပ်မှာလည်း အဲ့လိုမျိုး ယုံကြည်ချက် ရှိတယ်..ဒါပေမယ့် ခင်များ စောနတုန်းက ပြောတာတော့ ပရော ဂျက်က ကုမ္ပဏီကပေးတာလို့ ပြောတာ နော်...ခင်များ ကိုယ်ပိုင် လုပ်နေတဲ့ ပရော ဂျက်ရော ရှိသေးတာလား... "

"ကျုပ်ခု သုတေစန ပြုနေတာက ကွန်ပျူတာ အမြင်ပိုင်းလေ..ပြီးတော့ လီတိုဂရပ်ဖီစက် တွေနဲ့ ဆက်စပ်နေတာ...မစ္စတာလင်းက လည်း ချစ်ပ်နယ်ပယ်က ကျွမ်းကျင်သူတစ် ယောက်ဆိုတော့ တစ်ချို့လောက်တော့ သိမှာ ပါ ....ကျုပ်တို့ ဟွာရှကို တစ်ခြားနိုင်ငံတွေက ဘယ်လိုပလစ်ထားလဲဆိုတာ.. "

"ဟားဟား...ကျုပ်လည်း နည်းနည်းလေးပဲ သိတာ..သိပ် အများကြီး မဟုတ်ဘူး..."

လင်းရီ ခေါင်းခါယမ်းရင်း ပြောလိုက်ပြီး ရင်ထဲတွင်တော့ သက်ပြင်းမောကြီးတစ်ချက် ချလိုက်သည်။

ယခုတော့ လင်းရီ ရှန်းထျန်းကျိုးအကြောင်း အတော်သင့် နားလည်သွားပြီဟု ပြော၍ ရသည်။

လုရင်းနှင့် စွန်းဖုယွိတို့ ပြောသကဲ့သို့ ရှန်းထျန်းကျိုးမှာယခုနယ်ပယ်တွင် တကယ့်ကိုကျွမ်းကျင်သူတစ်ဦးဖြစ်၏။ တကယ့်အရေးကြီးဆုံး အချက်ကတော့ လီတိုဂရပ်ဖီစက် ပြုလုပ်ချင်နေသည့် သူတို့နှစ်ဦး၏ ရည်ရွယ်ချက်များ တူညီနေခြင်းပင်။

နောက်ထပ်ခြေလှမ်းကတော့ သူတို့ ရင်းနှီးလာပြီ ဆိုသည်နှင့် တစ်ပြိုင်နက် ရှန်းထျန်းကျိုးနှင့် သူ၏အသင်းကို ခိုးယူသွားရန်သာ ကျန်တော့သည်။

အောင်မြင်မလား မအောင်မြင်ဘူးလား ဆိုတာတော့ လင်းရီလည်း တပ်အပ်မပြောနိုင်ပေ။ မည်သို့ပင်ဆိုစေ ထိုပုဂ္ဂိုလ်ကြီးများမှာ ဆရာ့ဆရာကြီးများ ဖြစ်ကြပြီး ဉာဏ်ရည်ဉာဏ်သွေးနှင့် စပ်လျဉ်း၍ကတော့ မေးခွန်းထုတ်ရန် မလိုအပ်ချေ။

ကျန်သည်ကတော့ ကံစီမံရာအတိုင်းသာ။

သို့သော်လည်း လင်းရီတွင် ရှန်းထျန်းကျိုးကို ခေါ်ယူနိုင်လိမ့်မည်ဟု စိတ်ထဲတွင် ရှင်းမပြနိုင်သော ယုံကြည်ချက် တစ်ခု ရှိနေသည်။

အကယ်၍ ရှန်းထျန်းကျိုးကို မခေါ်ယူနိုင်လျှင် တောင်မှ သူ၏ အမေပေးသည့် မျက်နှာကို အသုံးချကာ ရှန်းထျန်းကျိုး၏ ဇနီးနှင့် ရင်းနှီးအောင်ပြုလုပ်လိုက်မည်။

အိပ်ရာပေါ်မှ စကားဝိုင်းဆိုပါက ထိုရှန်းထျန်းကျိုး နားမဝင်စရာ အကြောင်းမရှိချေ။

သို့တိုင်အောင် ယခု ခြေလှမ်းမှာ အချိုးကွေး တစ်ခု၌ ဒရစ်ဆွဲသည့် လုပ်ဆောင်ချက်တစ်ခု လေးသာ ရှိသေး၏။

သူတွင် ဆက်လက်လုပ်ဆောင်ရမည့် တာဝန်ကို အာရုံစိုက်ထားရန်လိုအပ်လေသည်။ မဟုတ်ပါက ကားမှာ အလွယ်တကူနှင့် မှောက်သွားနိုင်သည်မဟုတ်ပါလော။

"ဒီနေ့တော့ ဒီလောက်ပဲပေါ့ဗျာ..ကျုပ် ဒီည အမျိုးသမီးကို ထမင်းချက်ပေးရဦးမှာ ဆိုတော့မနက်ဖြန်မှ ထပ်ဆုံကြတာပေါ့..."ရှန်း ထျန်းကျိုး အပြုံးလေးဖြင့် ပညာသားပါစွာ နှုတ်ဆက်စကား ဆိုလိုက်သည်။

"ပြဿနာ မရှိပါဘူး...ကျုပ်တို့ ခုရောက်နေတဲ့ အဆင့်အတန်းအရဆိုရင် အချိန်ဆိုတာက ကျုပ်တို့ စိတ်တိုင်းကျပါပဲ... ဘယ်အချိန်တွေ့ တွေ့ပါ"

လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။

နှုတ်ဆက်စကား ပြောပြီးနောက် လင်းရီ လည်း မိုက်ခရိုဆော့ဖ်မှ ထွက်လာခဲ့လိုက် သည်။

ထွက်ခွာသွားသည့် လင်းရီ၏ နောက်ကျောကို ကြည့်ရင်း ရှန်းထျန်းကျိုး စိတ်ကျေနပ်မှု အပြည့်ဖြင့် ခေါင်းညိမ့်ရင်း သူ့ကိုယ်သူ တီးတိုးရေရွတ်လိုက်၏။

"ဒီလူရွယ်လေးက တကယ်မဆိုးဘူး..နိုင်ငံချစ်စိတ်လည်း ရှိတယ်...ဟိုးအရင်ချိန်တွေတုန်းက ငါ့ကို ပြန်မြင်နေရတဲ့ အတိုင်းပဲ...ဟူး...အချိန်တွေကလည်း ကုန်တာ မြန်လိုက်တာကွာ "

မိုက်ခရိုဆော့ဖ်မှ ထွက်လာခဲ့ပြီးနောက် လင်းရီ နောက်ကျောဆန့်လိုက်သည်။

ယနေ့ အဖြစ်အပျက်များကတော့ သူစိတ်ကူးမျှော်လင့်ထားသည်ထက် ကျော်လွန်နေလေသည်။ နောက်ရက်အနည်းငယ်ဆိုလျှင်တော့

သူပစ်ထားသည့် ကွန်ကို ပြန်ရုတ်သိမ်းရန်သာ ကျန်တော့၏။

သူဟိုတယ်သို့ ပြန်ရောက်လာပြီးနောက် မကြာမီ ကျိချင်းရန်နှင့် ကွမ်းရာတို့လည်း ပြန်လာခဲ့ကြသည်။

ကျိချင်းရန် လက်ထဲတွင်တော့ ပန်းသီးလက်တော့ပ်တစ်လုံး ကိုင်ထားပြီး ယခုမှ အသစ်စက်စက် ဝယ်ထားသည့်ပုံပင်။

ကိစ္စဝိစ္စများကို နေရာချထားပြီးနောက် သုံးယောက်သား ဟိုတယ်ဘေးရှိ အနောက်တိုင်းဆိုင်တစ်ဆိုင်တွင် ညစာသုံးဆောင်လိုက်ပြီး ဟိုတယ်သို့ ပြန်လာခဲ့ကြ၏။

"တစ်နေ့လုံး ဟိုတယ်မှာပဲ နေနေရတာဆိုတော့ အရမ်းပျင်းနေမှာပေါ့နော..."ကျိချင်းရန်

အလွန်အမင်း အားနာနေဟန်ဖြင့် ပြောလိုက်သည်။

"အဆင်ပြေပါတယ်..."

လင်းရီ ထိုစကားကို ရည်ရွယ်ချက်ရှိရှိဖြင့် ညိုးငယ်းစွာ ပြောလိုက်၏။ ထိုအခါမှ သူမ စိတ်ထဲတွင် ပိုပြီး ခံစားသွားရလိမ့်မည် ဖြစ်ကြောင်း နားလည်ပေသည်။ ယင်းက စိတ်ပညာ၏ သဘောတရားများပင်။

လင်းရီ ထိုသို့ ပြောလိုက်သောအခါ ကျီချင်းရန်မှာ ပိုလို့တောင် အားတောင့်အားနာ ဖြစ်သွားပြီး ခန့်မှန်းထားသည့်အတိုင်း စိတ်မကောင်းဖြစ်သွားခဲ့၏။

လင်းယွမ်အုပ်စုမှာ အလုပ်ကိစ္စများနှင့် မအားလပ်သော်လည်း သူမနှင့်အတူ လျှောက်လည်

ပေးရန် လင်းရီမှ အလုပ်အားလုံးကို ပယ်ချခဲ့သည်။ သို့သော်လည်း သူမမှတော့ အလုပ်ကြောင့် သူ့ကို ပစ်ထားမိခဲ့၏။

" တောင်းပန်ပါတယ်နော်..နင့်ကို ပင်ပမ်းစေမိပြီ .."ကျီချင်းရန် ပြောလိုက်ပြီး "ငါလည်း မြန်မြန်ပြီးအောင် လုပ်ပေးပါ့မယ်ဟယ်..နင့်ကို အကြာကြီး မစောင့်ခိုင်းပါဘူး..."

"အဆင်ပြေပါတယ်..မင်းကလည်း ဝမ်ကျန်းဆိပ်ကမ်းရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းဆိုပေမယ့် ငါ့ရဲ့ စီးပွားရေး ဖြစ်နေတုန်းပဲလေ...ငါ့မှာလည်း တာဝန်ရှိတယ်..ဒီတော့ ကိုယ့်ကိုယ်ကို အပြစ်မတင်နဲ့..."

"ဒါပေမယ့် နင့်ကို တစ်ယောက်တည်း ပစ်ထားမိသလို ဖြစ်သွားတယ်လေ..အဲ့တာက ငါ့အမှား....."

"အဲ့လောက်ကြီး အပြစ်ရှိသိလို ခံစားမနေနဲ့..ငါ့ကို တစ်နည်းနည်းနဲ့ အကြွေးပြန်ဆပ်လိုက်ရရင် အိုကေပြီ မဟုတ်လား.."လင်းရီ ပြီတီတီ အပြုံးကြီးဖြင့် ပြောလိုက်၏။

"ဟမ့်..နင့်နားက မကောင်းတဲ့ အငွေ့အသက်တွေကို အာရုံရနေသလိုပဲနော် ..."

ကျီချင်းရန် ပြောလိုက်သည်။

"အဲ့နေ့တုန်းက နင့်ကို အကြွေးပြန်ဆပ်ပြီးပြီပဲ မဟုတ်လား..နောက်တစ်ခေါက် ထပ်မစဉ်းစားနဲ့တော့ ..."

"ဟင်း...အဲ့လိုရင်တော့ ဒီည တစ်ယောက်တည်း အထီးကျန်ပြီနဲ့ တူပါရဲ့ ကွာ.... "

"နင် မပြောနဲ့..."

ကျီချင်းရန် စိုးရိမ်ထိတ်လန့်ဖြစ်သွားပြီး "ခုက ငါတို့နှစ်ယောက်တည်းရှိတာ မဟုတ်ဘူး...ဥက္ကဌကွမ်းကလည်း ဒီရောက်နေတာ...တကယ်လို့ သူမသာ ငါတို့ မနေ့ညက အတူအိပ်မှန်း သိသွားခဲ့ရင် အရမ်းရှက်စရာကောင်းသွားတော့မှာ..."

## အခန်း (၃၁၂)

ၵင်းကိုကြားတော့ လင်းရီ၏ မှိုင်တိုင်တိုင်ဖြစ်နေသည့် ရုပ်မှာ ပြန်လည် ရွှင်လန်းလာခဲ့တော့၏။

"အဲ့လိုဆို ငါသူ့ကို မောင်းထုတ်လိုက်ရမလား...ဒါမှမဟုတ် တခြားဟိုတယ် ပြောင်းခိုင်းလိုက်မယ် ဆိုရင်ကော..."

"ဟွန့်..နင်ကတော့လေ..ဘာကိုမှ အာရုံမထားနိုင်ဘူးလား...ငါ့ကို အသားယူတာက နင့်ရဲ့အဓိကရည်ရွယ်ချက်လား.."

ကျိချင်းရန် ကူကယ်ရာမဲ့စွာဖြင့် ပြောလိုက်သည်။

"အမှန်ပဲလေ..ငါက ဘာလို့ သူများကို အခွင့်ရေးယူခိုင်းရမှာ... "လင်းရီ ပြောလိုက်ပြီး "ဒီရဲ့ဂေါ် ဖီထုပ်ကြီးက ငါခူးတာပဲ ဖြစ်ရမယ်..."

ကျီချင်းရန် ပျော်ရွှင်စွာ ပြုံးလိုက်ပြီး "ငါက ဂေါ်ဖီထုပ်မဟုတ်ဘူး..ငါက နှင်းဆီပန်းလေး ပဲ ဖြစ်ချင်တာ....."

"အဲ့တာဆိုအတော်ပဲ..ငါက ပန်းလေးတွေကို လှပအောင် ထိုးတဲ့ ပန်းအလှထိုးဆရာလေ..ငါ တို့နှစ်ယောက်ဆိုရင် တော်တော်လေး လိုက်ဖက်မှာ..."

"ပန်းအလှထိုးတဲ့ဆရာ..?."

"ဟုတ်တယ်လေ..မင်းပဲ နှင်းဆီပန်းလေး ဖြစ် ချင်တယ်လို့ ပြောလိုက်တာ မဟုတ်ဘူး လား..."

ကျီချင်းရန် လင်းရီ ဆိုလိုချင်နေသည့် အဓိပ္ပာယ်ကို နားလည်သွားပြီး သူ၏ခါး တစ်ဝိုက်ရှိ နူးညံ့သော အသားစိုင်များကို

ဆွဲလိမ်ကာ "နင်.. မကောင်းတဲ့ကောင်...နေ့တိုင်း နှုတ်က ပေါက်တတ်ကရတွေ လျှောက်ပြောပြီးတော့ အသားယူဖို့လောက်ပဲ စဉ်းစားနေ....အရှက်လေး ဘာလေးလည်း ရှိဦး..ကြားရဲ့လား.."

"ဘာကို အရှက်ရှိရမှာ...ကျေနပ်အောင် လုပ်ပြီးမှ ဆက်ပြောကြတာပေါ့.."ထို့နောက်လင်းရီ ဖုန်းထဲ၍ ကွမ်းရာကို ဖုန်းဆက်ရန် ဟန်ပြင်လိုက်သည်။

"ငါသူ့(မ)ကို တခြားဟိုတယ်မှာ ပြောင်းအိပ်ခိုင်းလိုက်မယ်လေ..."

"မရဘူး..နင်အဲ့လိုလုပ်လို့ မရဘူးနော်..."ကျီချင်းရန် သတိပေးလိုက်ပြီး "ကွမ်းရာရဲ့ ဉာဏ်ရည်နဲ့ဆိုရင် နင်သာအဲ့လိုပြောလိုက်လို့

ကတော့ ငါတို့နှစ်ယောက်ကြားမှာ တစ်ခုခု ဖြစ်တော့မယ်ဆိုတာ မပြောလည်း ရိပ်မိသွား မှာပေါ့ဟဲ့"

"ဘာမှ ခန့်မှန်းနေစရာတောင်မလိုဘူး...ငါတို့ နှစ်ယောက်ကြားထဲမှာ တစ်ခုခု ဖြစ်ထား တယ်ဆိုတာ အမှန်ပဲလေ..ဟုတ်တယ်မ လား.."

"မရဘူးဆို မရဘူးပဲ.."ကျိုချင်းရန် ပြောလိုက် ပြီး "ဘာပဲဖြစ်ဖြစ် ဒီနေ့ည ငါတို့နှစ်ယောက် အခန်းခွဲ အိပ်ရမယ်..တစ်ခန်းတည်းမှာ အတူ နေလို့ မရတော့ဘူး..."

"အာ..ပြီးတာပဲလေ..."

နှစ်ယောက်သား အခန်းထဲတွင် တခဏခန့် စကားပြောပြီးနောက် ကျိုချင်းရန်မှ ယနေ့

မြင်တွေ့ခဲ့သည်များကို စာရင်းပြုစုချင်သည် ဟု ပြောပြီး လင်းရီကို မောင်းထုတ်လိုက်သည်။

လင်းရီကတော့ ပျော်ပျော်ရွှင်ရွှင်ပင်။ အခန်းထဲသို့ ပြန်ပြီး ရှန်းထျန်းကျိုးနှင့် ဆက်သွယ်ကာ ကျပန်းခေါင်းစဉ်တစ်ခုရှာပြီး စကားပြောနေလိုက်၏။ ထိုသို့ဖြင့် သူတို့ နှစ်ဦးကြားရှိ ဆက်ဆံရေးမှာ ရုတ်ချည်းဆိုသလို တိုးတက်လာခဲ့ပြီး ပို၍ ရင်းနှီးလာတော့၏။

နောက်တစ်နေ့ နံနက်ခင်းတွင်လည်း သုံးယောက်အတူ နံနက်စာ သုံးဆောင်ပြီးနောက် ကျီချင်းရန်နှင့် ကွမ်းရာတို့မှာ ထုံးစံအတိုင်း သွားရောက် လေ့လာရန် ထွက်သွားခဲ့သည်။

ကြီချင်းရန်ကတော့ လင်းရီကို ဟိုတယ်တွင် တစ်ယောက်ထဲ ချန်ထားရစ်ခဲ့ရမှာကို တုံ့ဆိုင်းနေ၏။

သို့သော်လည်း လင်းရီလိုလူမျိုးမှာ အစည်းဝေးခန်း၌ တစ်နာရီကလေးတောင် ဖင်ငြိမ်အောင် မထိုင်နိုင် သောကြောင့် ဟိုတယ်တွင်လည်း တစ်နေကုန် တစ်ယောက်တည်း နေဖို့ရာ မဖြစ်နိုင်မှန်း နားလည်ပေသည်။

"ငါသွားတော့မယ်နော်..နင်ပျင်းလာရင် လမ်းလေးဘာလေး ထွက်လျှောက်ပေါ့ဟယ်...ဟိုတယ်ကြီးထဲမှာပဲ မနေနဲ့ပေါ့ .."

"မင်းမရှိရင် ငါကတော့ ဘယ်နေရာကိုပဲ သွားသွား အထီးကျန်သလို ခံစားနေရတော့မှာ .."

"အမ်...နင်ဘာတွေ လျှောက်ပြောနေ..."ကျီချင်းရန် ရှက်ရိပ်များ သမ်းသွားခဲ့သည်။

အကယ်၍ သူမတို့ နှစ်ဦးတည်း ရှိနေချိန်ပြောပါက အဆက်ပြေသော်လည်း ကွမ်းရာမှာ သူမတို့ဘေးတွင် ရှိနေလေသည်။

အရမ်းရှက်စဖွယ် ကောင်းလွန်းလှ၏။

ကွမ်းရာကတော့ မျက်လုံးလှိမ့်လိုက်ပြီး နှစ်ယောက် ကလူကျီစယ်နေကြသည်ကို အကြည့်လွှဲလိုက်သည်။

"ငါက စစ်မှန်တဲ့ စကားတွေကို ဆိုနေတာ..."လင်းရီ အရှက်ကင်းမဲ့စွာ ပြောလိုက်ပြီး "တကယ်လို့ မင်းသာ မရှိတော့ဘူးဆိုရင် ငါ အသက်ရှင်နေရတာကိုက အဓိပ္ပာယ်မဲ့သွားတော့မှာ...ညအခါမှာ ငွေလစန္ဒာကတောင်မှ

အထီးကျန်နေတဲ့ ငါ့နှလုံးသားကို အဖော်ပြု ပေးနိုင်မှာ မဟုတ်ဘူး...ချင်းရန် မင်းရှိမှ ငါ့ရဲ့ အသက်ရှင်နေရတဲ့ နေ့ရက်တိုင်းဟာ အဓိပ္ပာယ်ရှိလာခဲ့တာပါ..."

"တော်ပါ..ဘာတွေ ပြောနေမှန်းလဲ မသိဘူး.."ကျီချင်းရန် ရှက်ရွံ့စွာဖြင့် ဆိုလိုက်၏။ သို့သော်လည်း မိန်းကလေးပီပီ အပိုတွေပြော နေမှန်း သိသော်လည်း သူမမြတ်နိုးရသည့်သူ မှ ယခုလို ပြောလာသောကြောင့် ကြည်နူးမိရ ပြန်သည်။

"နင် အလုပ်က စာဖိုင်တွေကျ မဖတ်ဘဲနဲ့ ဒီလို စကားတွေ လိုက်ကျက်နေတယ်ပေါ့လေ.."

"ရင်တွင်းဖြစ်တွေပါဟ.."

"ဟွန့်...ငါက မနူးမနပ်လေးဆိုတော့...ငါမရှိလည်း နင်အဆင်ပြေမယ်မှန်း သိပြီးသား..."

ထိုသို့ပြောပြီးနောက် ကျီချင်းရန် မနီးမဝေးရှိ ကွမ်းရာကိုကြည့်ကာ "ကဲပါ..ငါသွားတော့မယ်...နင့်ကို မနှောင့်ယှက်တော့ဘူး..ကိုယ့်ဘာကိုယ် လုပ်ချင်တာသာလုပ်တော့..ငါဘက်က စောစောပြန်လာနိုင်အောင်လို့တော့ကြိုးစားပေးမယ်..."

လင်းရှီကို ဖြောင်းဖြပြီးနောက် ကျီချင်းရန် ကွမ်းရာနှင့်အတူ ထွက်သွားခဲ့တော့၏။

ကွမ်းရာကတော့ လင်းရှီနှင့် ကျီချင်းရန်ကို တစ်လှည့်စီကြည့်လိုက်သည်။

လင်းရှီ ဒီနေ့ ဘာလုပ်မည်မှန်း မသိသော်လည်း ဟိုတယ်၌ နေလိမ့်မည်မဟုတ်

မှန်းတော့ သူမစိတ်က အလိုလိုသိနေလေသည်။

လင်းရီကဲ့သို့သော ချမ်းသာသည့် သခင်လေးတို့မှာ ခြေငြိမ်သည်ဟူ၍မရှိ။ သူ၏ အပေါ်ပိုင်းက တည်ငြိမ်ကောင်း တည်ငြိမ်နိုင်သော်လည်း သူ၏ အောက်ပိုင်းကတော့ သံသယမရှိ တွင်းလိုက်ရှာမည်မှာ မလွဲမသွေပင်။

နှစ်ယောက်လုံး ထွက်သွားကြောင်း အတည်ပြုပြီး နောက် လင်းရီ တက္ကစီစီး၍ မိုက်ခရိုဆော့ဖ်သို့ဦးတည်လိုက်သည်။

"လင်းရီ...?"

မိုက်ခရိုဆော့ဖ် ရုံးချုပ်၏ အဝင်ပေါက်ဝတွင် လင်းရီ တစ်စုံတစ်ယောက်မှ သူ့နာမည်ခေါ်သံကို ကြားလိုက်ရ၏။

အသံလားရာသို့ လှည့်ကြည့်လိုက်သောအခါ ပြောလိုက်သည့်သူမှာကျောက်ကျိန်းရန်ဖြစ်နေကြောင်း မြင်လိုက်ရသည်။

မှန်၏။သူ၏ လက်ထောက် ချီနန်ကလည်း သူ့ဘေးတွင် မပါမဖြစ်ပင်။

အမ်...ဒီငတုံးကောင်တွေနဲ့ ဘာလို့ ဒီမှာ လာဆုံနေတာလဲကွ...

လင်းရီ ထိုငတုံးနှင့် လေဆိပ်တွင် တွေ့ခဲ့သည့် နေ့ရက်ကို ပြန်လည်မြင်ယောင်ကြည့်လိုက်ပြီး ခန့်မှန်းရသလောက်တော့ ထိုငနဲမှာလည်း

မိုက်ခရိုဆော့ဖ်နှင့် လုပ်ငန်းကိစ္စ ဆွေးနွေးရန် ဝါရှင်တန်သို့ ရောက်လာခြင်း ဖြစ်နိုင်၏။

သို့သော်လည်း မိုက်ခရိုဆော့ဖ် ဂလိုဘယ်မား ကတ်တင်းဌာန၏ ဒုဥက္ကဌမှာ လင်းရီ ကိုယ်တိုင်ပင် ဖြစ်နေလေသည်။

'ဟဲဟဲ...အဲ့လိုဆို ငါက အသာစီးက ဖြစ်မသွား ဘူးလား...'

မိုးနတ်မင်းကြီး ခင်များကပါ ဒီငတုံးကို ကြည့် မရလို့ သူ့ကို ေ-သအောင်ကစားဖို့ ဒီပို့လိုက် တာလား

"အိုး..ဘယ်သူများလဲလို့..ဒါရိုက်တာကျောက် ပါလား..လေယာဉ်ကွင်းမှာ ကြန့်ကြာစေမိတဲ့ အတွက် စိတ်မကောင်းပါဘူးဗျာ..ဘယ်လို

လဲ..ကျုပ်ကြောင့်နဲ့တော့ အစည်းဝေးတွေ အချိန်မရွှေ့လိုက်ရဘူးမလား..."

လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။ မသိပါက မိတ်ဟောင်းဆွေဟောင်းကြီးများ ယခုမှ ပြန်တွေ့နေကြသည့်အလားပင်။

"ငါဒီနေ့ လုပ်ငန်းကိစ္စလာဆွေးနွေးတာ..မင်းနဲ့ စကားပြောရင် ကျက်သရေတွေ ယုတ်ကုန်လိမ့်မယ်..."

"အားပါးပါး..ဘာလို့ ဒီလောက်တောင် ခါးခါးသီးသီး ဖြစ်နေရတာလဲဗျာ..ကျုပ်က ဒီမှာ အသိတစ်ချို့ရှိတယ်နော်...နည်းနည်းပါးပါး ကူညီပေးရဦးမလား..."

"ဟမ့်..ငါက မင်းအဆက်အသွယ်တွေကို သုံးဖို့လိုတဲ့ကောင်လို့များ ထင်နေတာ

လား..."ကျောက်ကျိန်းရန် နှာခေါင်းရှုံ့လိုက်ပြီး "ငါတို့က ပရောဂျက် ကိစ္စ ဆွေးနွေးထားပြီးသားကွ..သဘောတူစာချုပ်ချုပ်ရုံပဲ ကျန်တော့တာ...ဘာမှမလိုဘူး..."

"ကျုပ်က ကူညီချင်ရုံလေးတင်ပါ.."လင်းရီ အပြုံးလေးဖြင့် ဆိုလိုက်သည်။

"ဘုန်းကြီးတစ်ပါး ပြောတာတော့ ကြင်နာတတ်ရင် ကံကောင်းတတ်တယ်တဲ့.သူ့စကားတွေက အရမ်းမှန်တယ်..ခင်များကောယုံလား...."

"ငါ့ဖင်ကြီးကိုပဲ ယုံလိုက်လေ..."

ကျောက်ကျိန်းရန် ကျိန်ဆဲလိုက်ပြီး "လင်းရီ ..ငါမင်းကို ပြောလိုက်မယ်..ငါတို့မှာ ရန်ပြိုးပဟောင်းတွေ ရှိတယ်ဆိုရင်တောင်မှ မင်းနဲ့

ကစားပေးဖို့ အချိန်မရှိဘူး...ဒီကိစ္စတွေ ပြီးမှပဲ မင်းနဲ့ ကောင်းကောင်းလေး ဖိုက်ပေးမယ်...အဲ့ ခါကျ ငါ ကျောက်ကျိန်းရန် တိုက်ခိုက်ချင်နေ တဲ့သူကို ဘယ်သူ ကာကွယ်ပေးရဲလဲဆိုတာ မြင်ချင်စမ်းပါဘိ..."

"ပြဿနာ မရှိဘူး.."လင်းရီ အိုကေ လက် ဟန်ပြုလုပ်ကာ ခေါင်းခါရမ်းရင်း မိုက်ခရို ဆော့ဖ် ရုံးချုပ်ထဲသို့ လျှောက်လှမ်းသွားခဲ့၏။

လင်းရီ၏ မြောက်ကြွကြွ ဟန်ပန်ကို မြင် တော့ ကျောက်ကျိန်းရန် မကျေမချမ်းဖြင့် အံ တင်းတင်း ကြိတ်လိုက်သည်။ သို့သော်လည်း သူတတ်နိုင်တာ ဘာမျှ မရှိချေ။

"သူ မိုက်ခရိုဆော့ဖ်ကို ဘာလာလုပ်တယ်လို့ မင်းထင်လဲ..."ကျောက်ကျိန်းရန် မေးမြန်းလိုက်၏။

"အဲ့ကောင်ရဲ့ကုမ္ပဏီက ဒီနယ်ပယ်နဲ့ ဘာမှ မဆိုင်ဘူးဆိုတော့...."ချိနန် တခဏမျှ စဉ်းစားလိုက်ပြီး "သူ ကျိချင်းရန်ကို အဖော်လိုက်လာပေးတာ ဖြစ်လောက်တယ်..."

"ထားလိုက်တော့..အဲ့လိုကောင်ကို ခေါင်းထဲက ခနထုတ်ထားလိုက်.. ."ကျောက်ကျိန်းရန် ပြောလိုက်ပြီး "သွားပြီးတော့ ပရောဂျက်စာချုပ်မှာ လက်မှတ်အရင်သွားထိုးကြမယ်...အဲ့ကောင်ကို အချိန်မရွေး ကိုင်တွယ်လို့ရတယ်..ဒါပေမယ့် စီးပွားရေးကိစ္စကိုတော့ မေ့ထားလို့မရဘူး..."

"ကောင်းပါပြီ..ဒီပရောဂျက်ပြီးသွားရင်တော့ ကျုပ်တို့ သူ့ကို သေချာလေး ကိုင်တွယ်ကြတာပေါ့ဗျာ..."ချွီနန်မှ ပြောလိုက်ပြီး

"ကျောက်မိသားစုရဲ့ ခွန်အားနဲ့ဆိုရင် အဲ့ကောင်ကို သေအောင် ဆော့ကစားဖို့ဆိုတာက အသာယာလေးပါ... "

"ဟီးဟီး..."

ကျောက်ကျိန်းရန် ကျပ်မပြည့်သူတစ်ဦးကဲ့သို့ အေးစက်စက်ရယ်မောလိုက်ပြီး "သူ့လိုကောင်မျိုးကို တစ်ခါတည်း သေအောင် ဆော့ကစားပစ်တာက ဘယ်လိုလုပ်ပြီး စိတ်ဝင်စားဖို့ကောင်းတော့မှာ ...အရင်ဆုံး ဒူးထောက်ပြီးတော့ ခွင့်လွှတ်ပေးဖို့ တောင်းပန်ခိုင်းမှ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းမှာပေါ့ဟ..."

ကျောက်ကျိန်းရန်၏ လွှမ်းမိုးမှုအောက်တွင် ချီနန်လည်း ကျပ်မပြည့်သူတစ်ဦးကဲ့သို့ ပြုံးကာ မိုက်ခရိုဆော့ဖ်ရုံးခန်းထဲသို့ သူ၏ဘော့စ်နှင့်အတူ ဝင်သွားခဲ့သည်။

.....

ရှန်းထျန်းကျိုး၏ ရုံစခန်းထဲသို့ ရောက်လာသည့် အချိန်တွင်တော့ အခြားသူများလည်း ရောက်ရှိနေကြောင်း လင်းရီ သတိထားမိသွား၏။

အထဲတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးရှိနေလေသည်။

အမျိုးသားမှာတော့ အသက်လေးဆယ်အရွယ်ခန့် ရှိနေပြီး အမျိုးသမီးမှာတော့ အသက်သုံးဆယ်အရွယ်ခန့်ဟု ထင်နေရ၏။

သူတို့၏ အသားအရောင်အဝါအရ ခွဲခြားမည်ဆိုပါက သေချောပေါက် ဟွာရှလူမျိုးများ ဖြစ်ကြောင်း မြင်သာနေသည်။ နှစ်ဦးစလုံးမှာ မိုက်ခရိုဆော့ဖ်၏ စီမံခန့်ခွဲရေး အသင်းသားများ ဖြစ်နိုင်လောက်၏။ ထို့ကြောင့် ဟွာရှလူမျိုးများ ဖြစ်နေသည်မှာ မဆန်းတော့ချေ။

"မစ္စတာလင်း..ကျုပ်ခင်များကို သူတို့နဲ့ မိတ်ဆက်ပေးမယ်..."ရှန်းထျန်းကျိုး ပြောလိုက်ပြီး "သူကကျ ရှန်းဝန်ကျုံး..ဂလိုဘယ်မားကတ်တင်းဌာနရဲ့ အထွေထွေမန်နေဂျာ ..ခုကစပြီးတော့ မစ္စတာလင်းနဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်လာမဲ့သူပေါ့.."

"သူကကျတော့ ရှောင်းကျယ်၊ မားကတ်တင်းဌာနရဲ့ ဒါရိုက်တာ....သူကကျတော့ မစ္စတာ

လင်းရဲ့ လက်အောက်ငယ်သားဖြစ်လာလိမ့်မယ်..ကျုပ်သူတို့နှစ်ယောက်လုံးကို ရာထူးတိုးထားပေးတာလေ..နှစ်ယောက်လုံးက လူတော်တွေပဲ..မစ္စတာလင်းအတွက် ကောင်းကောင်းကြီး အထောက်အကူ ဖြစ်မှာပါ..တကယ်လို့မေးစရာရှိရင် သူတို့ နှစ်ယောက်ကို မေးလို့ရတယ်..နည်းပညာနဲ့ဆိုင်တဲ့ ပြဿနာရှိရင်တော့ ကျုပ်ကို လာရှာလည်း ရတယ်...ကျုပ်ထပ်ပြီး ပြောလိုက်မယ်ဗျာ...ဒီရဲ့ မားကတ်တင်းဌာနက မစ္စတာလင်းအတွက် ယာယီပဲနော်..ဒီတော့ ဘာမှ စိတ်မပူနဲ့ ....."

"ကောင်းပါပြီ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။

"ဒါရိုက်တာလင်း..ခုကစပြီးတော့ ကျွန်တော်တို့က လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်လာတော့မှာဆိုတော့ကျေးဇူးပြုပြီး ဂရုစိုက်ပေးပါဦးဗျ"

ရှန်းဝန်ကျုံးမှ ယဉ်ကျေးစွာ လက်ဆွဲနှုတ်ဆက်လိုက်၏။

အကယ်၍ သူတို့၏ လုပ်ငန်းဝါစဉ်အရဆိုပါက လင်းရီမှ ထိုသို့ အရင်ဆုံး လက်ဆွဲနှုတ်ဆက်ရန် ကမ်းလှမ်းရပေမည်။

သို့သော်လည်း နှစ်ဦးလုံးမှာ လင်းရီ၏အခြေအနေအကြောင်း ကောင်းစွာသဘောပေါက်ထားကြသည်။ သူတို့ မနေ့တုန်းက အဆောက်အဦးထဲတွင် ဖြစ်ပျက်ခဲ့သည်များကို ကြားသိပြီးဖြစ်၏။

ဒါရိုက်တာရှန်းကိုယ်တိုင်ပင် ချီးမြင့်မြှောက်စားခြင်းပြုရသောကြောင့် သချာပေါက် သာမန်လူတော့ မဖြစ်နိုင်ပေ။

တစ်ချိန်တွင် သေချာပေါက် မိုက်ခရိုဆော့ဖ်၏ ဒုဥက္ကဋ္ဌ အမှုဆောင် ဖြစ်လာနိုင်မည့် လူဖြစ်၏။

လက်ရှိ မားကတ်တင်းဌာန၌ တာဝန်ထမ်းဆောင်မည်ဆိုသည်မှာလည်း ယာယီမျှသာ။

ထို့ကြောင့် သူတို့နှစ်ယောက်မှ ရှေ့ရေးကိုကြိုမြင်၍ ယခုလို ချိုသာယဥ်ကျေးနေကြခြင်းပင်။

"ခင်များတို့နှစ်ယောက်က ယဥ်ကျေးလွန်းနေပါပြီ...ခုကစပြီး လုပ်ဖော်ကိုင်ဖက်တွေ

ဖြစ်လာတော့မှာဆို တော့ အချင်းချင်း ဖေးမကြတာပေါ့ဗျာ..."

ထိုသို့ပြောပြီးနောက် လင်းရီ နှစ်ယောက်စလုံးနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။

ဒေါက် ဒေါက် ဒေါက်...

"ဝင်ခဲ့..."

ရုံးခန်းတံခါးခေါက်သံ ထွက်ပေါ်လာပြီး ရှန်းထျန်းကျိုးမှ ဝင်လာရန် အမိန့်ပေးလိုက်၏။

သို့နှင့် သူ၏ အတွင်းရေးမှူး ဂျက်ဆီကာမှာ တံခါးကိုတွန်းဖွင့်၍ အထဲသို့ ဝင်လာခဲ့လေသည်။

"ဒါရိုက်တာရှန်း ..ဒါရိုက်တာရှောင်းရဲ့ အတွင်းရေးမှူးက ခုလေးတင် ကျွန်မဆီကို

ရောက်လာခဲ့ပါတယ်...သူမပြောတာကတော့ ဖောက်သည်က ရောက်လာနေပါပြီတဲ့...ပြီးတော့ ဘယ်ချိန်ရောက်လာမလဲဆိုတာလည်း စောင့်မျှော်နေပါတယ်တဲ့ရှင့်..."

"ကျွန်မ ခုချက်ချင်းပဲ သွားလိုက်မယ်..."ရှောင်းကျယ် နားထောင်ပြီးနောက် ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

"ဒါရိုက်တာရှောင်း ..ကျုပ်တစ်ခုလောက် မေးချင်လို့...ခင်များ သွားတွေ့မယ့် ဖောက်သည်က ကျောက်ကျိန်းရန်လို့ ခေါ်တဲ့ အာရှသားမလား..."

## အခန်း (၃၁၃)

ရှောင်းကျယ် အနည်းငယ် အံ့အားသင့်သွားခဲ့သည်။ သူမ ယနေ့ သွားတွေ့မည့်သူကို လင်းရိမှ သိနေလိမ့်မည်လို့ ထင်မထားချေ။

"အွန်း...ကိုယ်စားလှယ်ရဲ့ နာမည်ကတော့ ကျောက်ကျိန်းရန်လို့ ခေါ်တာပဲ...မစ္စတာလင်းက တစ်ခုခုလိုအပ်တာများ ရှိလို့လား.."

လင်းရိ ပြုံးလိုက်ပြီး "အထွေထူးကြီးတော့ မဟုတ်ပါဘူး..ခင်များရဲ့ အတွင်းရေးမှူးကို ပြောလိုက်..သူတို့ကို ကျုပ်ကိုယ်တိုင် လာတွေ့မယ်လို့..."

"ဘော့စ်လင်း..ဒါက ပါမွှားလေးပါ..ရှင့်ကို ဒုက္ခပေးဖို့ မလိုပါဘူး..."ရှောင်းကျယ်မှ ပြောလိုက်၏။

"အဆင်ပြေပါတယ်...ဒီနေ့က ကျုပ်အလုပ်စဆင်းတဲ့ ပထမနေ့ဆိုတော့ တစ်ခုခု လုပ်ဖို့ လိုတယ်လေ..."

ရှောင်းကျယ် ခေါင်းညိမ့်လိုက်ပြီး "ဂျက်ဆီကာ ..ဟန်နာကို ဒါရိုက်တာလင်းက ခဏနေကျ ကိုယ်တိုင်ရောက်လာလိမ့်မယ်လို့ သွားပြောလိုက်..."

"ကောင်းပါပြီ..."

ဂျက်ဆီကာ ထွက်ခွာသွားပြီးနောက် လင်းရီ ရှန်းထျန်းကျိုးကို ကြည့်ကာ "ကျုပ် နောက်မှပဲ ခင်များနဲ့ ပရောဂျက်အကြောင်း လာဆွေးနွေးတော့မယ်ဗျာ..ခုတော့မိတ်ဟောင်းကြီးနဲ့ သွားတွေ့လိုက်ဦးမယ်...."

"ကြည့်ရတာတော့ ခင်များတို့တွေက ပတ်သက်မှုကောင်းတွေ ရှိသလိုပဲ..."ရှန်းထျန်းကျိုး ပြုံးလိုက်ပြီး "သူ့ကို အထူး အလေးပေးပြီးတော့ ကိုင်တွယ်မို့လား..."

"ဘယ်နားကသာ..လင်းရီ ခေါင်းခါရမ်းလိုက်ပြီး "တခြားကိစ္စလေးတွေပေါ့ဗျာ..."

"ဟုတ်ပါပြီ...အဲ့တာက ခင်များ တာဝန်ယူရတဲ့ အပိုင်းဆိုတော့ ကျုပ်ဘာမှ ဝင်မပြောတော့ဘူး..မစ္စတာလင်း ပြီးတာနဲ့ လာခဲ့လိုက်လေ..ကျုပ်တို့ သုတေသနအကြောင်းတွေ ဆက်ပြောကြတာပေါ့..."

"ဟားဟား...ကောင်းပါပြီဗျာ...."

နှုတ်ဆက်စကား ဆိုပြီးနောက် လင်းရီ၊ ရှန်းဝန်ကျုံးနှင့် ရှောင်းကျယ်တို့ အစည်းဝေးခန်းဆီ ဦးတည်လိုက်ကြသည်။

တစ်ချိန်တည်းတွင် ကျောက်ကျိန်းရန်နှင့် ချီနန်တို့ အစည်းဝေးခန်းထဲတွင် ထိုင်နေပြီး မိုက်ခရိုဆော့ဖ် မားကတ်တင်းဌာန၏ ဒါရိုက်တာ ရောက်လာ၍ လက်မှတ်ထိုးမည်ကို စောင့်နေကြသည်။

ထိုအချိန်တွင် အမျိုးသမီး အတွင်းရေးမှူး၊ ဟန်နှာ ရောက်လို့လာခဲ့၏။

"ကျေးဇူးပြုပြီး ခဏလောက် စောင့်ပေးပါဦးနော်..ကျွန်မတို့ရဲ့ အသစ်ခန့်ထားတဲ့ ဒုဥက္ကဋ္ဌ ကိုယ်တိုင်က လာပြီး လက်မှတ်ထိုးမှာမို့လို့ပါ..."

"ဘာပြောလိုက်တယ်...? အသစ်ခန့်ထားတဲ့ ဒုဥက္ကဌအသစ်က လာပြီးတော့ လက်မှတ်ထိုးမယ်..."

ကျောက်ကျိန်းရန် အံ့အားသင့်သွားခဲ့ပြီး သူနားကြား မှားလေသလောဟုတောင် ထင်မှတ်သွားခဲ့သည်။

သူတို့ ယခုပရောဂျက်ကို အလွန်အမင်းဂရုစိုက်နေသော်လည်း မိုက်ခရိုဆော့ဖ်လို ယူနီကွန်းကြီး၏ မျက်လုံးထဲတွင်တော့ ပါမွှားလေးသာ။ မားကတ်တင်းဌာန၏ လက်အောက်ခံ ဒါရိုက်တာက လက်မှတ်ထိုးလျှင်ပင် သူတို့အတွက် လုံလောက်နေပြီးသားဖြစ်၏။

သို့သော်လည်း အသစ် ခန့်အပ်ထားသည့် ဒု ဥက္ကဌမှာ သူတို့နှင့် ကိုယ်တိုင်ကိုယ်ကျ လာ ရောက်တွေ့ဆုံပြီး လက်မှတ်ထိုးလိမ့်မည်လို့ တောင် ထင်မထားခဲ့ချေ။

ကြည့်ရတာတော့ ဒီရဲ့ပရောဂျက်က မိုက်ခရို ဆော့ဖ်အတွက်လည်း အရေးကြီးတယ်နေ မှာ....

"ဟုတ်ပါတယ်..ကျွန်မတို့ရဲ့ ဒုဥက္ကဌကိုယ်တိုင် လာမှာပါ..."အမျိုးသမီး အတွင်းရေးမှူးမှ အ ပြုံးလေးဖြင့် ပြောလိုက်ပြီး "ပြီးတော့ သူကပဲ ကျွန်မကို ဒီသတင်းပြောဖို့ ခိုင်းလိုက်တာ လေ..."

"ဒါပေမယ့် ဒီရဲ့ ပရောဂျက်က မိုက်ခရိုဆော့ဖ် အတွက်ကျတော့ အသေးစားလေးပဲ မဟုတ်

လား...ဘာလို့ ဒုဥက္ကဌရာထူးမှာရှိတဲ့ လူကို တောင် ကိုယ်တိုင် လာရောက်လောက်တဲ့ အထိ ဖြစ်သွားတာလဲတဲ့ .."ကျောက်ကျိန်းရန် ဇဝေဇဝါဖြင့် မေးမြန်းလိုက်သည်။

"ကျွန်မလည်း သိပ်တော့ သေချာမသိဘူး..ဒါ ပေမယ့် အသစ်ခန့်အပ်လိုက်တဲ့ ဥက္ကဌအသစ် က ဟွာရှုလူမျိုးလို့တော့ ပြောသံကြား တယ်..ပြီးတော့ ရှင်တို့တွေကလည်း ဟွာရှုက ပဲ မလား...ဒါကြောင့်မို့ လူကိုယ်တိုင် လာတွေ့ တာ ဖြစ်လောက်တယ်..."

"ဒါရိုက်တာကျောက်..ကြည့်ရတာတော့ ကျောက်မိသားစုရဲ့ ဂုဏ်သတင်းတွေက နိုင်ငံခြားမှာတောင် ဘုန်းမီးနေလလို

ထွန်းပြောင်နေပြီနဲ့တူတယ်...,"ချီနန်အပြုံး လေးဖြင့် အသံနိမ့်၍ ပြောလိုက်သည်။

"အင်း...ငါလည်း အဲ့လိုထင်တာပဲ .ဒီရဲ့ ဥက္ကဌ က ဟွာရှကု..ဆိုတော့ သေချာပေါက် ငါတို့ ကျောက်မိသားစုအကြောင်း သေချာပေါက် ကြားဖူးနားဝတော့ ရှိမှာပဲ....ဟင် ဟျော င့်...သူက မိတ်ဆွေဖြစ်ချင်တဲ့ သဘောနဲ့ လာ တယ်လို့ ထင်လား..."

"ဖြစ်နိုင်လောက်တယ်..."ချီနန် ထောက်ခံ လိုက်သည်။

"သူ့ရဲ့ ရာထူးက ကြီးနေတယ်ဆိုရင်တောင်မှ သူတစ်ယောက်တည်းနဲ့ကျောက်မိသားစု ကြားထဲမှာ ကွာဟချက် အကြီးကြီးကတော့ ရှိနေတုန်းပဲလေ....ဒါရိုက်တာကျောက်ပြော

သလိုပဲ ကျုပ်တို့နဲ့ ရင်းနှီးချင်လို့ လာတာ ဖြစ်လောက်တယ်...ဒါပေမယ့် သူ့ကို မျက်နှာသာပေးတဲ့ အနေနဲ့ ကောင်းကောင်း ဆက်ဆံပေးသင့်တယ်လို့တော့ ထင်တာပဲ.."

"အဲ့တာကတော့ မင်းပြောနေစရာတောင် မလိုဘူး..."ကျောက်ကျိန်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး

"ဟိုကောင် လင်းရီလို ငါတို့ရှေ့မှာ သူ့အဆက်အသွယ်တွေနဲ့ ကြွားလုံးထုတ်ပြီးတော့ ကိုယ့်ကိုယ်ကျ ဘယ်လောက် သောက်ရှက်မဲ့တဲ့ကောင်လဲဆိုတာ မသိတဲ့သူလိုမျိုးများ ထင်နေလား..."

ချီနန်ပြုံးလိုက်ပြီး "ကျွန်တော့်အထင်တော့ ကျုပ်တို့ ဒီအခွင့်အရေးကို အသုံးချလို့ရမယ် ထင်တာပဲ..."

"ဘယ်လိုအသုံးချမှာ..."

"ဒုဥက္ကဌ ရောက်လာတဲ့အချိန်ကျရင် ကျုပ်တို့ စကားကောင်းကောင်းလေး ပြောလိုက်မယ်...ကျောက်မိသားစုရဲ့ နာမည်ဂုဏ်သတင်းတွေနဲ့ဆိုရင် သူလည်း ကျုပ်တို့အပေါ် မဖော်ရွေစရာ အကြောင်း မရှိဘူး...နောက်မှ သူနဲ့ ရင်းနှီးမှုကို အသုံးချပြီးတော့ ကျီချင်းရန်ရဲ့ ပရောဂျက်ကို ဖျက်ဆီးပစ်လိုက်မယ်လေ.."

ကျောက်ကျိန်းရန်မှာ လင်းရှီနှင့် ကျီချင်းရန်တို့ အမေရိကားကို ပရောဂျက်တစ်ခုအတွက် ရောက်လာသည်ဟု ထင်နေလေသည်။

အကယ်၍ သူသာ မိုက်ခရိုဆော့ဖ် မားကတ်တင်းဌာန၏ ဒုဥက္ကဌကို အပိုင်ကပ်ထားပါက ကျီချင်းရန်၏ ပရောဂျက်မှာလည်း တစ်နည်းတစ်ဖုံဖြင့် ဖျက်ဆီးပစ်ရန် အကြောင်းဖန်၍ ရနိုင်၏။

"အင်း..မင်းပေးတဲ့အကြံက သိပ်မဆိုးဘူး..."ကျောက်ကျုးန့်ရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "မင်းပြောတဲ့ အတိုင်းပဲ လုပ်ကြတာပေါ့ကွာ..."

ကျောက်ကျိန်းရန် လက်များကို ခေါင်းနောက်၌ ထားလိုက်ပြီး ထိုင်ခုံနောက်သို့ မှီလိုက်သည်။

သူ၏ ပရောဂျက်မှာ နောက်ဆုံးအခြေနေသို့ ရောက်ရှိနေပြီး လက်မှတ်ထိုးရန်သာ ကျန်ရှိ

တော့၏။ သို့သော်လည်း ဒုဥက္ကဌမှာ သူတို့ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်တွေ့ဆုံ လိမ့်မည်လို့တော့ ထင်မှတ်မထားခဲ့ချေ။ ယခု လိုပုံစံဖြင့် ဆိုပါက သူဟ္ဂာရှသို့ မပြန်မီ လင်းရီနှင့် ကျီချင်းရန်ကို သေအောင် ဆော့ကစား၍ ရတော့မည့်ပုံပင်။

"မစ်ဟန်နာ...ကျုပ်ခင်များကို ဒုဥက္ကဌ အသစ်အကြောင်းလေး မေးချင်လို့..ခင်များ သူ့အကြောင်း နည်းနည်းပါးပါးလေးများ မသိဘူးလား..သူဘာကြိုက်တတ်လဲတို့..ဘာဝါသနာရှိလဲတို့ပေါ့..."

"ကျွန်မလည်း သိပ်တော့ မသိဘူး..ဒါပေမယ့် သူက အရမ်းကို ဩဇာကြီးမားတဲ့သူဆိုတာ တော့ သေချာတယ်..."ဟန်နာပြောလိုက်ပြီး

"ကျွန်မ ရှင်တို့ကို လျို့ဝှက်ချက် နည်းနည်းလေး ပြောပြလိုက်မယ်။။..ခု ဒုဥက္ကဌ အသစ်ဆိုတာက မားကတ်တင်းဌာနမှာ ယာယီပဲနေမှာ...သိပ်မကြာခင် ကုမ္ပဏီက သူ့ကို အလုပ်အမှုဆောင် အရာရှိ တိုးပေးတော့မှာလေ...အဲ့ချိန်ကျ သူ့ရဲ့ ရာထူးက အရမ်းမြင့်မားသွားတော့မှာ.."

ဟစ်...

ထိုသတင်းကိုကြားတော့ ကျောက်ကျိန်းရန်နှင့် ချီနန်တို့ ရှော့ခ်ရသွားခဲ့ကြသည်။

သူတို့ ဟန်နာ ဆိုလိုချင်နေသည့် အဓိပ္ပာယ်ကို နားလည်ပေသည်။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာ၌မဆို ဒုဥက္ကဌ ရာထူး ရနိုင်သည့်လူမှာ ဆရာ့ဆရာကြီးများ ဖြစ်ကြ၏။

သူ၏ ဖခင်ဖြစ်သူပင် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် တွေ့ဆုံရမည်ဆိုပါက သေချာပေါက်ရိုကျိုးရမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ထိုမျှ အဆင့်အတန်းကြီးမားသည့် ပုံရိပ်ရှိသူက သူတို့ထံ ကိုယ်တိုင်ကိုယ်ကျ ရောက်လာပြီး လက်မှတ်လာထိုးလိမ့်မည်လို့ ထင်မထားခဲ့ချေ။

ဒါ..ဒါကြီးက မျက်နှာသာ ပေးလွန်းသွားပြီမဟုတ်လား...

"ဒါရိုက်တာကျောက်..ခု ပိုပြီးရှင်းလင်းသွားပြီ..တကယ်လို့ သူ့မှာသာ တိကျသေချာတဲ့ရည်ရွယ်ချက်မရှိဘူးဆိုရင် ကိုယ်တိုင်လာမှာတောင်မှ မဟုတ်လောက်ဘူး.."ချီနန်မှ ပြောလိုက်သည်။

"အမှန်ပဲ.."ကျောက်ကျိန်းရန် တည်ငြိမ်စွာ ထိုင်မနေနိုင်တော့ချေ။

အကယ်၍ ထိုသူသာ သူတို့ ကျောက်မိသားစုနှင့် ခင်မင်ရင်းနှီးချင်နေသည် ဆိုပါက လင်းရီနှင့် ကျီချင်းရန်တို့၏ ပရောဂျက်ကို ဖျက်ဆီးရန် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရုံနှင့် ကိစ္စပြတ်၏။

ထိုအကြောင်း တွေးမိသည်နှင့်တစ်ပြိုင်နက် ကျောက်ကျိန်းရန်မှာ အလွန်အမင်း စိတ်လှုပ်ရှားလာတော့သည်။

ချလပ်...

အစည်းဝေးခန်း၏ တံခါးမှာ ပွင့်ဟလာပြီး ကျောက်ကျိန်းရန် စိတ်လှုပ်ရှားစွာဖြင့် ထရပ်လိုက်သည်။

မကြာခင် ဒုဥက္ကဌ ဖြစ်ရန် လျာထားခြင်းခံရသည့်သူမှာ သူတို့မြင်ကွင်းရှေ့၌ ပေါ်လာပေတော့မည်။

ကျောက်ကျိန်းရန် မျှော်ကိုးတကြီးနှင့် အခန်းထဲဝင်လာသူကို လှမ်းကြည့်လိုက်၏။ သို့သော်လည်း ရောက်လာသူမှာ လင်းရှီဖြစ်နေကြောင်း အံ့အားသင့်စွာ မြင်တွေ့လိုက်ရလေသည်။

သူအစက ကျိန်ဆဲမိခါနီး ဖြစ်သွားသော်လည်း စကားလုံးများကို အချိန်မှီ ပြန်မျိုချကာမယုံကြည်နိုင်သည့် အကြည့်များဖြင့် မေးလိုက်မိသည်။

"လင်းရှီ.....မင်းလားကွ..."

"ဘယ်လိုလဲ ဒါရိုက်တာကျော်..ခင်များ သိပ်အံ့ဩသွားသလား..."

"နည်းနည်းလေးပါ..ဒါပေမယ့် ဘာမှ ကိစ္စမရှိဘူး.."ကျော်ကျိန်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး

"ငါမင်းကို ပြောပြလိုက်မယ်..ခုငါတို့နဲ့ စာချုပ်လက်မှန်လာထိုးမယ့်သူက မိုက်ခရိုဆော့ဖ်ရဲ့ မားကတ်တင်းဉက္ကဌ အသစ်နော်..."

"ပြီးတော့ သူဘယ်လောက်ထိ ဩဇာကြီးလဲဆိုတာ မင်းသိမှာတော့ မဟုတ်ဘူး..ဒါပေမယ့် မင်းသိအောင် ပြောပြပေးလိုက်မယ်..သူက မိုက်ခရိုဆော့ဖ်ကုမ္ပဏီရဲ့ ဒုဉက္ကဌ ရာထူးအတွက် ချာထားခြင်းခံရတဲ့သူကွ...အဲ့ လိုပုဂ္ဂိုလ်ကြီးက ငါနဲ့ လက်မှတ်လာထိုးတယ်

ဆိုတာက ဘာအဓိပ္ပာယ်လဲဆိုတာ မင်း နားလည်လား..."

လင်းရီ ပခုံးတွန့်လိုက်ပြီး "ဘာအဓိပ္ပာယ်လဲ ဆိုတာတော့ ငါမသိဘူး..ဒါပေမယ့် ငါဘာလို့ ဒီရောက်နေလဲဆိုတာကော မင်းသိချင်လား.."

"ဟမ်..."

ထိုအခါ ကျောက်ကျိန်းရန်နှင့် ချီနန်တို့ ကြက်သေသေသွားခဲ့ကြသည်။ သူတို့ ရှေ့ကို မျှော်တွေးပြီးပျော်နေသောကြောင့်လက်တွေ့ ကို သတိမမူမိလိုက်ချေ။

မိုက်ခရိုဆော့ဖ် မာကတ်တင်းဌာန၏ ဒါရိုက်တာရှောင်းကျယ် လင်းရီနောက်၌ ရပ်နေသည်မှာလည်း အနည်းငယ် ထူးဆန်း လှ၏။

"ဒါရိုက်တာရှောင်း..သူတို့က ကျုပ်ဘယ်သူလဲဆိုတာ မသိသေးဘူးထင်တယ်..ပြောပြလိုက်ပါဦး..."

ရှောင်းကျယ် ခြေတစ်လှမ်း ရှေ့တိုး၍ မိတ်ဆက်ပေးလိုက်ပြီး "မစ္စတာကျောက်. ရှင့်ရှေ့မှာရပ်နေတဲ့သူက မားကတ်တင်း၌ာနရဲ့ အသစ်ခန့်အပ်ထားတဲ့ ဥက္ကဌ ဒါရိုက်တာလင်းရှီပါပဲ..ခုနတုန်းက ရှင်ပြောလိုက်တဲ့ မိုက်ခရိုဆော့ဖ် ကုမ္ပဏီရဲ့ ဒုဥက္ကဌ ရာထူးအတွက် လျာထားခြင်းခံရတဲ့ ပုဂ္ဂိုလ်ကြီး ဆိုတာကလည်း ဒါရိုက်တာလင်းကလွဲပြီးတော့ တခြားသူ မဟုတ်ဘူး."

## အခန်း (၃၁၄)

"ဘာ...ဘာပြောလိုက်တယ်..."

"သူ...သူက မင်းတို့ရဲ့ဥက္ကဌ..."

"ဟုတ်တယ်...ငါပဲလေ..."

လင်းရီ ကျောက်ကျိန်းရန်ကို ပြုံးပြလိုက်ပြီး "ဘယ်လိုလဲ...အံ့ဩသွားလား..ရှော့ခ်ရသွားလား..စိတ်လှုပ်ရှားဖို့ကောင်းတယ်မဟုတ်လား ဟဲဟဲ..."

ကျောက်ကျိန်းရန် ခြေထောက်များ ပျော့ခွေသွားပြီး နောက်သို့ ယိုင်နဲ့သွားခဲ့၏။

အကယ်၍ ချီနန်သာ လက်မမြန်ပါက ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေပြီး ဖြစ်သည်။

"မင်း...မင်းလို သောက်ရှက်မရှိတဲ့ကောင်က ဘယ်လိုလုပ်ပြီး မိုက်ခရိုဆော့ဖ်ရဲ့ ဒုဥက္ကဋ္ဌဖြစ်ဖို့ အရည်ချင်း ပြည့်မှီလာတာလဲကွ..."ကျောက်ကျိန်းရန် လင်းရီကို လက်ညှိုးညွှန်၍ ကျိန်ဆဲလိုက်သည်။

"အိုက်ယား..နားဝင်ဆိုးတာတွေ ပြောနေပြန်ပါပြီ..ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက် အသစ်တွေက ဒီမှာရောက်နေတာကို ခင်များ အဲ့လိုပြောလိုက်တော့ ကျုပ်က နောက်ဆို ဘယ်မျက်နှာနဲ့ ဆက်လုပ်ရတော့မှာ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

ကျောက်ကျိန်းရန် : 'မင်းမှာ ရှက်တတ်တဲ့ မျက်နှာကော ရှိလို့လားကွ..'

"အိုး ဟုတ်သားပဲ..ဒါရိုက်တာကျောက်က ဒီမှာ စာချုပ်လက်မှတ် လာထိုးတာမ လား..လုပ်လေ..အဆင်ပြေရင် လက်မှတ်ထိုး ကြတာပေါ့..."

"ဟမ့်...မင်းက အဲ့လောက် သဘောကောင်း မယ်ပေါ့..."

"မဆိုးဘူး....ကြည့်ရတာတော့ ခင်များရာထူး က အလကားသပ်သပ် မဟုတ်ဘူးပဲ..ကျုပ် လက်မှတ် မထိုးပေးဘူးဆိုတာတောင် ကြိုသိ နေတယ်ဆိုတော့တော့..တကယ် မဆိုးဘူး "

"မင်း..မင်း..."

ကျောက်ကျိန်းရန်၏ ခန္ဓာကိုယ်မှာ တ ဆတ်ဆတ် တုန်ခါနေပြီး မျက်နှာမှာလည်း

သွေးဆုတ်ဖြူလျော်နေသည်။ ဒေါသထွက်လွန်း၍ စကားပင် ပြောမထွက်တော့ချေ။

"ဖူး..."

နီရဲလတ်ဆတ်သော သွေးများ ကျောက်ကျိန်းရန် ပါးစပ်ထဲမှ ပန်းထွက်လာခဲ့၏။

ချီနန် ရှော့ခ်ရသွားပြီး "ဒါရိုက်တာကျောက်...ဒါရိုက်တာကျောက်...! ကျုပ်ကို မခြောက်ပါနဲ့ဗျာ...ဒါရိုက်တာကျောက်!!!!!!"

ချီနန်မည်မျှပင် ကိုယ်ကိုလှုပ်ပြီးအော်ခေါ်နေစေကာမူ ကျောက်ကျိန်းရန်မှာ လုံးဝ မလှုပ်ရှားတော့။ ရှော့ခ်အကြီးကြီး ရသွားခဲ့သည့်ပုံပင်။

"လင်းရီ မင်းစောင့်နေ..ကျောက်မိသားစုက မင်းကို ဘယ်တော့မှ အလွှတ်ပေးမှာ မဟုတ်ဘူး..."

လင်းရီ "????"

ပရဟိတ ညစာစားပွဲမှာက ပထမအချီ၊ လေယာဉ်ကွင်းမှာက ဒုတိယအချီ ၊ ခုနဲ့ဆို သုံးချီတောင် မြောက်နေပြီ..ဒီကောင့်နှလုံးက နေသားမကျသေးဘူးလားကွ...

ဘာလို့ ဒီလောက်တောင် အားနည်းရပါလိမ့်...

အင်း ငါ့အမှားပါ ငါ့အမှား..ငါကိုက အဲ့လို မပြောလိုက်သင့်တာ...

ချိန် ကျောက်ကျိန်းရန်ကို ပခုံးမှတွဲ၍ ခေါ်သွားပြီးနောက် လင်းရီသူ၏ ကျောကို ဆန့်လိုက်သည်။

"ပရောဂျက်က ပြီးသွားပြီ..မင်းတို့လည်း ကိုယ့်အလုပ်ကို သွားလုပ်ကြတော့...."

ရှန်ဝန်ကျုံး:"...."

ရှောင်းကျယ် :"...."

သူမ မိုက်ခရိုဆော့ဖ်၌ နှစ်ပေါင်းများစွာ အလုပ်လုပ်လာခဲ့ပြီး စာချုပ်ပေါင်းများစွာကို လည်း ချုပ်ဆိုခဲ့ဖူးသည်။ အားလုံးမှာလည်း အောင်မြင်သည် နှင့် ရှုံးနိမ့်သည်ဟူ၍ ရလဒ် နှစ်ခုတည်းသာ ရှိ၏။

ယခုလို တစ်စုံတစ်ယောက်မှ စာချုပ်ချုပ်ရင်း သွေးအန်သွားသည်ကို ပထမဆုံးအကြိမ် မြင် ဖူးခြင်းပင်။

ဒီရဲ့ ဒါရိုက်တာလင်းက လုံးဝ မရိုးရှင်းဘူး...

အစည်းဝေးခန်းထဲမှ ထွက်လာခဲ့ပြီးနောက် လင်းရီ ရှန်းထျန်းကျိုး၏ ရုံးခန်းထဲသို့ သွားလိုက်သည်။

သို့သော်လည်း ရုံးခန်းထဲတွင်တော့ မည်သူတစ်ဦးတစ်ယောက်ကမျှ ရှိမနေခဲ့။ ဂျက်ဆီကာကို ခေါ်ပြီး မေးကြည့်တော့မှသာ ရှန်းထျန်းကျိုးမှ အစည်းဝေးသွားတက်ကြောင်း သိလိုက်ရ၏။

လင်းရီ လည်း ပျင်းရိလာသည်နှင့် ကျပန်းကွန်ပျူတာတစ်ခုကို သုံးကာ အလုပ်လုပ်နေလိုက်သည်။

မွန်းလွဲပိုင်းအချိန်ရောက်သည့်အချိန်တွင် ရှန်းထျန်းကျိုး ရုံးခန်းထဲသို့ ပြန်ရောက်လာခဲ့ပြီး

လင်းရဲ့ သူ့ရုံးခန်းထဲ၌ အလုပ်ရှုပ်နေသည်ကို မြင်တော့ သဘောကျသွားခဲ့၏။

"မစ္စတာလင်းလို ပါရမီကောင်းတဲ့သူတွေ ဒီလောက်ကြိုးစားနေတာကို ကျုပ်ခုမှပဲ မြင်ဖူးတော့တယ်ဗျာ..."

"မြှောက်ပင့်လွန်းနေပါပြီ...ကျုပ်က သူများဆီက လစာကို ယူထားပြီးမှတော့ ကိုယ့်တာဝန်ကို ကျေအောင်တော့ လုပ်ပေးသင့်တယ်လေ..ဒါရိုက်တာရှန်းက ကျုပ်ကို ဒီလောက်မြင့်တဲ့ ရာထူးကြီး ပေးထားမှတော့ တစ်ခုခုပြန်လုပ်ပေးသင့်တာ သဘာဝပဲ မဟုတ်လား..."

"ဟားဟား..ပြောတာကောင်းတယ်...အဲ့တာဆိုလည်း အတူတူအလုပ်လုပ်ကြတာပေါ့

ဗျာ..."ရှန်းချန်းကျိုး ပြောလိုက်ပြီး "ရိုးရိုးသား သားဝန်ခံရရင် ကျုပ်က မစ္စတာလင်းလောက် ကို ချစ်ပ်အကြောင်း ကောင်းကောင်းမသိ တာ..."

"ဒါရိုက်တာရှန်းလို လူမျိုးက ဒီလိုစကားမျိုး ပြောထွက်ဖို့ ဆိုတာ တော်ရုံလောက်နဲ့တော့ ရ မှာ မဟုတ်လောက်ဘူး.."

အဘယ်ကြောင့်ဆိုသော် ရာထူးကြီးမြင့်သူ၊ ပညာကြီးရင့်သူတို့မှာလည်း ပညာမာနနှင့်ပင်။ ကိုယ့်ထက် အရွယ်ငယ်သည့်သူကို သူတို့ လောက်မတတ်ဟု ဖွင့်ဟဝန်ခံရန်မှာ အင်မတန်မှ ခက်ခဲလှ၏။ ထို့ကြောင့် လင်းရီမှ ယခုလို ချီးကျူးလိုက်ခြင်းပင်။

"ဘာဆန်းလို့တုန်းဗျာ .သင်ယူလေ့လာနေတယ်ဆိုတာက ဘယ်တော့မှ ရပ်တန့်လို့ရတယ်ရယ်ရို မရှိဘူး..ဘယ်သူကမှ အလုံးစုံကို မတတ်ကျွမ်းနိုင်သလို..အထူးသဖြင့် မစ္စတာလင်းတို့လိုငယ်ရွယ်တဲ့ လူငယ်လေးတွေနဲ့ယှဉ်ရင်ပေါ့ဗျာ...အဲ့ခါကျ ကျုပ်တို့လည်း မောက်မာပြီးတော့ ဘဝင်မြင့်နေလို့ မရဘူး.."

ရှန်းထျန်းကျိုး ခဏရပ်တန့်၍ လေးနက်တည်ကြည်စွာဖြင့် "မစ္စတာလင်းက တကယ့်ကို ကျုပ်တို့ဟွာရှရဲ့အနာဂတ်ပဲ..."

"အဲ့လိုကြီးတော့ မပြောစမ်းပါနဲ့ဗျာ..ကျုပ်တို့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးမယ့် ဒါရိုက်တာရှန်းတို့လို လူမျိုးတွေလည်း အများ

ကြီး လိုအပ်ပါသေးတယ်..."လင်းရီလည်း လေးနက်စွာဖြင့် ဆိုလိုက်၏။

"ဟားဟား..ဒါပေါ့..အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့...ကျုပ်တို့အရွယ်ကောင်း တုန်းတော့ ရပ်တည်ပေးနိုင်လိမ့်မယ်..ဒါပေမယ့် ကျုပ်တို့ အိုမင်းမစွမ်းတော့တဲ့ အခါကျရင်တော့ ဒီတာဝန်တွေကို မစ္စတာလင်းတို့လို လူငယ်တွေလက်ထဲ ပခုံးလွှဲပြောင်းပေးခဲ့ရမှာပဲလေ..."

မွန်းလွဲနောက်ပိုင်းတွင်တော့ ရှန်းထျန်းကျိုး အစည်းဝေးနှစ်ခု တက်ရောက်ပြီး ရုံးခန်းထဲတွင် လင်းရီနှင့်အတူ code ရေးနေလေသည်။

ယခုလို အလုပ်အတူ တွဲလုပ်နေခြင်းမှ တစ်ဆင့် ရှန်းထျန်းကျိုးအပေါ် လင်းရီ၏

နားလည်သဘောပေါက်မှုတို့မှာလည်း ပိုမို နက်ရှိုင်းလာခဲ့သည်။

ကွန်ပျူတာသိပ္ပံနယ်ပယ်တွင် အနီ ရှန်းထျန်း ကျိုး၏ အောင်မြင်မှုများမှာ သူခန့်မှန်း မျှော်လင့်ထားသည်ထက်ကိုပင် ကျော်လွန်နေ လေသည်။

ထိုသို့သော ပုဂ္ဂိုလ်ကြီးတို့မှာ သုတေသန လုပ်ငန်းနှင့် ပတ်သက်လာလျှင် လိုချင်သည့် ရလဒ်ကို မရမချင်း ခေါင်းမာမာနှင့် မဆုတ် မနစ် စွဲမြဲလုပ်ဆောင်ကြ၏။ ထို့ကြောင့်လည်း ယခုလို အောင်မြင်မှုများ ရရှိနေခြင်းပင်။ လင်းရီ ထိုတစ်ချက်ကိုတော့ အတော်လေး အထင်ကြီးမိသွားသည်။

လုရင်းနှင့် စွန်းဖုယ္ဓိတို့ သူ့ကို အကြီးစား အကဲဖြတ် အမွှန်းတင်ကြသည်မှာ မထူးဆန်း တော့ချေ။ ထိုသူမှာ အမှန်တကယ်ကို ထိုက်တန်သူတစ်ဦးဖြစ်၏။

အကယ်၍ ရှန်းထျန်းကျိုးနှင့် သူ၏အသင်းကို သာ ဟွာရှသို့ ခေါ်သွားနိုင်မည်ဆိုပါက ပြည်တွင်း ချစ်ပ်နယ်ပယ်မှာ တရွေ့ရွေ့နှင့် ရှေ့သို့ တိုးတက်လာမည်မှာ မလွဲမသွေပင်။

လင်းရီနှင့် ရှန်းထျန်းကျိုးတို့ တစ်နေ့လည်ခင်း လုံးစကားများများစား မပြောကြချေ။ လင်းရီ လည်း ကျီချင်းရန်ထံ ဖုန်းဆက်ဖြင်းနှင့် အိမ်သာသွားခြင်းတို့မှအပ အခြားအပို အလုပ်များ လုပ်မနေပဲ code ရေးသားခြင်း တွင်သာ အာရုံပြုထားလေသည်။

လင်းရီ ရှန်းထျန်းကျိုးနဲ့ ထဲထဲဝင်ဝင် ပတ်သက်လေလေ၊ သူ့ကိုဟွာရှသို့ ခေါ်ဆောင်သွားနိုင်မည့် အခွင့်အရေးက မြင့်မားလေလေဖြစ်၏။

အကယ်၍ အလျှင်လိုမိပါက အရာအားလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် တစ်လှမ်းခြင်း မှန်မှန်လေး သွားသည်က အကောင်းဆုံး ရွေးချယ်မှုပင် မဟုတ်ပါလော။ ။

ညနေ လေးနာရီ ထိုးသည့် အချိန်တွင်တော့ လင်းရီ ကျောဆန့်လိုက်ပြီး ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ကျီချင်းရန်နှင့် ကွမ်းရာတို့မှာ ပြန်ရောက်လာတော့မည် ဖြစ်သောကြောင့် သူတို့မရောက်မီ

ဟိုတယ်သို့ သူအရင်ကြိုရောက်နှင့်ရန် လိုအပ်လေသည်။

"မစ္စတာလင်း..အဆင်ပြေရင် ဒီည ကျုပ်အိမ်မှာ ထမင်းလိုက်စားပါလား..အတူတူ တစ်ခွက်တစ်ဖလားလောက်ချရင်း code လည်း လေ့လာလို့ ရတာပေါ့.."

ရှန်းထျန်းကျိုးမှ ဖိတ်ခေါ်လိုက်၏။

"တော်ပြီ ကျေးဇူးပါ ဒါရိုက်တာရှန်း..ကျုပ်ဒီနေ့ တစ်နေ့လုံး အလုပ်လုပ်ထားတော့ တော်တော်လေး ပင်ပန်းနေပြီ..."

ထို့နောက် ရှန်းထျန်းကျိုးကို နှုတ်ဆက်စကားဆိုကာ မိုက်ခရိုဆော့ဖ်ထဲမှ ထွက်လာခဲ့လိုက်၏။

ဟိုတယ်သို့ ပြန်ရောက်လာသည့် အချိန်တွင်တော့ သုံးယောက်သား ညစာအတူ သုံးဆောင်လိုက်ကြသည်။ ထို့နောက် ကျီချင်းရန်နှင့် ကွမ်းရာတို့မှာ ဆိပ်ခံတံတားများ ပြန်လည်မွမ်းမံမည့် အကြောင်းအရာများကို အသေးစိတ် ဆွေးနွေးနေကြတော့၏။ လင်းရီကတော့ ဘေးတွင် အပယ်ခံဘဝလေးသို့ ရောက်နေရလေသည်။

တစ်ချိန်တည်းတွင် လင်းရီလည်း ဇဝေဇဝါတော့ ဖြစ်နေမိသည်။ သူ ကွမ်းရာကို ဤသို့ ခေါ်လိုက်ခြင်းမှာ အရန်ဇာတ်ပို့သရုပ်ဆောင် အနေနှင့် သူလိုချင်သည့် ပန်းတိုင်ရောက်အောင် အသုံးချရန်သာဖြစ်၏။ ယခုတော့ သူမတို့နှစ်ဦးမှာ အချေအတင်ကို ဆွေးနွေးနေ

ကြပြီး အလုပ်ကိစ္စနှင့် အတည်ကြီး ရောက်လာခဲ့သည့် ပုံစံဖြစ်နေလေသည်။

ကျီချင်းရန်မှ အလုပ်အပေါ်တွင် အာရုံရောက် နေသည်ကို မြင်တော့ လင်းရီလည်း နှောင့်ယှက်ချက်စိတ် ကင်းမဲ့စွာဖြင့် အခန်းသို့ ပြင်ကာ စောစောစီးစီး အိပ်ရာဝင်လိုက်၏။

ကလင် ကလင် ကလင်

နံနက်ခြောက်နာရီတွင် ကျယ်လောင်သော သူ၏ ဖုန်းမြည်သံကြောင့်လင်းရီ အိပ်စုံ မှုန်မွှားဖြင့် ဖုန်းထကိုင်လိုက်သည်။ ခေါ်လာ သည့်သူ၏ အမည်ကိုတွေ့တော့ လင်းရီ၏ ဦးနှောက်မှာ ချက်ချင်းဆိုသလို ကြည်လင် လာခဲ့တော့၏။

ခေါ်ဆိုလာသူမှာတော့ Cisco ၏ဉက္ကဌ၏ သားဖြစ်သူ ချောင်ရှန့်ယီမှတစ်ပါး အခြားသူမ ဟုတ်ချေ။

US တွင် နံနက် ၆ နာရီ ဖြစ်နေသောကြောင့် ချိုင်းနားတွင်တော့ ညပိုင်းအချိန်အခါ ဖြစ်ပေ လိမ့်မည်။

ဒီအချိန်ကြီးကျမှ ဘာလုပ်ဖို့ ခေါ်လာပါလိမ့်...

မိမိကိုယ်ကိုယ်မေးမြန်းရင်း စိတ်ငြိမ်ငြိမ်ထား ကာ ဖုန်းဖြေလိုက်သည်။

"ဟယ်လို ညီကိုလင်း..မစ္စတာလင်း. ကျုပ်ခင် များကို တလောတုန်းကပဲ ဖုန်းခေါ်ထားသေး တယ်..အဲ့တုန်းကပြောတော့ US ရောက်နေ တာဆိုတော့ ခုထိ ဟွာရှကို ပြန်မလာသေးဘူး လား..ကျုပ်ခင်များကို အတော်လေး သတိရ

နေတာ..."ချောင်ရှန့်ယွီ၏ အသံမှာ ဖုန်းထဲမှ ထွက်ပေါ်လာခဲ့၏။

လင်းရီ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထောင်ထသွားခဲ့သည်။

ငိုးပဲ မင်းက သတိရပြီး ဘာလုပ်မလို့တုန်း ကွ...

"အင်း ကျုပ်ခုထိ US မှာ ရှိတုန်းပဲ...ဒါပေမယ့် လေးငါးရက်ဆိုပြန်လာတော့မှာ ပူမနေနဲ့.."

"နှမြောစရာပဲ ကျုပ်က ဒီမှာ စီးလို့ကောင်း မယ့်မြင်း လေးတွေ့ထားလို့ အဲ့တာ ကိုယ့်လူ ကိုလည်း မျှပေးချက်တာနဲ့ ခေါ်လိုက်တာ..."ချောင်ရှန့်ယွီမှ နှမြောတသဖြင့် ပြော လိုက်သည်။

လင်းရီ နှုတ်ခန်းမှာ တွန့်ကွေးသွားခဲ့ပြီး

ဒါပေါ့...ဒီအချိန်ကြီး ဖုန်းဆက်လာမှတော့ အဲ့ကိစ္စကလွဲရင် ဘာများ ရှိနိုင်ဦးမှာလဲ..

"အဲ့ မြင်းစီးလို့ကောင်းတဲ့ ကောင်မလေးတွေကို ဘေးချိတ်ထားလိုက်စမ်းပါ.....ခုကျုပ်ရောက်နေတာက US..ဘယ်လမ်းကြားထဲသွားသွား အဲ့လိုမျိုးတွေက ပေါသောနေတာ..လူတောင် တော်တော်လေး ပြိုင်းနေပြီ..."

"ဟား..ညီကိုကတော့ အထင်လွဲနေပြန်ပြီ."ချောင်ရှန့်ယွီ ပြောလိုက်ပြီး "ကျုပ်က တကယ့် မြင်းတွေကို ပြောတာ...ခြေလေးချောင်းနဲ့ အမြီးပါတဲ့မြင်း..."

"အာ ဟားဟား..."လင်းရီ ကိုးရို့ကားယား ဖြစ်စွာ ရယ်မောလိုက်ပြီး

ငိုးပဲ..စကတည်းက ရှင်းရှင်းပြောလေကွာ..

"ဒါပေမယ့် မပူနဲ့ ကျုပ်သူငယ်ချင်းတစ်ယောက်ကို မြင်းကောင်း မြင်းသန့်လေးတွေ သိမ်းထားခိုင်းလိုက်မယ်...ညီကိုလင်း စိတ်ပါတဲ့ချိန် လာစီးလှည့်..."

"ဒါပေါ့ ဒါပေါ့..အဲ့လိုဆိုလည်း ညီကိုချောင်ကို ကျေးဇူးတင်သွားပြီ..."

"အားနာနေပြန်ပါပြီ..ကျုပ်တို့က တစ်လှေတည်းစီးနေတဲ့ သူတွေပဲမလား..သူစိမ်းဆန်စရာ မလိုပါဘူးဗျာ..."

"ဟားဟား..သေချာတာပေါ့...အဲ့တာဆိုလည်း ညီကိုချောင်နဲ့ နောက်မှ အတူသောက်ကြတာပေါ့.."

ချောင်ရှန့်ယွီနှင့် ဖောရှောရိုက်ပြီးနောက် လင်းရီ ဖုန်းတန်းချလိုက်သည်။

ထို့နောက် ရေချိုးခန်းထဲသို့သွားကာ ရေအေးအေးဖြင့် လန်းဆန်းသွားအောင် ချိုးပစ်လိုက်၏။

ချောင်ရှန့်ယွီ၏ လှည့်ကွက်မှာ အသိအသာကြီးပင်။ သူ၏ အကြိုက်ကို သတိပြုမိပြီးနောက်တွင် လင်းရီကို တစ်နည်းနည်းဖြင့် ချဉ်းကပ်လာပြီး သူ၏ ရည်ရွယ်ချက်ရရှိအောင် ကြံဆောင်လာပေလိမ့်မည်။

"ဖက်ခ်ပဲကွာ..."

လင်းရီကျိန်ဆဲလိုက်ပြီး "ရှန်းထျန်းကျိုး ကိစ္စတောင် မပြီးသေးပါဘူးဆိုနေမှ ခုနောက်ထပ်ရှုတင် တစ်ခုကလည်း ပေါ်လာပြန်ပြီ...ဟွာရှ

မှာသာ ငါသွားသရုပ်ဆောင်လို့ကတော့ တစ်နှစ်ကို ဘီလီယမ်တစ်ရာလောက် ရမယ်ထင်တာပဲ... "

## **အခန်း (၃၁၅)**

လင်းရီ ရေချိုးပြီးခါရှိသေး သူ၏ အခန်းတံခါးကို တစ်ယောက်ယောက် လာခေါက်သည့် အသံကြားလိုက်ရသည်။

တံခါးဖွင့်ကြည့်လိုက်သောအခါ ကျိချင်းရန်မှ အပြင်၌ ရောက်နေပြီး နံနက်စာ သွားစားရန် လာခေါ်ခြင်းဖြစ်၏။

နောက် နှစ်ရက်လောက်အထိကတော့ သုံးယောက်လုံး၏ နေ့ရက်များ ဖြတ်သန်းပုံမှာ ရိုးရိုးစင်းစင်းလေးပင်။

ကျီချင်းရန်နှင့် ကွမ်းရာတို့ကတော့ ပရောဂျက်ကိစ္စနှင့် နပန်းလုံးနေပြီး လင်းရီကတော့ မိုက်ခရိုဆော့ဖ်နှင့် ဟိုတယ်ကို ပြောင်းပေါက်အောင် တစ်လှည့်စီ ကူးနေလေသည်။

သို့သော်လည်း ကျီချင်းရန်၏ အမြင်တွင်တော့ လင်းရီမှာ ဟိုတယ်၌ နေတာများ၍ ကြာလျှင် မှိုတက်လာတော့ဟုတောင် ထင်နေသည်။ ယင်းက သူမကို အလွန်အမင်းအပြစ်ရှိသည်ဟု ခံစားရစေ၏။

လင်းရီ ဘက်မှလည်း နောက်နှစ်ရက်လောက်အထိ မည်သည်ကိုမျှ မလှုပ်ရှားပေ။

Code ရေးလိုက်၊ ရှန်းထျန်းကျိုးနှင့် မွေးရပ်မြေအကြောင်း ဆွေးနွေးလိုက်နှင့် သူငယ်ချင်းဟောင်းကြီးများကဲ့သို့ ဖြစ်နေကြသည်။

လင်းရီ စနစ်မှသူ့ကို ပညာရှိ ဉာဏ်ပညာအားချီးမြှင့်ပေးထားသောကြောင့် အလွန်အမင်းကျေနပ်မိသည်။ ယင်းက သူ့ကို ကွန်ပျူတာအကြောင်းများအပြင် အခြားနယ်ပယ်တော်တော်များများကိုလည်း တီးမိခေါက်မိ ရှိစေ၏။

အခြားတစ်ဖက်တွင်တော့ ရှန်းထျန်းကျိုးမှာ လင်းရီ၏ ဗဟုသုတ နှံ့စပ်ကျွမ်းကျင်မှုကို ပါးစပ်အဟောင်းသားဖြစ်နေမိသည်။

အသက်နှစ်ဆယ် အရွယ်မျှသာရှိသေးသော အနီလူရွယ်လေးက အဘယ်ကြောင့် များပြားလှသည့် အသိပညာတို့ကို နှံ့စပ်နေပါသနည်း။

သူ လင်းရီနှင့် စကားပြောကြည့်လေလေ၊ သူ့ကိုယ်သူ လင်းရီနှင့် နှိုင်းယှဉ်ရန် မထိုက်တန်ဟု ခံစားမိလာလေလေ ဖြစ်လာခဲ့၏။

အကယ်၍ ယခုလိုအတိုင်း ဆက်သွားမည်ဆိုပါက လင်းရီမှာ အချိန်တိုလေးအတွင်း မိုက်ခရိုဆော့ဖ်၌ ထွန်းတောက်လာမည့် ကြယ်တစ်ပွင့် ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ရုံးခန်းထဲတွင်တော့ ပရင်တာမှာ အသံမြည်နေပြီး လင်းရီ မှ စာရွက်စာတမ်းအချို့ကို ထုတ်လိုက်သည်။ သို့သော်လည်း ထို

စာရွက်စာတမ်းများကို ရှန်းထျန်းကျိုးထံသို့ ကမ်းမပေးခဲ့။

ရှန်းထျန်းကျိုးကလည်း လာမစပ်စုချေ။ တစ်ပါးသူ၏ ကိုယ်ရေးကိုယ်တာ ဖြစ်သောကြောင့် သူလည်း ဝင်မစွက်ဖက်ချင်ပေ။

"ပြီးပြီ..."

ထိုနေ့လည်ခင်းတွင်တော့ လင်းရီ ပျင်းရိစွာ အညောင်းဆန့်လိုက်၏။ ရှန်းထျန်းကျိုးကတော့ သူ့ဘေးနားတွင် ရပ်နေပြီး စခရင်ပေါ်ရှိ code များကို အားပါးတရ ကြည့်ရှုနေလေသည်။ သူ၏ မျက်လုံးထဲတွင် ထိုcode များက နှင်းဆီပွင့်များ တန်ဖိုးကြီးမားသည့် စိန်များထက်ပင် ပို၍ ဆွဲဆောင်မှု ရှိနေတော့၏။

"မစ္စတာလင်း..ခင်များကတော့ တကယ့်ကို တစ်ခုခုပဲ.."ရှန်းထျန်းကျိုးက သက်ပြင်းချ လျက် ပြောသည်။

"ကျုပ်ရဲ့ R&D အသင်းက ဒီတာဝန်ကို ပြီးဖို့ သုံးလလောက် အချိန်ယူလိုက်ရတယ်..ဒါပေမယ့် မစ္စတာလင်းက သုံးရက်ထဲနဲ့ ပြီးသွားလိမ့်မယ်လို့တောင် ထင်မထားဘူး..ခင်များနဲ့ အလုပ်အတူ တွဲလုပ်ရတာကိုက ကျုပ်အတွက် ဂုဏ်ယူစရာ ဖြစ်နေပြီ..."

ရှန်းထျန်းကျိုး အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့သည်။

သူ့ဤနေရာ၌ နေခြင်းမှာ လုပ်ဖော်ကိုင်ဖက် အသစ်များ ရှာဖွေရန်ဖြစ်၏။

လင်းရီနှင့် ဆုံတွေ့ရသည်မှာ နတ်ဘုရားမှ ဖန်ဆင်းပေးလိုက်သည့် အခွင့်အလမ်းကြီး ပင်။

ထို့ပြင် နှစ်ယောက်စလုံးမှာလည်း တစ်မြို့ တည်းမှ ပေါက်ဖွားလာသူများ ဖြစ်ကြ၏။ ယင်းက သူတို့နှစ်ယောက်ကို ပို၍ ခင်တတ်တည့် သွားစေသည်။

"ဒါရိုက်တာရှန်းက ယဉ်ကျေးလွန်းနေပါပြီ..ဒါက အသေးမွှားလေးပါ.."လင်းရီ ပြောလိုက်ပြီး "ခင်များထင်နေသလောက်လဲ အထင်ကြီးဖို့ မကောင်းပါဘူး.."

"မစ္စတာလင်း..ခင်များကတော့ နိမ့်ချလွန်းနေပါပြီ..."ရှန်းထျန်းကျိုးပြောလိုက်ပြီး "ကျုပ်ခုပဲ မစ္စတာလင်းရဲ့ ရာထူးနဲ့ ပတ်သက်ပြီးတော့

သွားတင်ပြလိုက်မယ်...မစ္စတာလင်းရဲ့ အရည်အချင်းတွေနဲ့ဆိုရင် အမှုဆောင် ဒု ဥက္ကဌ ရာထူးဆိုတာတောင်မှ နိမ့်ချသလို ဖြစ်နေပြီ...."

"ရပြီ သွားပြောမနေနဲ့တော့.."လင်းရီ ပြော လိုက်ပြီး "ကျုပ်က မကြာခင် ဒီကနေထွက် သွားတော့မှာ..."

"ထွက်သွားမယ်..."ရှန်းထျန်းကျိုး ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့သည်။ လင်းရီမှ ထိုစကားမျိုး ပြောလာလိမ့်မည်လို့ သူ ထင်မ ထားခဲ့။

သူနဲ့ လင်းရီက အတော်လေး ဓာတ်တည့်နေ တာ မဟုတ်ဘူးလား..ခုမှ ရောက်တာ လေးငါး

ရက်ပဲရှိသေးတယ်..ဘာလို့ ထွက်တော့မှာလဲ တဲ့..

"ကျုပ်ဟွာရှကို ပြန်တော့မှာ..."

ယင်းက လင်းရီ နဂိုကတည်းက ချမှတ်ထား သည့် အစီအစဉ်ပင်။

ရှန်းထျန်းကျိုးမှာ ဖိုတိုလီတိုဂရပ်ဖီ ပရော ဂျက်၏ အခရာဖြစ်သော်လည်း သူ့ကိုရရှိဖို့ အတွက်နှင့်တော့ အချိန်အများကြီး ဖြုန်း လိမ့်မည် မဟုတ်ချေ။

သူဤနေရာ၌ အချိန် သီတင်းတစ်ပတ်ခန့် ဖြုန်းပြီး တတ်နိုင်တာ အားလုံးကို ပြုလုပ်ပြီး ဖြစ်၏။ ကျန်သည်ကတော့ ကံစီမံရာပင်။

ထို့ကြောင့် လင်းရီ သူ၏ ကတ်ကို စားပွဲပေါ် တွင် လှန်ရန် ဆုံးဖြတ်လိုက်၏။

"ဘာလို့ပြန်မှာ..အဲ့မှာ ပိုကောင်းတဲ့ အခွင့်အလမ်းတွေ ပေါ်လာလို့များလား..."

လင်းရီ တိုက်ရိုက် မဖြေခဲ့။ ထို့အစား ရှန်းထျန်းကျိုးကို တောက်လောင်နေသော မျက်ဝန်းတစ်စုံဖြင့် ကြည့်လိုက်ပြီး "ဒါရိုက်တာရှန်း..တကယ်လို့ တစ်စုံတစ်ယောက်က ခင်များကို ရန်ပုံငွေအကန့်အသတ်နဲ့ ခင်များရဲ့ R&D အသင်းကို လွတ်လပ်မှု အပြည့်ပေးမယ်ဆိုရင် ခင်များကော ပြန်ဖို့ ဆန္ဒရှိမလား..."

စင်စစ်တွင်တော့ လင်းရီ ယခုလိုမေးခွန်းမျိုးကို အစကတည်းက မေး၍ ရသည်။

သို့သော်လည်း စွန့်စားရာကျလွန်း၏။

ရက်ပေါင်းများစွာ အလုပ်တွဲလုပ်ပြီးနောက် နှစ်ဦးမှာ ပိုမိုရင်းနှီးလာခဲ့သည်။ ထိုရင်းနှီး

ပတ်သက်မှုကို အသုံးချ၍ ယခုအချိန်မှ ထုတ်ပြောလျှင် အောင်မြင်နိုင်ချေ ပိုများ၏။

"ဘယ်လိုလုပ် အဲ့လောက် ကောင်းတဲ့ အခွင့်အလမ်းမျိုး ရှိနိုင်မှာလဲ..နောက်မနေစမ်းပါနဲ့..."

ရှန်းထျန်းကျိုး သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "ခနရှင်တွေ၊ အကောင်ကြီးကြီးတွေက ငပိန်းတွေ မဟုတ်ဘူး..အကျိုးမြတ်ကို မမြင်ဘဲနဲ့ ဘာမှ ရင်းနှီးမြှုပ်နှံမှာ မဟုတ်ဘူး..."

"ဒါပေမယ့် မမေ့နဲ့ဦးလေ..ဒီနေရာက အမေရိကား..ဒီက ခနရှင်တွေ အကောင်ကြီးကြီးတွေကကော သာပြီး ထူးသွားမယ်လို့ ထင်လား.."လင်းရီ ပြောလိုက်ပြီး "ငွေကြေးက သူ

တို့ အရိုးအသားထဲထိတောင် စိမ့်ဝင်နေပြီး ပြီ..."

ရှန်းထျန်းကျိုး တိတ်ဆိတ်သွားခဲ့သည်။ သူ အမေရိကား၌ နေထိုင်လာသည်မှာ ကြာပြီဖြစ်သောကြောင့် ထိုငွေရှင်ကြေးရှင်တို့ မည်မျှကြောက်ဖို့ကောင်းသည်ကို နားလည်ပေသည်။

သူကိုယ်တိုင်ပင်လျှင် မိုက်ခရိုဆော့ဖ်၏ အမှုဆောင် ဒုဥက္ကဋ္ဌဖြစ်နေသော်လည်း ထိုသူတို့၏ မျက်လုံးထဲတွင်တော့ အဆင့်မြင့်စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးသည့် စက်တစ်ခုထက် မပိုပေ။

သူတို့ ပြောပြောနေကြသည့် လွတ်လပ်ခွင့် ဆိုသည်မှာ လူကြားကောင်းအောင် လျှောက် ပြောနေကြသည့် စကားလုံးများသာဖြစ်၏။

လင်းရီ ပြတင်းပေါက်၌ မတ်တပ်ရပ်၍ စီးကရက်တစ်လိပ်ကို မီးညှိကာ အောက်ရှိ မြင်ကွင်းများကို ရှေးရှုရင်း အထီးကျန်ဆန် ဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါရိုက်တာရှန်း..ကျုပ်တို့က တစ်လှေတည်း စီးနေကြတဲ့ ခရီးသွားတွေပါ...တကယ်လို့ ကျုပ်မှာသာ သင့်လျော်တဲ့ အခွင့်အလမ်းမရှိ ဘူးဆိုရင် နိုင်ငံကိုပြန်ဖို့ ရွေးချယ်မယ်လို့ ထင် လား... "

ပြောပြီးနောက် လင်းရီ နောက်ပြန်လှည့်ကာ ရှန်းထျန်းကျိုးကို ကြည်လင်နက်နဲသော

မျက်ဝန်းတို့ဖြင့် ကြည့်လိုက်ပြီး "ကျုပ်တို့နှစ်ယောက်က ရက်အနည်းငယ်လောက်ပဲ အတူအလုပ်လုပ်ခဲ့တယ်ဆိုပေမယ့် ကျုပ်တကယ့်ကို ငယ်ပေါင်းကြီးဖော်တွေလို ခံစားရတယ်...ခင်များနဲ့ မခွဲချင်ပါဘူး.."

"သူတို့က မစ္စတာလင်းကို အဲ့လိုပဲ ကတိပေးသလား.."

လင်းရီ တိုက်ရိုက်မဖြေပဲ ရှန်းထျန်းကျိုးကို မျှော်လင့်ချက်များ ပြည့်နှက်နေသည့် မျက်ဝန်းတို့ဖြင့် ကြည့်လိုက်ပြီး "ဒါရိုက်တာရှန်း..တကယ်ကြီး အဲ့လိုအခွင့်ရေးမျိုး ရှိလာခဲ့ရင် ခင်များဆိုရင်ကော ဘယ်လိုရွေးချယ်မလဲ..."

"ဟား....."

ရှန်းထျန်းကျိုး ရယ်မောလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိကာ "အဲ့လောက်ကောင်းတဲ့ အခွင့်အလမ်းရှိလို့ကတော့ ဒါပေါ့..သေချာပေါက် ပြန်မှာပေါ့..."

"သေချာလို့လား.."လင်းရီ မေးလိုက်သည်။

"သေချာတယ်..."ရှန်းထျန်းကျိုး အပြုံးလေးဖြင့် ပြောလိုက်ပြီး "တကယ်လို့ သူတို့ကသာ လုံလောက်တဲ့ ထောက်ပံ့ငွေနဲ့ လွတ်လပ်ခွင့်သာ ပေးမယ်ဆိုလို့ကတော့ ဒီမှာကို မနေဘူး..."

"ဟား...."

လင်းရီ ရယ်မောလိုက်ပြီး ရှန်းထျန်းကျိုးကို စိတ်လှုပ်ရှားစွာဖြင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

"အဲ့လိုဆိုလို့ကတော့ ဒါရိုက်တာရှန်း..လုံရှင်း သုတေသန စင်တာရဲ့ကိုယ်စား ကျုပ်ကပဲ ခင်များကို ကျုပ်တို့နဲ့ ပူးပေါင်းဖို့ ဖိတ်ခေါ်ပါရစေ... "

"ဟမ်..."

ရှန်းထျန်းကျိုး ကြက်သေသေသွားခဲ့သည်။

သူ ရင်းနှီးနွေးထွေးသော သူငယ်ချင်းဆက်ဆံရေးအကြောင်း ရိုက်ကူးထားသည့် ကာတွန်းကားကို ကြည့်နေစဉ် ရုတ်တရက်ကြီး သတိမပေးဘဲ ဒိုင်နိုဆောဥယျာဉ်သို့ ပြောင်းလဲသွားသလို ခံစားလိုက်ရ၏။

ဒါကြီးက ဘယ်လိုငရဲလဲဟ...

"သေချာမကြားလိုက်ဘူးလား.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ကျုပ်ကိုယ့်ကို မိတ်

ဆက်ပေးပါရစေ...ကျုပ်က ကျိုးဟိုင် လုံရှင်း သုတေသနစင်တာရဲ့ ဥက္ကဌ လင်းရီ ပါ..ဒါရိုက်တာရှန်းကို ကျုပ်တို့နဲ့ ပူးပေါင်းဖို့ ဖိတ်ခေါ်ပါရစေ"

"မစ်..မစ္စတာလင်း..ခင်များက လုံရှင်း သုတေသနစင်တာရဲ့ ဥက္ကဌ..."ရှန်းထျန်းကျိုး အကြည့်များ ပြူးကျယ်သွားခဲ့သည်။ "အရင် တုန်းကလည်း လူနှစ်ယောက်လာပြီးတော့မှ သူတို့ကလည်း လုံရှင်း သုတေသန စင်တာက ပါလို့ ပြောဖူးသေးတယ်..."

"အမှန်ပဲလေ..သူတို့ကလည်း ကျုပ်လူတွေ..ဒါ ပေမယ့် မအောင်မြင်လို့ ဒီတစ်ကြိမ် ကျုပ် ကိုယ်တိုင် ရောက်လာခဲ့တာ..."

ရှန်းထျန်းကျိုး တခဏမျှ ကြောင်အနေ၏။ သူ ရုတ်တရက် ထောင်ချောက်ထဲသို့ သက်ဆင်းမိသလို ခံစားလိုက်ရသည်။

"ဒါဆို မိုက်ခရိုဆော့ဖ်ကို လာခဲ့တာကလည်း ကျုပ်နဲ့ နီးကပ်အောင်လို့ပေါ့..."

"အင်းအဲ့လိုပါပဲ..တည့်တိုးကနေ မရမှတော့ ထောင့်ကွေးကနေ ချဉ်းကပ်ရမယ်လေ..."

ထို့နောက် လင်းရီ လေးနက်တည်ကြည်သည့် အမူအရာဖြင့် သူ၏ အိတ်ကပ်ထဲမှ USB drive ကို ထုတ်လိုက်ပြီး "ဒါက ကျုပ်တို့ရဲ့ ချစ်ပ်ဗားရှင်း ၂.၀ intel ရဲ့ နောက်ဆုံးပေါ် နည်းပညာနဲ့တောင် ယှဉ်လို့ရတယ်..ဒါပေမယ့် ကျုပ်တို့ ဖိုတိုလီတိုဂရပ်ဖီစက်ကို ဝယ်ပြီး ထုတ်လုပ်တော့မယ့် အချိန်ကျ

တစ်ယောက်ယောက်က နောက်ကွယ်ကနေ ဝယ်လို့မရအောင် ပိတ်ဆို့ထားတယ်..ဒီတော့ ကျုပ်တို့လည်း ကိုယ့်ဘာကိုယ် လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်..."

"မစ္စတာလင်း ..ခင်များ လာနောက်နေတာ လား..ဖိုတိုလီတိုဂရပ်ဖီစက်ကို ကိုယ်တိုင် ထုတ်လုပ်ချင်နေတယ်ပေါ့...."

ရှန်းထျန်းကျိုး မယုံကြည်နိုင်ဖြစ်သွားပြီး တစ်ချိန်တည်းတွင် အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့သည်။

"ASML တောင်မှ ခုလက်ရှိ ကမ္ဘာ့အဆင့်မှီ စက်တစ်လုံးဖြစ်အောင် နှစ်တွေအများကြီး ကြိုးစားခဲ့ရတာ...ကျုပ်တို့သာ ဖိတိုလီတိုဂရပ် ဖီစက်ကို ကိုယ့်ဘာသာလုပ်မယ်ဆို အချိန်

ဘယ်လောက် ကြာမလဲဆိုတာ ဘယ်သူက သိမှာလဲ..."

"အဲ့တာတော့ အမှန်ပဲ.."လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ဒါပေမယ့် တစ်ယောက်ယောက်ကတော့ လုပ်မှဖြစ်မယ်လေ ..ဟုတ်တယ်မလား..."

လင်းရီ သက်ပြင်း တစ်ချက်ချပြီး "ဟွာရှရဲ့ အိမ်ခြံမြေတွေ ဘာလို့ ဈေးဒီလောက် ကြီးနေတယ်လို့ ထင်လဲ...အဲ့တာက ကျုပ်တို့ပြည်တွင်း GDP ကို တိုးတက်အောင် လုပ်ဖို့ မဟုတ်ဘူးလား..တစ်နေ့နေ့တစ်ချိန်ချိန် ဟွာရှရဲ့ ချစ်ပ်နယ်ပယ်သာ နိုင်ငံတကာရဲ့ ရှေ့ဆုံးကို ရောက်သွားခဲ့ရင် ဒီပြဿနာတွေက

အလိုအလျောက် ဖြေရှင်းပြီးသား ဖြစ်သွားလိမ့်မယ်...."

"ဟွာဝေး (Huawei)က ဥပမာကောင်းပဲ..အမေရိကန်က သူတို့ကို ဘယ်လို ဆက်ဆံလဲဆိုတာ အသိပဲ မဟုတ်လား.."

"ကျုပ်ယုံကြည်တယ် ..တစ်နေ့ ကျုပ်တို့ ပရောဂျက်ရဲ့ ရလဒ်သာ ထွက်လာခဲ့မယ်ဆိုရင် ခင်များရဲ့ မွေးရပ်မြေက အဝေးကနေ လှမ်းကြည့်လို့ရတဲ့ နေရာဖြစ်လာလိမ့်မယ်..ခင်များ ဘယ်တော့မှ တကူးတကပြန်သွားစရာ မလိုတော့တဲ့ နေရာကနေပေါ့... "

**စာစဉ်(၂၁)ပြီး၏။**